မင်းစန္ဒ

ပုံပြ
# ကြီးပွားချမ်းသာ
# မင်္ဂလာ



၀၂

လူတိုင်းလိုက်နာကျင့်သုံးအပ်သော

သုံးဆယ့်ရှစ်ဖြာ မင်္ဂလာတရားကို

ခေတ်နှင့်အညီ ခေတ်မီစွာ စီစဉ်တင်ပြထားသည့်


## မင်းစန္ဒ


# ပုံပြ ကြီးပွားချမ်းသာ

# မင်္ဂလာ

---


ချမ်းသာစာပေ

အမှတ်- ၂၁၅-၃၈-လမ်း ရန်ကုန်မြို့

ဘာသာရေးစာမူ ခွင့်ပြုချက်အမှတ် (၁၄၁၂)
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် ( ၅၉ )

ပထမအကြိမ်
စက်တင်ဘာလ ၁၉၇၀

---

မျက်နှာဖုံးကို
ပန်းသစ္စာဘွင်ရိုက်နှိပ်သည်။
ပန်းချီ ဦးကိုလေး
မျက်နှာဖုံး ဘလောက် လွင်
အတွင်း ဘလောက် ရောင်နီဦး
တန်ဖိုး ၁၀–ကျပ်
အုပ်ရေ ၂၅၀၀

## ပုံနှိပ်/ထုတ်ဝေ

ဤစာအုပ်ကို မောင်ချို့ထွန်း (ခ) မောင်ကြည်မောင်ချို (မြ ၀၂၁၂၉) သပြေညိုစာပုံနှိပ်တိုက်၊ အမှတ် ၅၇၊ ဗိုလ်ကလေးဈေးလမ်း၊ ရန်ကုန်မြို့က တာဝန်ခံပုံနှိပ်၍၊ ဦးခင်မောင်ဝင်း (မြ ၀၂၂၂၅) ချမ်းသာစာပေလုပ်ငန်း ၂၁၅၊ ၃၇-လမ်း၊ ရန်ကုန်မြို့က ထုတ်ဝေသည်။

# မာတိကာ


**အကြောင်းအရာ** — **စာမျက်နှာ**

**နိဒါန်း** ၁၇
မင်္ဂလာဆိုတာ
ခွဲခြမ်းစိတ်ဖြာ မင်္ဂလာ
ဘာကြောင့် ထုတ်ဝေရသလဲ

**မင်္ဂလသုတ် ဖြစ်ပေါ်လာပုံ** ၂၁
ပါဠိတော်
အနက်
လူတိုင်းဖွေရှာ မင်္ဂလာ

**ပထမဒေသနာတော် မင်္ဂလာ (၃) ပါး** ၂၉
ပါဠိတော်
အနက်
အဓိပ္ပါယ်
မင်္ဂလာကဗျာ

(၁) လူမိုက်တို့ကို မပေါင်းဖေါ် မဆည်းကပ်ရခြင်း ၃၀
(အသေဝနာ စ ဗာလာနံ)
လူမိုက်ဆိုတာ ဘာလဲ
သာဓကဝတ္ထု

## မာတိကာ


**အကြောင်းအရာ** **စာမျက်နှာ**

(၂) ပညာရှိ လူလိမ္မာများကို မှီဝဲဆည်းကပ်ရခြင်း ၃၈
(ပဏ္ဍိတာနဉ္စ သေဝနာ)
ပညာရှိဆိုတာ ဘာလဲ
သာဓကဝတ္ထု

(၃) ပူဇော်ထိုက်သောသူများကို ပူဇော်ခြင်း ၄၃
(ပူဇာ စ ပူဇနေယျာနံ)
ပူဇော်ထိုက်သူ
ပူဇော်ခြင်း
ပူဇော်နည်း ၂-မျိုး
အကျိုးကျေးဇူး
သာဓကဝတ္ထု
ပထမဒေသနာတော် မင်္ဂလာ (၃)ပါး၏ နိဂုံးချုပ်
မှတ်ဖွယ်

**ဒုတိယဒေသနာတော် မင်္ဂလာ (၃) ပါး** ၅၁

ပါဠိတော်
အနက်
အဓိပ္ပါယ်
မင်္ဂလာကဗျာ

## မာတိကာ


အကြောင်းအရာ                                   စာမျက်နှာ

(၄) သင့်တင့်လျောက်ပတ်သော အရပ်၌နေရခြင်း ၅၂
(ပတိရူပ ဒေသ ဝါသောစ)
သင့်တင့်လျောက်ပတ်သောအရပ် (ပတိရူပ)
မနေသင့်သောအရပ် (အပတိရူပ)
သာဓကဝတ္ထု

(၅) ရှေးဘဝကမိမိပြုခဲ့ဖူးသော ကောင်းမှုရှိသူဖြစ်ခြင်း ၅၆
(ပုဗ္ဗေ စ ကတပုညတာ)
ရှေးဘဝ ကောင်းမှုရှိ-မရှိ သိနိုင်ပုံ
သာဓကဝတ္ထု

(၆) မိမိကိုယ်ကို ကောင်းစွာ စောင့်ရှောက်ရခြင်း ၆၀
(အတ္တသမ္မာ ပဏိဓိ စ)
အတ္တသမ္မာပဏိဓိဖြစ်အောင် ပြုလုပ်ပုံ
သာဓကဝတ္ထု
ဒုတိယဒေသနာတော်(၃)ပါး၏ နိဂုံးချုပ်မှတ်ဖွယ်

**တတိယဒေသနာတော် မင်္ဂလာ (၄)ပါး** ၆၃

ပါဠိတော်
အနက်
အဓိပ္ပါယ်
မင်္ဂလာကဗျာ

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| (၇) အကြားအမြင်များသူ ဖြစ်ရခြင်း | ၆၆ |
| (ဗာဟုသစ္စဉ္စ) | |
| လောကီဗာဟုသုတ | |
| လောကုတ္တရာဗာဟုသုတ | |
| သာဓကဝတ္ထု | |
| (၈) စက်မှုလက်မှုပညာ တတ်မြောက်ရခြင်း | ၇၀ |
| (သိပ္ပဉ္စ) | |
| သာဓကဝတ္ထု | |
| (၉) ကိုယ်ကျင့်ဝိနည်းတရား ကောင်းမွန်ခြင်း | ၇၄ |
| (ဝိနယော စ သုသိက္ခိတော) | |
| ဝိနည်းကျင့်ဝတ် (၂)-မျိုး | |
| သာဓကဝတ္ထု | |
| (၁၀) ချိုသာသောစကားတို့ဖြင့် ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုရခြင်း | ၇၆ |
| (သုဘာသိတာ စ ယာဝါစာ) စကား (၆)ခွန်း | |
| မှတ်သားထိုက်သော စကားကောင်း (၄) မျိုး | |
| သာဓကဝတ္ထု | |
| တတိယဒေသနာတော် မင်္ဂလာ(၄)ပါး၏ နိဂုံးချုပ်မှတ်ဖွယ် | |

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| စတုတ္ထဒေသနာတော် မင်္ဂလာ (၃) ပါး | ၇၅ |
| ပါဠိတော် | |
| အနက် | |
| အဓိပ္ပါယ် | |
| မင်္ဂလာကဗျာ | |
| (၁၁) မိဘတို့ကို ကောင်းစွာလုပ်ကျွေးရခြင်း | ၇၆ |
| (မာတာပိတု ဥပဋ္ဌာနံ) | |
| မိဘကျေးဇူး | |
| သားသမီးဝတ်ငါးပါး | |
| သာဓကဝတ္ထု | |
| (၁၂) သားမယားများကို ထောက်ပံ့ရခြင်း | ၉၁ |
| (ပုတ္တဒါရဿ သင်္ဂဟော) | |
| မိဘဝတ်ငါးပါး | |
| လင်ကျင့်ဝတ်ငါးပါး | |
| မယားကျင့်ဝတ်ငါးပါး | |
| သာဓကဝတ္ထု | |
| (၁၃) အနှောင့်အယှက်မရှိသော အလုပ်ကို လုပ်ကိုင်ရခြင်း | ၉၇ |
| (အနာကုလာ စ ကမ္မန္တာ) | |
| သာဓကဝတ္ထု | |

## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| စတုတ္ထဒေသနာတော် မင်္ဂလာ (၃) ပါး၏ | |
| နိဂုံးချုပ်မှတ်ဖွယ် | |
| **ပဥ္စမဒေသနာတော် မင်္ဂလာ (၄) ပါး** | ၁၀၁ |
| ပါဠိတော် | |
| အနက် | |
| အဓိပ္ပါယ် | |
| မင်္ဂလာကဗျာ | |
| (၁၄) စွန့်ကြဲပေးကမ်း လှူဒါန်းရခြင်း | ၁၀၂ |
| (ဒါနဉ္စ) | |
| သုံးတန်စေတနာ | |
| အကျိုးပေးပုံ | |
| ဒါနအကျိုး (၅) ပါး | |
| သာဓကဝတ္ထု | |
| (၁၅) သုစရိုက်တရားကို ကျင့်ရခြင်း | ၁၀၇ |
| (ဓမ္မ စရိယာ စ) | |
| ဒုစရိုက် (၁၀) ပါး | |
| သာဓကဝတ္ထု | |
| (၁၆) ဆွေမျိုးတို့အား ချီးမြှောက်ထောက်ပံ့ရခြင်း | ၁၁၁ |
| (ဉာတကာနဉ္စ သင်္ဂဟော) | |
| သင်္ဂဟတရား (၄) ပါး | |
| သာဓကဝတ္ထု | |

## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| (၁၇) အပြစ်မရှိသောအလုပ်ကို လုပ်ရခြင်း (အနဝဇ္ဇာနိ ကမ္မာနိ) သာခကာဝတ္ထု ပဥ္စမဒေသနာတော် မင်္ဂလာ (၄) ပါး၏ နိဂုံးချုပ်မှတ်ဖွယ် | ၁၁၅ |
| ဆဋ္ဌမဒေသနာတော် မင်္ဂလာ (၄) ပါး ပါဠိတော် အနက် အဓိပ္ပါယ် မင်္ဂလာကဗျာ | ၁၂၁ |
| (၁၈) မကောင်းမှုမှ ဝေးစွာရှောင်ကြဉ်ရခြင်း (အာရတိ ပါပါ) သာခကာဝတ္ထု | ၁၂၂ |
| (၁၉) မကောင်းမှုမှ အထူးရှောင်ကြဉ်ရခြင်း (ဝိရတိ ပါပါ) သာခကာဝတ္ထု | ၁၂၅ |
| (၂၀) မူးယစ်သောက်စားမှုမှ ဝေးစွာ ရှောင်ကြဉ်ရခြင်း (မဇ္ဇပါနာ စ သံယမော) | ၁၂၈ |

## မာတိကာ


**အကြောင်းအရာ** **စာမျက်နှာ**

သေရည်အရက် သောက်စားခြင်း၏
အပြစ်ခြောက်ပါး
သာဓကဝတ္ထု

(၂၁) မမေ့မလျော့သေးသတိ ရှိရခြင်း ၁၃၃
(အပ္ပမာဒေါ စ ဓမ္မေသု)
သာဓကဝတ္ထု
ဆဋ္ဌမဒေသနာတော် မင်္ဂလာ (၄) ပါး၏
နိဂုံးချုပ်မှတ်ဖွယ်

**သတ္တမဒေသနာတော် မင်္ဂလာ (၅) ပါး** ၁၃၇
ပါဠိတော်
အနက်
အဓိပ္ပါယ်
မင်္ဂလာကဗျာ

(၂၂) ရိုသေထိုက်သောသူကို ရိုသေခြင်း ၁၃၈
(ဂါရဝေါ စ)
ဂါရဝဆယ်မျိုး
သာဓကဝတ္ထု

(၂၃) မိမိကိုယ်ကိုနှိမ့်ချခြင်း ၁၄၂
(နိဝါတော စ)
သာဓကဝတ္ထု

## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| (၂၄) ရောင့်ရဲလွယ်ခြင်း | ၁၄၆ |
| (သန္တုဋ္ဌိစ) | |
| လော်လည်ခြင်း ငါးပါး | |
| သာဓကဝတ္ထု | |
| (၂၅) သူတပါးကျေးဇူးကို သိတတ်ရခြင်း | ၁၅၀ |
| (ကတညုတာ) | |
| သာဓကဝတ္ထု | |
| (၂၆) အခွင့်သင့်တိုင်း တရားစကားနာကြား | |
| နာထောင်ရခြင်း(ကာလေန ဓမ္မဿဝနံ) | ၁၅၄ |
| တရားနာခြင်းအကျိုးငါးပါး | |
| သာဓကဝတ္ထု | |
| သတ္တမဒေသနာတော်မင်္ဂလာ(၅)ပါးနှိုင်းချုပ်မှတ်ဖွယ် | |
| **အဋ္ဌမ ဒေသနာတော် မင်္ဂလာ (၄)ပါး** | ၁၅၉ |
| ပါဠိတော် | |
| အနက် | |
| အဓိပ္ပါယ် | |
| မင်္ဂလာကဗျာ | |
| (၂၇) အရာရာမှာ သည်းခံရခြင်း | ၁၆၀ |
| (ခန္တီ စ) | |
| သည်းခံခြင်း (၂)မျိုး | |

## မာတိကာ

**အကြောင်းအရာ** **စာမျက်နှာ**


အောင်ခြင်း မင်္ဂလာ (၄)မျိုး
သည်းခံခြင်း အကျိုးတရား (၅)ပါး
သာဓကဝတ္ထု
(၂၈) ဆုံးမခက်သူကို နာယူလွယ်ရခြင်း ၁၆၅
(သောဝစဿတာ)
သာဓကဝတ္ထု
(၂၉) ရဟန်းသံဃာတော်များကို ဖူးမြော်ရခြင်း ၁၆၈
(သမဏာနဉ္စ ဒဿနံ)
သာဓကဝတ္ထု
(၃၀) သင့်တင့်သောအခါတရားဆွေးနွေးမေးမြန်းရခြင်း ၁၇၁
(ကာလေန ဓမ္မသာကစ္ဆာ)
သာဓကဝတ္ထု
**နဝမဒသနာတော် မင်္ဂလာ(၄)ပါး** ၁၇၇
ပါဠိတော်
အနက်
အဓိပ္ပါယ်
မင်္ဂလာကဗျာ
(၃၁) ခြိုးခြံစွာ ကျင့်ရခြင်း ၁၇၈
( တပေါ စ )
ကုသိုလ်ဖြစ်ကြောင်းပါး
သာဓကဝတ္ထု

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| (၃၂) မြတ်သော အကျင့်ကို ကျင့်ရခြင်း | ၁၀၄ |
| (ဗြဟ္မစရိယသုတ္တ) | |
| ဗြဟ္မစိုရ်တရားလေးပါး | |
| မေတ္တာအကျိုး (၁၁) မျိုး | |
| သာဓကဝတ္ထု | |
| (၃၃) အရိယသစ္စာကို သိမြင်ရခြင်း | ၁၀၈ |
| (အရိယသစ္စာနှ ဒဿနံ) | |
| သစ္စာလေးပါး | |
| မဂ္ဂင်ရှစ်ပါး | |
| သစ္စာလေးချက် တပြိုင်နက် | |
| (၃၄) နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း | ၁၉၁ |
| (နိဗ္ဗာန သစ္ဆိကိရိယာ စ) | |
| မဂ်လေးပါး | |
| ဖိုလ်လေးပါး | |
| မီး (၁၁) ပါး | |
| နိဗ္ဗာန် (၂) မျိုး | |
| နဝမဒေသနာတော် မင်္ဂလာ (၄)ပါး၏ နိဂုံးချုပ် | |
| မှတ်ဖွယ် | |

## မာတိကာ

အကြောင်းအရာ စာမျက်နှာ


ဒသမဒေသနာတော် မင်္ဂလာ (၄) ပါး ၁၉၅

ပါဠိတော်

အနက်

အဓိပ္ပါယ်

မင်္ဂလာကဗျာ

(၃၅) လောကဓံရှစ်ပါးနှင့် တွေ့ကြုံငြားသော်လည်း တုန်လှုပ်ကြောက်ရွံ့မှု မရှိခြင်း ၁၉၆

(ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံယဿ နကမ္ပတိ)

လောကဓံရှစ်ပါး

(၃၆) စိုးရိမ်ပူဆွေး ကြောင့်ကြမှု မရှိခြင်း ၁၉၈

(အသောကံ)

သာစကဝတ္ထု

(၃၇) ရမ္မက်ဟူသော "မြူ" ကင်းစင်ခြင်း ၂၀၁

(ဝိရဇံ)

သာစကဝတ္ထု

(၃၈) ဘေးရန်မရှိခြင်း ၂၀၄

(ခေမံ)

ယောဂလေးပါး

သာစကဝတ္ထု

ဒသမဒေသနာတော်မင်္ဂလာ(၄)ပါး၏ နိဂုံးချုပ်မှတ်ဖွယ်။

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| နိဂုံး | ၂၀၇ |
| ပါဠိတော် | |
| အနက် | |
| အဓိပ္ပါယ် | |
| မင်္ဂလာကဗျာ | |
| **မှာကြားချက်** | ၂၁၁ |
| ဘုရားဖူးသွားသူတယောက်၏ သန္တာန်၌ မင်္ဂလာဖြစ်ပုံ | ၂၁၃ |
| ကျွန်မခုဇ္ဇုတ္တရာ | ၂၁၅ |
| တိဿ မထေရ်ကြီး | ၂၁၉ |
| **ကိုးကားကျမ်းများ** | ၂၂၃ |

# နိဒါန်း

ပရိတ်ကြီးပါဠိတော်တွင် ပဌမ ဦးဆောင်သော ပရိတ်တော် ဖြစ်သည့် "မင်္ဂလသုတ်"ကို ၃၈-ဖြာ မင်္ဂလာဟူ၍ လူတိုင်းသိကြပါသည်။ အများအားဖြင့်လည်း ရကြပါသည်။ မင်္ဂလာ ၃၈-ပါးအဖွင့် စာအုပ် စာတမ်းများလည်း အမျိုးအပြားထုတ်ဝေခဲ့ကြပြီး ဖြစ်ပါသည်။ ဗုဒ္ဓဘာသာ ကလျာဏ ယု ဝ အသင်း (ဝိုင်-အမ်-ဘီ-အေ)မှ ကြီးမှူး၍လည်း မင်္ဂလာ စာမေးပွဲများ ကျင်းပလျက်ရှိပါသည်။ ယင်းကဲ့သို့ အများသိ အများထုတ်ဝေနေသည့် မင်္ဂလ သုတ် ပရိတ်တော် အဖွင့်ကို "ဘာလို ထပ်မံပြုစုထုတ်ဝေရသလဲ"ဟု စောဒနာရန်ရှိပါသည်။

## မင်္ဂလာဆိုတာ

မင်္ဂလာဟူသည် "မင်္ဂံ ပါပံ လုနာတိ ဆိန္ဒတီတိ မင်္ဂလာ" ဟူ၍ ဝိဂြိုဟ်ပြုသည်နှင့် အညီ၊ မင်္ဂံ ပါပံ၊ မကောင်းမှုကို။ လုနာတိ၊ ပယ်ဖျောက်တတ်၏။ ဆိန္ဒတိ၊ ဖြတ်တောက်တတ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ မင်္ဂလာ၊ မင်္ဂလာမည်၏....ဟု ဆိုလေသည်။

"မကောင်းမှုကို ပယ်ပျောက်၍ ကောင်းကျိုးချမ်းသာနှင့် ပြည့်စုံ စေတတ်သောကြောင့်" တနည်းအားဖြင့် "ကြီးပွားချမ်းသာခြင်း အကျိုးကို ပေးစွမ်း[illegible] ကြံစည်ပြောဆို ပြုလုပ်အင်

သော အကြောင်းတရားများကြောင့်” မင်္ဂလာဟု ခေါ်ဆိုခြင်း ဖြစ်၏။

မည်ကဲ့သို့သော မကောင်းမှုမျိုးကို ပယ်ဖျောက်တတ်သနည်း။ မည်ကဲ့သို့သော ကောင်းကျိုးချမ်းသာကို ရစေနိုင်သနည်း။ မည်သို့ကြီးပွားနိုင်သနည်း။ စူးစမ်းလေ့လာရန် လိုအပ်ပါသည်။

## ခွဲခြမ်းစိတ်ဖြာ မင်္ဂလာ

မင်္ဂလာသုတ်သည် လောကီ-လောကုတ္တရာ နှစ်ဖြာသော အကျိုးကို ဖြစ်စေနိုင်သောကြောင်းပင် ဖြစ်ပါသည်။ မင်္ဂလာ ၃၈-ပါးတွင် လောကီမင်္ဂလာ ၃၂-ပါးနှင့် လောကုတ္တရာ မင်္ဂလာ ၆-ပါး ပါဝင်ပါသည်။ တနည်းအားဖြင့်—

(က) ဒါနနှင့်ဆိုင်သော မင်္ဂလာ ၄-ပါး

(ခ) သီလနှင့်ဆိုင်သော မင်္ဂလာ ၁၀-ပါး

(ဂ) ဘာဝနာနှင့်ဆိုင်သော မင်္ဂလာ ၆-ပါး

ပါဝင်ပါသည်။

ယနေ့ ခေတ်လူမှုရေးပိုင်းနှင့် စိစစ်ကြည့်လျှင်—

(က) ပညာရေးနှင့်ဆိုင်သော မင်္ဂလာ ၇-ပါး

(ခ) စီးပွားရေးနှင့်ဆိုင်သော မင်္ဂလာ ၉-ပါး

(ဂ) ပေါင်းသင်း ဆက်ဆံရေးနှင့်ဆိုင်သော မင်္ဂလာ ၅-ပါး

(ဃ) နေထိုင်ရေးနှင့်ဆိုင်သော မင်္ဂလာ ၁-ပါး

(င) မိဘ, သားသမီး, ဆွေမျိုးရေးဆိုင်ရာ ၇-ပါး

စသည်ဖြင့် ခွဲထုတ်နိုင်လောက်အောင် ပြည့်စုံပေသည်။

လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀-ကျော်က မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် ဟောကြားတော်မူခဲ့သော မင်္ဂလသုတ် ပရိတ်တော်မှာ လောကီရေးတွင်လည်းကောင်း၊ လောကုတ္တရာရေးတွင်လည်းကောင်း ယနေ့တိုင် လိုက်နာကျင့်သုံးရန် အထူးသင့်လျော်ပေသည်။

## ဘာ့ကြောင့် ထုတ်ဝေရသလဲ

အထက်တွင် ပေါ်ပြခဲ့သည့်အတိုင်း လူတိုင်းသိ၍ လူတိုင်းထုတ်ဝေနေကြသော်လည်း များသောအားဖြင့် လေ့ကျက်မှတ်သား ပွားများမှု အဆင့်တွင်သာ ပြီးနေကြသည်။ လက်တွေ့ လိုက်နာကျင့်သုံးမှုအပိုင်းတွင် များစွာအားနည်းလျက်ပင် ရှိနေပေသေးသည်။

ဤစာအုပ်၏ ရည်ရွယ်ချက်မှာ ၃၈-ပြာ မင်္ဂလာကို လူငယ်တိုင်း သဘောပေါက် လွယ်၍၊ လိုက်နာ ကျင့်သုံးခြင်းဖြင့် လူတော်လူကောင်း၊ လူရည်ချွန် လူရည်မွန်၊ လူလိမ္မာကလေးများ ပေါ်ထွန်းလာစေရန် ဖြစ်ပါသည်။

ဤစာအုပ်ရေးသားပြုစုရာ၌ ယနေ့ခေတ်လူငယ်များအတွက် အထူးရည်ရွယ်ရင်းဖြစ်ရာ ခေတ်အမြင်နှင့် သုံးသပ်၍ နားလည်

# နိဒါန်း

သဘောပေါက် လွယ်စေရန် လွယ်ကူ ရှင်းလင်းစွာ တင်ပြထားပါသည်။ ထို့ပြင် လူငယ်များသာမက၊ လူကြီးများပါ လေ့လာမှတ်သား ထိုက်သည့် ·အချက်အလက်များကိုလည်း ထည့်သွင်း ဖေါ်ပြထားပါသည်။

သို့ဖြစ်၍ နောင်တခေတ်တွင် တိုင်းပြည်၏ ခေါင်းဆောင်များ ဖြစ်လာကြမည့် ယနေ့ လူငယ်များအနေဖြင့် လိမ္မာယဉ်ကျေး၍ ကြီးပွားချမ်းသာရေးကို ရည်ရွယ်လျက် ဤစာအုပ်ကို လူငယ်လူရွယ်အားလုံး စိတ်ဝင်စား၍ သဘောပေါက်ပြီး လက်တွေ့လိုက်နာ ကျင့်သုံးနိုင်စေရန် တိုတိုနှင့်ရှင်းရှင်း ရေးသားပြုစုလိုက်ပါသည်။

ဤစာအုပ်ကို ဖတ်ရှု လေ့လာခြင်းအားဖြင့် အပြည့်အဝ မဟုတ်စေကာမူ မိမိတို့ လိုက်နာ ကျင့်သုံးနိုင်သည့် အတိုင်းအတာအထိ လူငယ်များ လိုက်နာ ကျင့်သုံးနိုင်သည် ဆိုပါက စာအုပ်ရေးသား ပြုစု ထုတ် ဝေ ရ ကျိုး နပ်ပြီ ဟု ယူဆမိပါကြောင်း။

လူငယ်လူရွယ်တိုင်း

လူကောင်းလူမွန်၊ လူရည်ချွန်များ

ဖြစ်ကြပါစေ။

**မင်းစန္ဒ**

၁-၃-၇၀



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# မင်္ဂလသုတ်ဖြစ်ပေါ်လာပုံ

## ပါဠိတော်

၁။ ယံ မင်္ဂလံ ဒွါဒသသု၊ စိန္တယိံသု သဒေဝကာ။
သောတ္ထာနံ နာဓိဂစ္ဆန္တိ၊ အဋ္ဌတ္တိံသဉ္စ မင်္ဂလံ။

၂။ ဒေသိတံ ဒေဝဒေဝေန၊ သဗ္ဗပါပဝိနာသနံ။
သဗ္ဗလောက ဟိတတ္ထာယ၊ မင်္ဂလံ တံ ဘဏာမ ဟေ။

၃။ ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။ အထ ခေါ အညတရာ ဒေဝတာ အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ။ ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ၊ ဧကမန္တံ အဋ္ဌာသိ။ ဧကမန္တံ ဌိတာ ခေါ သာ ဒေဝတာ ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။

၄။ ဗဟူ ဒေဝါ မနုဿာ စ၊ မင်္ဂလာနိ အစိန္တယုံ။
အာကင်္ခမာနာ သောတ္ထာနံ၊ ဗြူဟိ မင်္ဂလ မုတ္တမံ။

# အနက်

၁။ သဒေဝကာ၊ နတ်နှင့်တကွသော လူတို့သည်။ ယံမင်္ဂလံ၊ အကြင် မင်္ဂလာ တရားတော်ကို။ ဒွါဒသဟိ၊ တဆယ့်နှစ်နှစ် သောကာလပတ်လုံး။ စိန္တယိံသု၊ ကြံကြကုန်ပြီ။ သောတ္ထာနံ၊ စီးပွားချမ်းသာခြင်း၏ အကြောင်း ဖြစ်သော။ အဋ္ဌတ္တိံသံ၊ သုံးဆယ့် ရှစ်ပါး အပြားရှိသော။ တံ မင်္ဂလံ၊ ထိုမင်္ဂလာတရား တော်ကို။ နာဓိဂစ္ဆန္တိ (န+အဓိ+ဂစ္ဆန္တိ+ဧဝ)၊ မသိနိုင် ကုန် သည်သာတည်း။

၂။ ဒေဝဒေဝေန၊ နတ်တကာတို့ထက် မြတ်သော ဝိသုဒ္ဓိ နတ်ဖြစ်တော်မူသော ဘုရားသခင်သည်။ သဗ္ဗလောက ဟိတတ္ထာယ၊ အလုံးစုံသော သတ္တလောက၏ အကျိုးစီးပွား အလို့ငှာ။ ဒေသိတံ၊ ဟောတော်မူအပ်သော။ သဗ္ဗပါပ ဝိနာသနံ၊ အလုံး စုံသော မကောင်းမှုကို ပယ်ဖျောက်ပေတတ်သော။ တံမင်္ဂလံ၊ ထိုမင်္ဂလာတရားတော်ကို။ ဟော၊ သူတော်ကောင်းတို့။ မယံ၊ ငါတို့သည်။ ဘဏာမ၊ ရွတ်ကြကုန်အံ့။

၃။ ဘန္တေကဿပ၊ အရှင်မဟာကဿပ။ ဣဒံသုတ္တံ၊ ဤ မင်္ဂလသုတ်တော်ကို။ မေ မယာ၊ တပည့်တော် အာနန္ဒာသည်။ ဘဂဝတော၊ မြတ်စွာဘုရားသခင်၏။ သမ္မုခါ၊ မျက်မှောက် တော်မှ။ ဧဝံ၊ ဤသို့။ သုတံ၊ ကြားလိုက်ရ၏။ ဧကံ၊ တပါး သော။ သမယံ၊ အခါ၌။ ဘဂဝါ၊ ဘုရားသခင်သည်။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်အနီး၌။ အနာထပိဏ္ဍိကဿ၊ အနာထပိဏ် သူဌေး၏။ အာရာမေ၊ မွေ့လျော်ဖွယ်ရှိသော။ ဇေတဝနေ၊ ကျောင်းမြတ်ဗိမာန် ဇေတဝန်၌။ ဝိဟရတိ၊ နေတော်မူ၏။

အထခေါ၊ ထိုသို့ နေတော်မူသော အခါ၌။ အညတြာ၊ တယောက်သော။ ဒေဝတာ၊ နတ်သားသည်။ အဘိက္ကန္တာယ၊ ညဉ့်ဦးယံ ကုန်ပြီးသော။ ရတ္တိယာ၊ သန်းခေါင် အခါ၌။ အဘိက္ကန္တဝဏ္ဏာ၊ အလွန်နှစ်လိုဖွယ်သော အဆင်းရှိသည်ဖြစ်၍။ ကေဝလကပ္ပံ၊ အလုံးစုံသော။ ဇေတဝနံ၊ ဇေတဝန်ကျောင်းကို။ ဩဘာသေတွာ၊ ကိုယ်ရောင်ဖြင့်ထွန်းစေ၍။ ယေန၊ အကြင် အရပ်၌။ ဘဂဝါ၊ ဘုရားသခင်သည်။ အတ္ထိ၊ ရှိတော်မူ၏။ တေန၊ ထိုဘုရားရှိတော်မူရာ အရပ်သို့။ ဥပသင်္ကမိ၊ ကပ်၏။ တေန၊ ထို အကြောင်းကြောင့်။ ဥပသင်္ကမိ၊ ကပ်လေ၏။ ဥပသင်္ကမိတွာ၊ ကပ်လေပြီး၍။ ဘဂဝန္တံ၊ ဘုရားသခင်ကို။ အဘိဝါဒေတွာ၊ အလွန်ရိုသေစွာ ရှိခိုး၍။ ဧကမန္တံ၊ သင့်တင့်သော အရပ်၌။ အဋ္ဌာသိ၊ ရပ်၏။ ဧကမန္တံ၊ သင့်တင့်သော အရပ်၌။ ဌိတာခေါ၊ ရပ်ပြီးသော။ သာဒေဝတာ၊ ထိုနတ်သားသည်။ ဘဂဝန္တံ၊ ဘုရားသခင်ကို။ ဂါထာယ၊ ဂါထာဖြင့်။ အဇ္ဈဘာသိ၊ ရှေ့နားတော်လျှောက်၏။

၄။ ဘန္တေဘဂဝါ၊ ဘုန်းတော်ကြီးသော အရှင်ဘုရား။ ဗဟူ၊ များစွာကုန်သော။ ဒေဝါ၊ နတ်တို့သည်လည်းကောင်း။ မနုဿာစ၊ လူတို့သည်လည်းကောင်း။ သောတ္ထာနံ၊ နိဗ္ဗာန် ချမ်းသာကို။ အာကင်္ခမာနာ၊ လိုချင်တောင့်တကုန်သည်ဖြစ်၍။ မင်္ဂလာနိ၊ စီးပွားချမ်းသာခြင်း၏ အကြောင်းဖြစ်သော မင်္ဂလာ တရားတို့ကို။ အစိန္တယုံ၊ ကြံကြကုန်၏။ ဥတ္တမံ၊ မြတ်သော။ မင်္ဂလံ၊ စီးပွားချမ်းသာခြင်း၏ အကြောင်းဖြစ်သော။ မင်္ဂလာ တရားတော်ကို။ တွံ၊ အရှင်ဘုရားသည်။ ဗြူဟိ၊ ဟောတော် မူပါလော့။

## လူတိုင်း ရှာဖွေ မင်္ဂလာ

မင်္ဂလသုတ်တရားတော်ကို မြတ်စွာဘုရား မဟောကြားမီ (၁၂)နှစ်လောက်ကစပြီး နတ်လူတို့ရဲ့ ကြီးပွားချမ်းသာကြောင်းဖြစ်တဲ့ "မင်္ဂလာဆိုတာ ဘာလဲ" ဆိုတဲ့ အဖြေကို မြို့တိုင်း, ရွာတိုင်း, နိုင်ငံတိုင်းမှ ကြိုတင်မှန်းဆ ရှာဖွေခဲ့ကြပါတယ်။

တချို့ကလဲ မနက်အိပ်ရာထမှာ ကောင်းတဲ့အမြင်တွေကို တွေ့မြင်လိုက်ရတာဟာ မင်္ဂလာ (ဒိဋ္ဌမင်္ဂလာ) လို့ ဆိုကြတယ်။ တချို့က စောစောစီးစီး သာယာ နာပျော်ဖွယ်ကောင်းတဲ့ အသံကိုကြားရတာဟာ မင်္ဂလာ (သုတမင်္ဂလာ) ပါပဲလို့ ဆိုကြပြန်ပါတယ်။ တချို့ကျတော့ မိုးလင်းတာနဲ့ တပြိုင်နက် ပထမဆုံးကောင်းတဲ့ ပစ္စည်းတွေ ကိုင်တွယ်သုံးသပ်ရတာဟာ မင်္ဂလာ (မုတမင်္ဂလာ) ဖြစ်ရမယ်လို့ ပြောကြပါတယ်။

ဒီလိုနဲ့ တယောက်နဲ့တယောက်၊ တစုနဲ့တစု၊ တရပ်နဲ့တရပ်၊ တရွာနဲ့ တရွာ၊ တမြို့နဲ့တမြို့၊ တနိုင်ငံနဲ့တနိုင်ငံ၊ အမှန်ကိုမသိပဲ မိမိတို့ ထင်ရာမြင်ရာကို မှန်းဆပြီး မင်္ဂလာရယ်လို့ ဆွေးနွေးကြ၊ ညှိနှိုင်းကြ၊ ငြင်းခုံကြနဲ့ အဖြေရှာကြတာဟာ အချိန်ကြာမြင့်လာတဲ့အခါကျတော့ လူ့လောကတင်သာမကဘူး၊ နတ်ပြည်, ဗြဟ္မာ့ပြည်ထိတောင် ရောက်လာတယ်။ နတ်တွေ, ဗြဟ္မာတွေလဲ အချင်းချင်း ဆွေးနွေးပွဲကြီးတွေလုပ်ပြီး "**မင်္ဂလာ**"ရဲ့ အဖြေကို ရှာခဲ့ကြတယ်။



လူနတ်ဗြဟ္မာတို့ အချင်းချင်း ဆွေးနွေးပြီး ''မင်္ဂလာ'' ၏
အဖြေရှာနေကြပုံ

တဖြည်းဖြည်းနဲ့ သိကြားမင်းထံ ရောက်သွားတော့ သိကြားမင်းက "ဒီပြဿနာကို မြတ်စွာဘုရားရှင်ကလွဲပြီး ဘယ်သူမှ ဖြေနိုင်မှာမဟုတ်ဘူး။ ဒါကြောင့် မြတ်စွာဘုရားထံ သွားရောက်လျှောက်ထားရယင် သင့်တော်မှာပဲ"လို့ အကြံရလာပါတယ်။ ဒါကြောင့် နတ်သားတပါးကို သန်းခေါင်ယံ အချိန်မှာ မြတ်စွာဘုရား သီတင်းသုံးတော်မူရာ ဇေတဝန်ကျောင်းတော်ကို လွှတ်လိုက်တယ်။

အမျိုးအမည် မထင်ရှားတဲ့ နတ်သားဟာ မြတ်စွာဘုရားထံမှောက် ရောက်ယင်ပဲ သင့်တင့်လျောက်ပတ်တဲ့ နေရာမှာရပ်လျက် ရိုသေစွာရှိခိုးပြီး " ဗဟူ ဒေဝါ မနုဿာစ " အစရှိတဲ့ "မုချ တိုးတက်ကြီးပွား ချမ်းသာခြင်းကို ပြုတတ်သော မင်္ဂလာတရားတော်မြတ်ကို ဟောပြည့်နှန်ကြားတော်မူပါဘုရား " လို့ လျှောက်ထားတယ်။

မြတ်စွာဘုရားရှင်ဟာ နတ်သားရဲ့ တောင်းပန် လျှောက်ထားချက်အရ သဗ္ဗညုတဉာဏ်တော်နဲ့ လောကကို ကြည့်ရှုတော် မူတဲ့အခါ မင်္ဂလာ တရားတော်မြတ်ကြောင့် သတ္တဝါအများမှာ လောက သံသရာ နှစ်ဖြာသောအကျိုးစီးပွားဖြစ်၍ မုချ တိုးတက် ကြီးပွား ချမ်းသာမယ်ဆိုတာ မြင်တော်မူလို့ "အသေဝနာ စ ဗာလာနံ" အစရှိတဲ့ **မင်္ဂလာတရားတော်မြတ်**ကို ဟောကြားတော်မူခဲ့ပါတယ်။



အမျိုးအမည် မထင်ရှားသော နတ်သားတပါးက မင်္ဂလ[illegible]ရားတော်မြတ်ကို
ဟောကြားတော်မူပါရန် မြတ်စွာဘုရားအား လျှောက်ထားနေပုံ

## ပထမဒေသနာတော်

# မင်္ဂလာ (၃) ပါး

### ပါဠိတော်

အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာ စ ပူဇ နေယျာနံ၊ ဧတံ မင်္ဂလ မုတ္တမံ။

### အနက်

ဒေဝပုတ္တ၊ နတ်သား။ ဗာလာနံ၊ လူမိုက်တို့ကို။ အသေဝနာ စ၊ မမှီဝဲ မဆည်း ကပ် ရခြင်း သည် လည်း ကောင်း။ ပဏ္ဍိတာနံ၊ ပညာရှိတို့ကို။ သေဝနာ စ၊ မှီဝဲဆည်းကပ်ရခြင်း သည်လည်းကောင်း။ ပူဇနေယျာနံ၊ ပူဇော်ထိုက်သောသူတို့ကို။ ပူဇာ စ၊ ပူဇော်ရခြင်းသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤသုံးပါးသည့်လျှင်။ ဥတ္တမံ၊ မြတ်သော။ မင်္ဂလံ၊ မင်္ဂလာ မည်၏ဟူ၍။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေ လော့။

### အစီပွါယ်

(၁) လူမိုက်တို့ကို မပေါင်းဖော် မဆည်းကပ်ရခြင်း။

(၂) ပညာရှိ၊ လူလိမ္မာများကို မှီဝဲဆည်းကပ်ရခြင်း။

(၃) ပူဇော်ထိုက်သော သူများကို ပူဇော်ရခြင်း။

## မင်္ဂလာကဗျာ

လူမိုက်ဆိုလျှင် ရှောင်သွေလွဲလို့
မမှိုဲနဲ့ ကင်းအောင်နေ။

ပညာရှိကို အရှည်တွဲလို့၊
မှီဝဲဆည်းကပ် နည်းယူစေ။

သုံးပါးရတနာ မိဘများနဲ့၊
ဆရာသမားကို ပူဇော်လေ။

ချမ်းသာကိုပေး....ဆက်ဆံရေး....၊
မျှော်တွေး သုံးချက်ပေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။ ။

## (၁) လူမိုက်တို့ကို မပေါင်းဖော် မဆည်းကပ်ရခြင်း (အသေဝနာ စ ဗာလာနံ)

"လူမိုက်တို့ကို မပေါင်းပါနဲ့" လို့ မင်္ဂလာ တရားတော်၃၈-ပါးမှာ ရှေးဦးစွာ ဟောကြားခဲ့ပါတယ်။ ဘာကြောင့်ဒီလို ဟောရသလဲဆိုတော့ လူမိုက်နဲ့ပေါင်းမိယင် လက်ငင်းမှာဒုက္ခတွေရတတ်တဲ့အပြင်၊ တဘဝအတွက်သာမက တသံသရာလုံးမှောက်မှားသွားနိုင်တာကြောင့် လူမိုက်နဲ့မပေါင်းဖို့ အယင်ဆုံးဟောကြားတော်မူတာပါပဲ။

တနည်းအားဖြင့်တော့ တခြား မင်္ဂလာတွေကို ကျင့်သုံးလိုက်နာဖို့ရာအတွက် လူမိုက်နဲ့ မပေါင်းမှသာ ဖြစ်နိုင်တယ်။

လူမိုက်နဲ့ပေါင်းမိပြီဆိုယင်တော့ ကျန်တဲ့ မင်္ဂလာတရားတွေကို သာမက လောကီ လောကုတ္တရာရေးတွေမှာ ကောင်းတဲ့အမှု မှန်သမျှ မလုပ်တော့ပဲ၊ မကောင်းတဲ့ အမှုတွေကိုသာ ရှောက်လုပ် နေတော့မှာမို့ လူမိုက်နဲ့ မပေါင်းမိဖို့ကတော့ အဓိက အရေး ကြီးဆုံးဖြစ်လို့ ရှေးဦးစွာ အလေးအနက်ထားပြီး ဟောကြား တော်မူခြင်း ဖြစ်ပါတယ်။

လောကမှာ ဒုစရိုက်မှု မှန်သမျှတွေဟာ လူမိုက်ကြောင့်သာ ဖြစ်တယ်။ အကယ်၍ လောကမှာ လူမိုက်သာ မရှိဘူးဆိုယင် ဒုစရိုက်မှုဆိုတာ ဘာတခုမှ ရှိတော့မယ် မဟုတ်ပါဘူး။ စည်း ကမ်း ဥပဒေဆိုတာလဲ ကြပ်ကြပ်မတ်မတ် ပြင်းပြင်းထန်ထန် သတ်မှတ်ထားစရာ လိုတော့မယ် မထင်ဘူး။

## လူမိုက်ဆိုတာ ဘာလဲ

လူမိုက်ဆိုတာ ဘယ်လို လူစားမျိုးကို ခေါ်သလဲ ဆိုတာ သိထားဖို့ လိုအပ်ပါတယ်။ လူမိုက်ဆိုတာကတော့—

(က) ပညာကင်း၍ ထွက်သက် ဝင်သက်မျှသာ အသက် ရှည်ခြင်း ရှိသူ၊

(ခ) ဒုစရိုက်မှုကို လွန်ကျူး ပြုကျင့်သူ၊

(ဂ) မိမိအကျိုးကိုသာ ကြည့်သူ၊

တွေပဲ ဖြစ်ပါတယ်။

ပညာကင်း၍ ထွက်သက် ဝင်သက်မျှသာ အသက်ရှည်ခြင်း ရှိသူ ဆိုတာကတော့ နူတ်မှု လက်မှု ဆိုတဲ့ အတတ်ပညာမဲ့သူကို

ခေါ်တာပါပဲ။ နွားခေါင်း နှစ်ပေါက်နဲ့ အသက်ရှူလို့သာ "လူ"လို့ ခေါ်ပေတဲ့ တကယ်တမ်း ကျတော့ စားခြင်း၊ အိပ်ခြင်း၊မေထုန်မှီဝဲခြင်းတို့ကိုသာ ပြုတတ်တဲ့ တိရစ္ဆာန်ထက် အဆင့်အတန်း နည်းနည်းမြင့်တာပဲ ထူးခြားတယ်။ ပညာမရှိတော့ ဆင်ခြင်တုံတရား ကင်းမဲ့တယ်။ အရာရာမှာ အကောင်းအဆိုး အကြောင်းအကျိုး၊ သင့်-မသင့်၊ တော်-မတော်ဆိုတာ ခွဲခြားချင့်ချိန်နိုင်တဲ့ကိုယ်ပိုင်ဉာဏ် မရှိဘူး။ဒီလို လူစားမျိုးကို ပေါင်းသင်းမယ်ဆိုယင် မိမိအတွက် အကျိုးရှိမယ့် "ကုသိုလ်-ပညာ-ဥစ္စာ" တရပ်ရပ်တော့ ရမှာ မဟုတ်တဲ့ အပြင်၊ အကုသိုလ် ဖြစ်တဲ့ "အပျော်အပါး လောင်းကစားနဲ့ အသောက်အစား" တွေပဲ ရလာမှာ သေချာပါတယ်။ သာမန် ပွဲလမ်းသဘင်ကို တခါတရံ သွားရုံ၊ အသောက်အစားမှာ ကြိုက်တတ်လို့ ကိုယ့်အိမ်မှာ ကိုယ် ဣန္ဒြေရရ စနစ်တကျ ဆေးဖြစ် ဝါးဖြစ် သောက်စားရုံ သုံးစွဲနေသူတွေကိုတော့ အပြစ်ဆိုစရာသိပ်မရှိလှပါဘူး။ ဒါပေမဲ့ အဲဒီက လွန်သွားမယ်ဆိုယင်တော့ အပျော်ကျူးလို့ ငွေကုန်! လောင်းကစားကြောင့် ရာဇဝတ်မှုဖြစ်၊ အသောက်အစားလွန်လို့ အမှားတွေ ကျူးလွန်တာမျိုး ဖြစ်နိုင်တယ်။အပျော်အပါးမှာလဲ မိမိဇနီးထက်လွန်ကဲပြီး သူတပါးသားသမီး၊ သားမယားကို ပြစ်မှား ကျူးလွန်တဲ့ "တဏှာပျော် ရမက်ကျွန်"တွေ ဖြစ်လာနိုင်တယ်။ အဲဒီလို လူမျိုးဟာ လက်ရှိဘဝမှာလဲ သူတပါး ပြစ်တင် ရှုတ်ချတာ ခံရမယ်။ မခံချင်တဲ့သူတွေရဲ့ ရိုက်ပုတ် ထိုးနှက်ခြင်းလဲ ခံရမယ်၊ နောက်ဆုံးတရားဥပဒေရဲ့အပြစ်ပေးခြင်းကိုပါ ခံရနိုင်တယ်။ ဒါကြောင့် **ပညာကင်းတဲ့လူမိုက်** ကို ဝေးဝေး ရှောင်ပါ။

ဒုစရိုက်မှုကို လွန်ကျူးပြုကျင့်သူဆိုတာကတော့ မကောင်းမှုနဲ့ အသက်မွေးသူတွေကို ဆိုလိုတာပါပဲ။ မတရား လုယက်တိုက်ခိုက် ခိုးဆိုးနေသူ၊ လောင်းကစားနဲ့ အသက်မွေးသူ၊ အရက်, ဘိန်း, ဆေးခြောက်ကအစ မူးယစ်ဆေးဝါးအထိ ရောင်းဝယ်ပေါက်ကားပြီး ကိုယ်တိုင်သုံးစွဲနေသူ၊ မကောင်းတဲ့ ပြည့်တန်ဆာမွေးခြင်းဆိုတဲ့ အလုပ်နဲ့ အသက်မွေးနေသူ၊ ခေါင်းပုံဖြတ် အမြတ်ကြီးစားသူတွေကို ခေါ်ပါတယ်။ အတိုချုပ်ပြောရရင်တော့ တရားဥပဒေက ခွင့်မပြုတဲ့ လုပ်ငန်းတွေကို လုပ်နေသူတွေဟာ ဒုစရိုက်မှု ကျူးလွန်သူတွေပါပဲ။ သူတို့နဲ့ ပေါင်းမိရင် အလုပ်ကို လက်ကြောတင်းအောင် မလုပ်ချင်ပဲ သူများမျက်ခုံးမွေးပေါ် စင်္ကြံလျှောက်ချင်တဲ့စိတ်၊ ရေသာခို အချောင်သမားစိတ်၊ ငွေကို လွယ်လွယ်နဲ့ ရှာချင်တဲ့စိတ်တွေ ပေါက်ဖွားလာမယ်။ အဲဒီက တဆင့်တက်ပြီး အရက်သမား၊ ဘိန်းစား၊ ဆေးခြောက်သမား၊ ဘိန်းဖြူသမားဖြစ်ပြီး၊ ကိုယ့်ဘဝကိုယ် အညွန့်တုံးအောင် လုပ်လိမ့်မယ်။ နောက်ဆုံးကျတော့ တရားဥပဒေရဲ့ဒဏ်ကွင်းက ပြေးမလွတ်တော့ပဲ အပြစ်ဒဏ်ကျခံရမှာ သေချာပါတယ်။ ဒါကြောင့် **ဒုစရိုက်မှု ကျူးလွန်တတ်တဲ့လူမိုက်** ကို မပေါင်းမိပါစေနဲ့။

မိမိအကျိုးကိုသာ ကြည့်သူဆိုတာကတော့ တဖို့ထဲသမားလို့ ခေါ်ရလိမ့်မယ်။ “လူ” ဆိုတာ သူ့ဖို့ကိုယ့်ဖို့ဆိုတဲ့ ဖို့နှစ်ဖို့ ရှိရတယ်။ အတ္တဟိတ-ပရဟိတ ဆိုတဲ့ သူ့အကျိုး ကိုယ့်အကျိုး ရှိရေးကို ဆောင်ရွက်ရမယ်။ “ဘယ်သူသေသေ-ငတေမာရင်ပြီးရော” ဆိုတဲ့လူစားမျိုးဟာပေါင်းသင်းထိုက်တဲ့သူမဟုတ်ဘူး။

ကနေ့ ကိုယ်ကပေးနိုင် ကမ်းနိုင် ကျွေးမွေးနိုင်လို့ ကပ်ပေါင်း နေပေမယ့် နက်ဖြန်ကိုယ့်မှာ အခက်အခဲဒုက္ခနဲ့ ရင်ဆိုင်တွေ့ လာတဲ့အခါကျတော့ တလှည့်ပြန်ပြီး ကူညီမှာမဟုတ်ဘူး၊ စွန့်ခွာ ထွက်သွားမယ့် လူမျိုးဖြစ်တယ်။ ဒီလိုလူမျိုးဟာ စီးပွားရေးလုပ် တဲ့နေရာမှာလဲ မျှမျှတတမရှိဘူး။ ငါရယင်ပြီးရော၊ ဘယ်သူတွေ ဘာဖြစ်နေနေဆိုပြီး နည်းမျိုးစုံသုံးပြီး ကိုယ့်အိတ်ထဲ အဘင်း ထည့်ဖို့ပဲ ကြိုးစားတတ်ကြတယ်။ အကွက်ချောင်းနေတတ်တယ်။ ဒီလိုလူမျိုးဟာ မပေါင်းသင်းထိုက်တဲ့ အပြင်၊ ဆိုရှယ်လစ်ခေတ် ပြောင်းကာလမှာ ရှိကို မရှိထိုက်တဲ့ လူတန်းစား တရပ်ပါပဲ။ ဒီလို လူမျိုးတွေ ရှိနေယင် မသိနားမလည်တဲ့ အလုပ်သမား လယ်သမား လက်လုပ်လက်စားလူတန်းစားတွေမှာ နစ်သထက် နစ်သွားလိမ့်မယ်။ အတိုးကြီးကြီးနဲ့ ငွေချေးတာမျိုး၊ လုပ်အား ကို ခေါင်းပုံဖြတ်တာမျိုး၊ မသိနားမလည်တဲ့ ရိုးသားသူတွေကို ပစ္စည်းအတုတွေ လိမ်ညာ ရောင်းချတာမျိုးတွေ လုပ်နေကြသူ တွေဟာလဲ မပေါင်းထိုက် မရှိထိုက်သူတွေပါပဲ။

လူမိုက်ဆိုတာ အမြဲတမ်းမကောင်းကြံခြင်း၊ မကောင်းပြော ခြင်း၊ မကောင်းမှု ပြုခြင်းကိုသာ လုပ်လေ့ရှိတယ်။ လူမိုက်နဲ့ ပေါင်းမိယင် ကိုယ်စိတ်ချမ်းသာမှု မဖြစ်ပဲ ကိုယ်စိတ်ဆင်းရဲမှု သာ ဖြစ်စေတယ်။ကိုယ့်အကျိုးစီးပွား ဖြစ်တွန်းမှုကို မဆောင်ပဲ၊ အကျိုးစီးပွား ပျက်စီးဆုတ်ယုတ်မှုသာ ဖြစ်စေတယ်။

ဒါကြောင့် လူလိမ္မာတယောက်၊ လူရည်ချွန် လူရည်မွန် တယောက် ဖြစ်စေချင်ယင် မြတ်စွာဘုရားရှင် ပထမဆုံး ဟော ကြားတော်မူတဲ့အတိုင်း "လူမိုက်ကို ရှောင်ပါ"လို့ အထူးသတိ ပေးလိုပါတယ်။

## သာကေဝတ္ထု

များသောအားဖြင့် သိဘူးပြီး ဖြစ်ကြပါလိမ့်မယ်။ မြတ်စွာဘုရား လက်ထက်တော်က ရှင်ဒေဝဒတ်ဟာ အဘိညာဉ်ရတဲ့ ရဟန်းတပါးပါပဲ။ ဒါပေမဲ့ အရိယာတော့ မဖြစ်သေးဘူး။ ဒါကြောင့်လဲ သူ့မှာ လောဘကိလေသာတွေ ဝင်နေတယ်။ သူ့စိတ်ထဲမှာ "ဘုရားရှင်ဟာ ငါ့ဆွေမျိုးဖြစ်ပေမယ့် ငါ့ကို ရာထူးကြီးကြီး မပေးဘူး။ ရှင်သာရိပုတ္တရာတို့၊ ရှင်မောဂ္ဂလာန်တို့ကျတော့ ရာထူးကြီးပေးထားတယ်။ ဒါကြောင့် သူတို့မှာ လာဘ်ပေါများပြီး ငါ့မှာတော့ ရှားပါးရတယ်"လို့ ဘုရားရှင်အပေါ် မကောင်းထင်ခဲ့တယ်၊ ရန်ညိုးဖွဲ့ခဲ့တယ်။

ဒါကြောင့် သူ့ကို နောက်က ထောက်ပံ့မယ့်သူရှာတော့ ဗိမ္ဗိသာရမင်းကြီးတို့၊ ကောသလ မင်းကြီးတို့ကတော့ ဘုရားလူတွေ၊အသက်လဲကြီးပြီ၊ စဉ်းစားဆင်ခြင်တုံတရားနဲ့လဲ ပြည့်စုံတာမို့ ငါစည်းရုံးလို့တော့ ရမှာမဟုတ်ဘူး။ အဇာတသတ် မင်းသားလေးကတော့ မနုးမနပ် လူငယ်ကလေး၊ သူအထင်ကြီးအောင် လုပ်ပြလိုက်ယင် ငါ့ကိုကြည်ညိုသွားပြီး အလွယ်တကူ စည်းရုံးလို့ ရမှာပဲလို့ တွေးမိတယ်။

ဒေဝဒတ်ဟာ သူဘာတ်ထားတဲ့ တန်ခိုးတွေနဲ့ သူ့ကိုယ်မှာ မြွေဆိုးကြီးတွေ ပန်ဆင်း ရစ်ပတ်ပြီးတော့ အဇာတသတ်ရဲ့ နန်းတော်ကို သွားတယ်။ ဒေဝဒတ်ကိုမြင်တော့ မင်းသားလေးဟာ သိပ်ကြောက်သွားတာပေါ့။ "သင်ဘယ်သူလဲ"လို့ မေး



ဒေဝဒတ်က အဇာတသတ်မင်းသားအား တန်ခိုးပြ၍
စည်းရုံးသိမ်းသွင်းပုံ

ဘော့ "ငါဒေဝဒတ်" လို့ ဖြေတယ်။ ပြီးတော့မှ သူ့ရဲ့လက်ချုပ်သွင်ကို ပြလိုက်တယ်။ ဒီမှာတင် အဇာတသတ်က သိပ်ကြည်ညိုသွားပြီး နေ့စဉ် ဆွမ်းဝတ်ငါးရာ ပို့တယ်။

ဒေဝဒတ်ဟာ လူမိုက်ပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ မြတ်စွာဘုရားဆိုတာ လေးသင်္ချေနဲ့ ကမ္ဘာတသိန်း ပါရမီဖြည့်ပြီးတော့မှ သဗ္ဗညုတ ရွှေဉာဏ်တော် ရခဲ့တာ။ ဒါပေမဲ့ သူက ဂေါတမဘုရားကို သတ်ပြီး အဇာတသတ် မင်းသားရဲ့ ထောက်ခံမှုနဲ့ ဘုရားသစ်လုပ်ဖို့ ကြံတာကိုး။ အဇာတသတ်ကိုလဲ ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကိုသတ်ပြီး ဘုရင်သစ်လုပ်ဖို့ အကြံပေးတယ်။

အဇာတသတ်ဟာ လူငယ်ကလေးဖြစ်လေတော့ စဉ်းစား ဆင်ခြင်တုံတရားမပြည့်သေးဘူး။ ဆရာအယောက်ကို ကြည်ညိုမိပြီဆိုယင်လဲ အရမ်းကြည်ညို၊ အရမ်းယုံကြည်တယ်။ ဒါကြောင့်လဲ ဒေဝဒတ်ခိုင်းတဲ့အတိုင်း ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို အစာငတ်, ရေငတ်ထားပြီး သတ်ခဲ့တယ်။

ကဲ...လူမိုက်နဲ့ ပေါင်းရတာ ဘယ်လောက် ကြောက်စရာကောင်းသလဲ။ ကိုယ့်အဖေအရင်းကိုတောင် မဆင်မခြင် ပြန်သတ်မိတဲ့အထိ ဖြစ်ခဲ့ရတယ်။ တကယ်ဆိုယင် အဇာတသတ်ဟာ ဆရာဇီဝကရဲ့ အကျိုးဆောင်မှုကြောင့် မြတ်စွာဘုရားကို ဖူးတွေ့ရပြီး သာမညဖလသုတ်ကို နာကြားရတဲ့အချိန်မှာ သောတာပန် တည်ဖို့ပါပဲ။ ဒါပေမဲ့ အဖကိုသတ်တဲ့ အနန္တရိယကံကြီးထိုက် ထားတာကြောင့် သောတာပန်မဖြစ်တဲ့အပြင် လောဟကုမ္ဘီငရဲ ခံရပါတော့တယ်။

လူမိုက်နဲ့ မပေါင်းမိအောင် ဝေးဝေးက ရှောင်ကြရမယ်။ တကယ်လို့များ ပေါင်းမိယင် ကိုယ့်ဘဝ ကိုယ်နှစ်တာပါပဲ။ အကျိုးစီးပွားမများတဲ့အပြင် အကျိုးယုတ်မှာသေချာပါတယ်။ လောကမှာလဲ အရှက်တကွဲ အကျိုးနည်းပြီး ဒုက္ခမျိုးစုံ တွေ့ရမှာဖြစ်တဲ့အပြင် နောင်သံသရာမှာလဲ အပါယ်ငရဲ ကျမှာသေချာပါတယ်။ ဒါကြောင့် လူမိုက်ကို မပေါင်းပါနဲ့လို့ ထပ်မံတိုက်တွန်းလိုက်ပါရစေ။

## ပညာရှိလူလိမ္မာများကို မှီဝဲဆည်းကပ်ရခြင်း
## ( ပဏ္ဍိတာနဉ္စ သေဝနာ )

" လူမိုက်ကို မပေါင်းပါနဲ့ " လို့တော့ တိုက်တွန်းပြီးခဲ့ပြီ။ ဒါဖြင့် ဘယ်သူနဲ့ ပေါင်းရမှာလဲ၊ ဘယ်သူ့ကို ချဉ်းကပ်ရမှာလဲ ဒီအတိုင်းပဲ နေရတော့မှာလား။

မြတ်စွာဘုရားသခင်ရဲ့ ဒုတိယမြောက် မိန့်ကြားချက်ကတော့ "ပညာရှိကို မှီဝဲ ဆည်းကပ်ပါ"တဲ့။

## ပညာရှိဆိုတာ ဘာလဲ

ပညာရှိဆိုတာ ဘယ်လိုလူစားမျိုးလဲ၊ ဘာဖြစ်လို့ မှီဝဲဆည်းကပ်သင့်သလဲဆိုတာ သိဖို့ လိုလာပြန်ပါတယ်။ ပညာရှိ ဆိုတာဟာ—

(က) သူစရိုက်မှုကို ပြုကျင့်သောသူမျိုး၊

(ခ) ယခုဘဝအကျိုး၊ နောက်ဘဝအကျိုးနှစ်မျိုးကို ရအောင် အားထုတ်သူမျိုး၊

(ဂ) သူ့ဖို့ ကိုယ့်ဖို့ နှစ်ဖို့သိတဲ့သူမျိုး၊

ကိုခေါ်တယ်။

## ပုံပြ ကြီးပွားချမ်းသာမင်္ဂလာ

ပညာရှိဟာ အမြဲတမ်းကောင်းတဲ့ အကြံကိုကြံခြင်း၊ကောင်း တဲ့စကားကို ပြောဆိုခြင်း၊ ကောင်းတဲ့အမှုကိုပြုခြင်းတွေကိုသာ လုပ်လေ့ရှိတယ်။ပညာရှိကိုပေါင်းယင် ကိုယ်စိတ်ဆင်းရဲမှု မဖြစ်ပဲ ကိုယ်စိတ်ချမ်းသာမှုသာ ဖြစ်ပွားနိုင်တယ်။ မိမိ အကျိုးစီးပွား ပျက်စီး ဆုတ်ယုတ်မှုယ်ရာ အကြောင်းမရှိပဲ မဖြစ်သေးတဲ့ အကျိုးစီးပွားဟာ ဒီရေအလား တိုးတက်စေနိုင်ပါတယ်။

ပညာရှိဆိုတာ ဓာပေဗဟုသုတ ကျမ်းဂန်နှံ့စပ်တယ်။ လော ကီ လောကုတ္တရာ နှစ်မျိုးလုံးမှာ ကောင်းတဲ့ သုစရိုက် အလုပ်ပဲ လုပ်တယ်။ မကောင်းတဲ့ ဒုစရိုက်အလုပ်တွေကို မလုပ်ဖူး။ ဆင် ခြင်တုံ တရားရှိတယ်။ ဒါကြောင့် ပညာရှိကို မှီခို ဆည်းကပ်မယ် ဆိုယင် "ဒါကကောင်းတယ်၊ ဒါကမကောင်းဖူး၊ ဒါကို လုပ် သင့်တယ်၊ ဒါတော့ မလုပ်သင့်ဖူး၊ ဒါကိုဖြင့် ဒီလို လုပ်သင့် တယ်" စသည်ဖြင့် အတွေ့အကြုံအရ လုပ်သင့်လုပ်ထိုက်တာ တွေကို မမှားတန်တာ မမှားရအောင် ညွှန်ပြပေးခြင်းဖြင့်ကိုယ့် အတွက် အကျိုးစီးပွား ဖြင့်ထွန်းလာမှာ သေချာပါတယ်။ ပညာရှိဆိုတာ ကိုယ်ကျိုးကို မကြည့်ဖူး။ အချား အကျိုးကိုပဲ ကြည့်တယ်။ နောက်ဆုံး အနစ်နာခံစရာရှိယင် သူသာအနစ်နာ ခံသွားတဲ့ပုဂ္ဂိုလ်မျိုး၊ ကိုယ်ကျင့်တရား ပြည့်ဝတဲ့ပုဂ္ဂိုလ်မျိုးပါပဲ။

ဒါကြောင့် လူလိမ္မာတယောက်၊ လူရည်ချွန်တယောက် ဖြစ် စေချင်ယင် မြတ်စွာဘုရား ဟောကြားတော်မူတဲ့အတိုင်း ပညာ ရှိကိုဆောင်ပါ (ဝါ) ပညာရှိကို အကြင်းမဲ့ ယုံကြည်စိတ်ချစွာ ဖြင့် မှီဝဲဆည်းကပ်ပါ၊ မိမိကိုယ်တိုင်လဲ ကြိုးစား အားထုတ် ပါလို့ ပြောကြားလိုက်ပါရစေ။

## သာဓကဝတ္ထု

ကာသိတိုင်း၊ ဗာရာဏသီပြည်၊ ဗြဟ္မဒတ်မင်းလက်ထက်မှာ ဘုရားလောင်းဟာ လှည်းကုန်သည် ငါးရာရဲ့ အကြီးအမှူးဖြစ်သလို ဒေဝဒတ်အလောင်းကလဲ တခြား လှည်းကုန်သည် ငါးရာရဲ့ အကြီးအမှူးဖြစ်တယ်။

ကုန်ရောင်းသွားကြဖို့ စီစဥ်တဲ့အခါ ဒေဝဒတ်အလောင်းက ဘုရားလောင်းအယင် ကြိုသွားပြီး ကုန်ရောင်းယင် ကြိုက်ဈေးရမှာပဲ၊ ငွေများများ ရမှာပဲဆိုတဲ့ လောဘနဲ့ အယင်ထွက်သွားခဲ့တယ်။

ဘုရားအလောင်းက ခရီးထွက်ခါနီးမှာ လှည်းသားငါးရာကို လမ်းခရီးမှာ ကန္တာရခရီး တောကြီးထဲက ဖြတ်ရမှာမို့ ငါမသိပဲ ဘာမှ မလုပ်ရဘူးလို့ မှာကြား ဆုံးမပြီး ခရီးထွက်ခဲ့တယ်။

ကန္တာရတောကြီးထဲ ရောက်တော့ ဘီလူးတွေက လူယောင်ဖန်ဆင်းပြီး၊ ရွှံ့တွေ ရေတွေဝိုင်ရွဲလျက် လက်ထဲမှာလဲ ကြာပန်းတွေကို ကိုင်ဆောင်လာယင်းက.... "ရှေ့မှာ လှပတင့်တယ်တဲ့ ရေကန်ကြီးရှိတယ်။ သင်တို့လည်း ပေါ့သွားအောင် ရေတွေသွန်ပစ်ခဲ့ကြပါလား" လို့ ပြောတယ်။



ဘီလူးများက လူယောင်ဖန်ဆင်းပြီး ဘုရားလောင်း လှည်းမှူးကြီးနှင့်
လှည်းသားငါးရာတို့အား ဖြားယောင်းသွေးဆောင်နေပုံ

ဘုရားလောင်းက သူတို့ရဲ့ရုပ်လက္ခဏာတွေကိုကြည့်ပြီး ဘီလူးတွေက လိမ်လည် လှည့်ဖြားနေကြောင်း သိတယ်။ ဒါကြောင့် ရေတွေကို သွန်မပစ်ဖို့ ပြောတယ်။ လှည်းသားငါးရာဟာလဲ ဘုရားလောင်းစကားကို နားထောင်ပြီး ခရီးဆက်ခဲ့ကြတယ်။

ကန္တာရကြီးရဲ့ အလယ်ရောက်တော့ ကြာမျိုးငါးပါးနဲ့ တင့်တယ်လှပတဲ့ ကန်သာယာကြီးကိုတော့ မတွေ့ရဘူး။ ပစ္စည်းအပြည့်နဲ့ လှည်းခွက်တွေ၊ လူနဲ့ နွားအရိုးစု၊ အရိုးပုံတွေသာ တွေ့ကြရတယ်။

အဲဒီအခါမှာ ဘုရားလောင်းပညာရှိ လှည်းမှူးကြီးက "ကဲ သင်တို့ မြင်ကြတယ် မဟုတ်လား၊ ဒေဝဒတ် လူမိုက်ဟာ ဘီလူးတွေရဲ့စကားကို ယုံမှားပြီး လိုရာခရီးကို အမြန်ရောက်ဖို့ ရေတွေ သွန်ပစ်ခဲ့တယ်။ လှည်းသားငါးရာဟာ စဉ်းစားဉာဏ်မရှိတဲ့ လူမိုက်ကို ဆရာတင်မိလို့ အစာရေစာ ငတ်မွတ်ပြီး ခွန်အားပြတ်ချိန်မှာ ဘီလူးအစား ခံလိုက်ရဘာပဲ"လို့ ပြောဆိုဆုံးမတယ်။

အဲဒီနောက် အရှင်မရှိတော့တဲ့ ပစ္စည်းတွေပါ တပါတည်း ယူဆောင်ပြီး ကန္တာရခရီး တောကြီးထဲက အမြန်ထွက်ခွာ၍ လိုရာအချပ် ရောက်တဲ့အခါ ပစ္စည်းတွေကို ရောင်းချခြင်းဖြင့် လှည်းသားငါးရာဟာ ချမ်းသာကြွယ်ဝသွားတယ်။

ဒီပုံကို လေ့လာခြင်းဖြင့် ပညာရှိကို မှီခဲ ဆည်းကပ်ရတဲ့ လှည်းသားငါးရာဟာ အသက်ဘေးက လွတ်မြောက်ရုံသာမက စီးပွားချမ်းသာပါ ဖြစ်ထွန်းခဲ့တယ်ဆိုတာ တွေ့ကြရပါလိမ့်မယ်။

ဒါကြောင့် ပညာရှိကို မှီခိုဆည်းကပ်ပြီး ပညာရှိများ ဆိုဆုံးမတဲ့ စကားကို တသွေမတိမ်း နားထောင် လိုက်နာကျင့်သုံးပါက မုချ ကြီးပွားချမ်းသာပါလိမ့်မယ်ဆိုတာ ရဲရဲကြီး ကတိပေးလိုက်ပါရစေ။

## (၃) ပူဇော်ထိုက်သောသူများကို ပူဇော်ခြင်း
## (ပူဇာ စ ပူဇနေယျာနံ)

ပူဇော်ထိုက်တဲ့သူတွေကို ပူဇော်တာဟာလဲ မင်္ဂလာတပါး ရယ်လို့ မြတ်ဘုရားစောဗုဒ္ဓက ထုတ်ဖော်ညွှန်းခဲ့ပါတယ်။

ဒီနေရာမှာ ပူဇော်ထိုက်သူများဆိုတာ ဘာလဲ၊ ပူဇော်ခြင်း ဆိုတာ ဘာလဲဆိုတဲ့ အချက်တွေကို သိဖို့လိုအပ်ပါတယ်။

### ပူဇော်ထိုက်သူ

ပူဇော်ထိုက်သူဆိုတာ ဘုရား, တရား, သံဃာ, ဆရာ, မိဘ, ဘိုးဘွား၊ ကိုယ့်ထက် အသက်ကြီးသော အကို, အမ, ဦးကြီး, ဦးလေး, ဘကြီး, ဘထွေး, အရီး, အဒေါ်, ယောက္ခမနဲ့ ခင်ပွန်းလင် အသက်အားဖြင့် ကြီးသူ (ဝယဝုဍ္ဍိ)၊ ရာထူး ဂုဏ်သိန်အားဖြင့် ကြီးသူ (ဂုဏဝုဍ္ဍိ) များကို ဆိုလိုပါတယ်။ တနည်းအားဖြင့်—

(က) ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အရိယာသံဃာ၊ သမ္မုတိ သံဃာ၊ ပညာရှိပုဂ္ဂိုလ်များသည် အများ သတ္တဝါ တို့၏ ပူဇော်ထိုက်သူ။

(ခ) ဆရာသည် တပည့်များ၏ ပူဇော်ထိုက်သူ။

(ဂ) မိဘ ဘိုးဘွားသည် သား သမီး မြေး မြစ်တို့၏ ပူဇော်ထိုက်သူ။

(ဃ) အကို အမသည် ညီ-ညီမ တို့၏ ပူဇော်ထိုက်သူ။

(င) ဦးကြီး၊ ဦးလေး၊ ဘကြီး၊ ဘထွေး၊ အရီး၊ အဒေါ် တို့သည် တူ-တူမ များ၏ ပူဇော်ထိုက်သူ။

(စ) ယောက္ခမသည် သမက်၊ ချွေးမ တို့၏ ပူဇော် ထိုက်သူ။

(ဆ) ခင်ပွန်းလင်သည် ဇနီး မယား၏ ပူဇော်ထိုက်သူ။

(ဇ) ပြည့်ရှင်မင်းသည် တိုင်းသူပြည်သား တို့၏ ပူဇော် ထိုက်သူ။

(ဈ) အသက်ကြီးသူသည် ငယ်ရွယ်သူ တို့၏ ပူဇော် ထိုက်သူ။

(ည) ပညာအားဖြင့် လည်းကောင်း၊ ရာထူး အား ဖြင့် လည်းကောင်း၊ ပစ္စည်းဥစ္စာအားဖြင့်လည်းကောင်း၊ ဂုဏ်သိန်ကြီးမြင့်သူသည် မိမိလက်အောက်မှ သက် ဆိုင်ရာ ပုဂ္ဂိုလ်များ၏ ပူဇော်ထိုက်သူ ဖြစ်၏။

## ပူဇော်ခြင်း

ပူဇော်ခြင်း ဆိုသည်မှာ အလေးအမြတ် ပြုခြင်း၊ ရှိခိုးခြင်း၊ ကန်တော့ခြင်း၊ မြတ်နိုးခြင်း၊ ဆုံးမသြဝါဒကို နာခံလိုက်နာ မှတ်သားခြင်း၊ ပစ္စည်းဝတ္ထု လှူဒါန်းပေးကမ်းခြင်း၊ ချီးမြှင့်

ထောက်ပံ့ခြင်း၊ ရှေးကောက်ဘင်မြှောက်ခြင်း၊ သူ့လာဘ်မြှင့်ခြင်း၊ လက်မှတ်ပေးခြင်း၊ ဧည့်ခံနှုတ်ဆက်ပွဲများ ပြုလုပ်ခြင်းတွေဟာ ပူဇော်ခြင်း မည်ပါတယ်။

## ပူဇော်ခြင်း ၂-မျိုး

အသက်ကအတိုင်း ပူဇော်တဲ့ နေရာမှာ ပူဇော်နည်း ၂-မျိုး ရှိပါတယ်။

(က) အာမိသပူဇာ = ပစ္စည်းဝတ္ထုဖြင့် ပူဇော်ခြင်း။

(ခ) ဓမ္မပူဇာ = ကျင့်ဝတ်တရားဖြင့် ပူဇော်ခြင်း။

**ပစ္စည်းဝတ္ထုဖြင့်ပူဇော်ခြင်း**—ဆိုတာက ဘုရားရှင်ကို ရည်စူးပြီး ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်ခြင်း၊ သံဃာတော်အရှင်မြတ်တွေကို ဆွမ်းသက်န်းစတဲ့ ဒါတဗ္ဗ ဝတ္ထု အစုစုတို့ကို လှူဒါန်း ပူဇော်ခြင်း၊ မိ ဘ ဘိုး ဘွား ယောက္ခမတွေကို မိမိရရှိတဲ့ ဝင်ငွေမှ ထောက်ပံ့ခြင်း စသည်တို့ ဖြစ်ပါတယ်။

**ကျင့်ဝတ်တရားဖြင့် ပူဇော်ခြင်း**—ဆိုတာက မြတ်စွာ ဘုရားဟောကြားဆုံးမတော်မူတဲ့ အတိုင်း သီလဆောက်တည်ခြင်း၊ သမထ ဘာဝနာ၊ ဝိပဿနာဘာဝနာပွားများ အားထုတ်ခြင်း၊ မိဘဘိုးဘွားဆရာသမားတို့ ဆိုဆုံးမတဲ့အတိုင်း လိုက်နာဆောင်ရွက်ခြင်း၊ မိမိထက် ဂုဏ်ကြီးတဲ့ အထက်လူကြီးများ ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းအတိုင်း၊ လိုက်နာ ကျင့်သုံးခြင်း၊ မိမိထက် အသက်ကြီးတဲ့ ပုဂ္ဂိုလ်များ ညွှန်ပြတဲ့အတိုင်း လိုက်နာခြင်းတို့ ဖြစ်ပါတယ်။

## အကျိုးကျေးဇူး

အဲဒီလို ပူဇော်ခြင်းအားဖြင့် လောကမှာလဲ လူလိမ္မာ လူယဉ်ကျေး ဖြစ်လာတယ်။ အကျင့် သီလ ကောင်းသူ၊ စာရိတ္တ ကောင်းသူ၊ အများ ယုံကြည် ကိုးစား ခံရသူ ဖြစ်လာတယ်။ အများရဲ့ ချစ်ခင်လေးစားမှုကိုခံယူရတယ်။ ဣန္ဒြေ စောင့်စည်းသူ၊ သိမ်မွေ့သူ၊ရိုးသားတည်ကြည်သူ ဖြစ်လာတယ်။ အလုပ်ခွင်မှာ ဆိုယင်လဲ လုပ်ခွင်စည်းကမ်း လိုက်နာသူ စံပြလုပ်သား ဖြစ်လာနိုင်တယ်။ ကျောင်းမှာ ဆိုယင်လဲ ကျောင်းစည်းကမ်း လိုက်နာသူ လူရည်ချွန် ကျောင်းသား ဖြစ်လာနိုင်တယ်။ သံသရာမှာဆိုယင်လဲ လူချမ်းသာ၊ နတ်ချမ်းသာ ရနိုင်တယ်။ ပြီးတော့လဲ–

(က) အာယု = အသက်ရှည်ခြင်း

(ခ) ဝဏ္ဏ = အဆင်းလှခြင်း

(ဂ) သုခ = ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်း

(ဃ) ဗလ = ခွန်အားဗလ ပြည့်ဖြိုးခြင်း

(င) ပဋိဘာန = ပညာဉာဏ်ထက်သန်ခြင်း

ဆိုတဲ့ ဗလငါးတန်နဲ့ ပြည့်စုံနိုင်တဲ့အပြင်၊နောက်ဆုံးဘဝမှာနိဗ္ဗာန်ကိုပင် မျက်မှောက်ပြုနိုင်မှာ ဖြစ်ပါတယ်။

ပညာရှိ သူတော်ကောင်းဆိုတာ ပူဇော်ခံထိုက်တဲ့အရပ်မှာ သာနေကြတယ်။ ပူဇော်မည့်သူ မရှိတဲ့အရပ်မှာ မနေဘူး။ ပညာရှိ သူတော်ကောင်းကို မမှီဝဲရယင် အကျိုးစီးပွား ဖြစ်ထွန်းမှာ

မဟုတ်ဘူး။ အကျိုး ဆုတ်ယုတ်ဖွယ်သာ ရှိတယ်။ ဒါကြောင့် ပူဇော်ထိုက်သူကို ပူဇော်ပါ။အဲဒီလို ပူဇော်ခြင်းအားဖြင့် ပညာရှိသူတော်ကောင်းများကို မှီခိုဆည်းကပ်ရပြီး အကျိုးကျေးဇူး အထူး ဖြစ်ထွန်းပါလိမ့်မယ်ဆိုတာ အကြံပေးလိုက်ပါရစေ။

## သာဓကဝတ္ထု

ဂေါတမ မြတ်စွာဘုရားရှင် လက်ထက် ရာဇဂြိုဟ်ပြည်မှာ ဓမောင်သုမနဆိုတဲ့ ပန်းသည်လေးတယောက်ရှိတယ်။ ဗိမ္ဗိသာရ မင်းကြီးဆီမှာ နေ့စဉ် ပန်းဆက်ရတာ တနေ့ကို ရှစ်ကျပ်ရတယ်။

တနေ့တော့ ဘုရားရှင်ဟာ ရဟန္တာအပေါင်း ခြံရံပြီး ဆွမ်းခံကြွလာတာ တွေ့တဲ့အခါ "ငါဟာ မင်းကြီးကို တွေ့ဖို့လွယ်တယ်၊ ဘုရားရှင်ကို ဖူးမြင်ဖို့ဆိုတာ ကြုံကြိုက်ခဲတယ်၊ မင်းကြီးထံမဝင်မီ ဘုရားရှင်ကို အရင်ဖူးဦးမှပဲ"လို့ ကြံစည်ပြီး ဘုရားရှင် ကြွလာမယ့်လမ်းက စောင့်နေတယ်။

ဘုရားရှင်ဟာ ရောင်ခြည်တော်ခြောက်သွယ်လွှတ်ပြီး ရဟန္တာအပေါင်း ခြံရံလို့ ကြွလာတာကို မြင်တော့ မောင်သုမနဟာ ကြည်ညိုလွန်းလို့ ပီတိအဟုန်တွေ လွှမ်းခြုံပြီး မြေပေါ်မှာ ဝပ်စင်းလျက် ငါးပါးသော ထိခြင်းဖြင့် ပြားပြားဝပ် ရှိခိုးသိုက်တယ်။ ပြီးတော့ စိတ်ထဲကလဲ ဒီလိုအကြံ ဖြစ်လာတယ်။

"ငါဟာ ဤ မလေးပန်းတွေအတွက် မင်းကြီးဆီက တနေ့ ရှစ်ကျပ် ရပေမယ့် ယခုဘဝအတွက် ဝမ်းရေးမျှသာ ပြင်လို့ မမြတ်ဘူး။ ဒါကြောင့် ငါဟာ ဘုရားရှင်ထံက တမလွန် သံသရာအကျိုးအတွက် ယူးမြတ်သောဆုကြီးကို ဤ မလေးပန်း.

ဒါနဲ့ အရယူတော့မယ်။ မင်းကြီးက ပန်းဝတ်ပျက်လို့ ငါ့ကို သတ်ယင်လဲ သတ်စေတော့ ဘုရားရှင်အား လှူဒါန်းပူဇော်တော့မယ်”လို့ ဝိတ်ဆုံးဖြတ်လိုက်တယ်။

ထို့နောက် မလေးပန်းတွေကို မြတ်စွာဘုရားရှင်အပေါ် ဖြန့်ကြဲလိုက်တဲ့အခါ ဘုရားရှင်ရဲ့ ဦးခေါင်းတော်ပေါ်မှာ ပန်းမျက်နှာကြက်ကြီး အဖြစ် တည်ပြီး နေတော့တယ်။ အဲဒီ ပန်းဆိုင်း မျက်နှာကြက်ကြီးဟာ ပြုတ်မကျပဲ မြတ်စွာဘုရားရှင် ကြွလှမ်းလေရာမှာ အစဉ်အစိုက် လိုက်နေလေတော့ တုံးကဲစွာသော အပြင်ကို တမြို့လုံး အုတ်အော်သောင်းတင်း အံ့သြပြီး ရှိခိုးကန်တော့ကြတယ်။

မောင်သုမနဟာ ဝမ်းမြောက်ဝမ်းသာ အိမ်ပြန်ပြီး အကျိုး အကြောင်း ပြောပြတော့ သူ့မယား မိန်းမမိုက်ဟာ အငတ် ခံပြီး ဘုရားကို လှူရပါ့မလားလို့ ဆူဆဲကြိမ်းမောင်းရုံသာမက မင်းကြီးထံ သွားရောက်တိုင်တန်းတဲ့အပြင် သားကိုလက်ဆွဲပြီး အိမ်ပေါ်က အပြီးအပိုင် ဆင်းသွားပါလေရော။

မောင်သုမနကတော့ သားနဲ့မယားက ပစ်သွားရုံမက မင်းကြီးပေးတဲ့ အပြစ်ကို ခံရစေဦးတော့ ဝမ်းနည်းမှု လုံးဝ မဖြစ်ပဲ သူလှူဒါန်း ပူဇော်ခဲ့ရတာကို ပြန်လည် စဉ်းစားပြီး သဒ္ဓါတရားတွေ ထက်သန် ပွားများနေပါတယ်။

အဖြစ်အပျက် အစုံကို သိရတော့ ဗိမ္ဗိသာရ မင်းကြီးဟာ ဘုရားကို သွားပြီး ပူဇော်တယ်။ မောင်သုမနရဲ့ ပန်းဆိုင်း မျက်နှာကြက်နဲ့ မြတ်စွာဘုရားရဲ့ အသရေတော်ဟာ တင့်တယ်



မောင်သုမန ကြဲဖြန့်လှူဒါန်းလိုက်သော ပန်းများသည်
မြတ်စွာဘုရားရှင်၏ ဦးခေါင်းတော်ပေါ်၌ ပန်းမျက်နှာကြက်ကြီးအဖြစ်
တည်နေပုံ

လှနန်းဆို့ အလွန်ကြည်ညိုတာနဲ့ ဘုရားရှင်နောက်က လက်အုပ်ချီပြီး အစဉ်တစိုက် ကောက်ကောက်နဲ့ လိုက်ခဲ့ပါတယ်။အဲဒီပန်းဆိုင်းဟာလဲ ဝေဠုဝန် ကျောင်းတော်ကို ရောက်လို့ ဘုရားရှင် ဂန္ဓကုဋိ တိုက်ထဲ ဝင်တော့မှပဲ တိုက်တံခါးဝမှာ ကျကုန်တယ်။

မင်းကြီးဟာ ပန်းသယ်ကလေး မောင်သုမနကို ခေါ်ယူပြီး ဆင်မြင်း အခြွေအရံ၊အဝတ်တန်ဆာတွေနဲ့ တကွ အခွန်တသိန်း စီထွက်တဲ့ ရွာကြီးရှစ်ရွာကိုပါ ပေးအပ် ချီးမြှောက်လိုက်တယ်။

ဒီဝတ္ထုကို လေ့လာခြင်းအားဖြင့် သားမယားနဲ့တကွ မိမိအသက်ကိုတောင် မငဲ့ကွက်ပဲ ပူဇော်ထိုက်သောသူကိုသဒ္ဒါတရားထက်သန်စွာ လှူဒါန်းပူဇော်တဲ့အကျိုးကြောင့် လက်ငင်း လက်တွေ့ အကျိုးထူး ခံစားရပုံကို တွေ့ရပါလိမ့်မယ်။

ဒါကြောင့် ကြီးပွားချမ်းသာပြီး စိတ်၏ချမ်းသာခြင်းကိုယ်၏ချမ်းသာခြင်းတို့ကိုလိုချင်ယင်"ပူဇော်ထိုက်တဲ့သူကိုပူဇော်ပါ" လို့ မှာကြားပါရစေ။

## ပထမဒေသနာတော် မင်္ဂလာ (၃) ပါး၏ နိဂုံးချုပ် မှတ်ဖွယ်

လောကီ လောကုတ္တရာ၊ နှစ်ဖြာအကျိုး။
ဖွံ့ဖြိုးလိုလား၊ အမျိုးကောင်းသားသည်၊
လူမိုက်ကိုရှောင်ရှား၊
ပညာရှိသူတော်ကောင်းကို ပေါင်းသင်းဆက်ဆံ၊
ပူဇော်ရန်ဌာနကို ပူဇော်ပသရာသတည်း။

## ဒုတိယ ဒေသနာရှုကွက်
## မင်္ဂလာ (၃)ပါး
### ပါဠိတော်

ပတိရူပဒေသဝါသော စ၊ ပုဗ္ဗေ စ ကတပုညတာ။
အတ္တသမ္မာပဏိဓိစ၊ ဧတံ မင်္ဂလ မုတ္တမံ။

### အနက်

ဒေဝပုတ္တ၊ နတ်သား။ ပတိရူပဒေသဝါသော စ၊ သင့်တင့် လျောက်ပတ်သော အရပ်၌ နေရခြင်းသည်လည်းကောင်း။ ပုဗ္ဗေ၊ ရှေးဘဝ၌။ ကတပုညတာ စ၊ ပြုခဲ့ဘူးသော ကောင်းမှု ရှိသောသူ၏ အဖြစ်သည်သည်လည်းကောင်း။ အတ္တသမ္မာပဏိဓိ စ၊ မိမိကိုယ်ကို ကောင်းစွာ ဆောက်တည် ရခြင်း သည်လည်း ကောင်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤသုံးပါးသည်လျှင်။ ဥတ္တမံ၊ မြတ်သော။ မင်္ဂလံ၊ မင်္ဂလာမည်၏ ဟူ၍။ တွံ၊ သင် နတ်သား သည်။ ဂဏှာဟိ၊ မှတ်လေလော့။

### အဓိပ္ပာယ်

(၄) သင့်တင့်လျောက်ပတ်သော အရပ်၌ နေရခြင်း၊
(၅) ရှေးဘဝက မိမိပြုခဲ့ဘူးသော ကောင်းမှု ရှိသောသူ ဖြစ်ရခြင်း၊
(၆) မိမိကိုယ်ကို ကောင်းစွာ စောင့်ရှောက်ရခြင်း၊

## မင်္ဂလာ ကဗျာ

ကုသိုလ်ပညာ ဥစ္စာရဖို့
သင့်ရာဒေသ အမြဲနေ။
ရှေးကတင်ကြို ပြုခဲ့ဘူးသည့်၊
ကောင်းမှုအထူး ရှိပါစေ။
မိမိကိုယ်ကို ကောင်းအောင်ထိန်းလို့၊
မတိမ်းစေနဲ့ ဆောက်တည်လေ။
ဥစ္စာကိုပေး....နေထိုင်ရေး
မျှော်တွေး သုံးချက်ပေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့ မင်္ဂလာတွေ။ ။

## သင့်တင့်လျောက်ပတ်သော အရပ်၌နေရခြင်း

## (ပတိရူပဒေသဝါသော စ)

သင့်တင့်လျောက်ပတ်သောအရပ်—ဆိုတာကတော့ ပညာရှိကို မှီဝဲဆည်းကပ်ရခြင်းစတဲ့ မင်္ဂလာတို့ကို ရရှိပြီး ကောင်းကျိုးချမ်းသာကို ပေးနိုင်တဲ့အရပ်မျိုး၊ ရတနာသုံးပါး ထွန်းကားတဲ့အရပ်မျိုး၊ မြို့ကိုဖြစ်စေ၊ ရွာကိုဖြစ်စေ ကုသိုလ်ဥစ္စာ ရရှိနိုင်တဲ့အရပ်မျိုးကို ဆိုလိုပါတယ်။

### သင့်တင့်လျောက်ပတ်သော အရပ်(ပတိရူပ)

(က) သာသနာ ထွန်းကားရာအရပ်၊

(ခ) ပညာကို လွယ်ကူစွာ သင်ကြား ခံယူနိုင်သောအရပ်၊

(ဂ) ဆေးကောင်း ဝါးကောင်း၊ သမားကောင်းရသော အရပ်၊
(ဃ) ဘေးဥပဒ်ရောဂါ ကင်းစင်သောအရပ်၊
(င) ပစ္စည်းဥစ္စာ ရှာဖွေရယူလွယ်သောအရပ်၊
(စ) မိတ်ဆွေ သူတော်ကောင်း ပေါင်းသင်းဖို့ ပုဂ္ဂိုလ် များသောအရပ်၊
(ဆ) အသက်စည်းစိမ် အိုးအိမ် လုံခြုံမှု ရှိသောအရပ်၊

**မနေသင့်သောအရပ် (အပတိရူပ)**

(က) ရတနာသုံးပါးကို ရှိသေခြင်း မရှိသောအရပ်၊
(ခ) မိစ္ဆာအယူရှိသော သူတို့ နေသောအရပ်၊
(ဂ) သေအရက် သောက်စားမူးယစ် လောင်းကစားသူတို့ နေသောအရပ်၊
(ဃ) ဆေးဝါး သမားကောင်း မရှိသောအရပ်၊
(င) မှက်၊ ခြင်၊ မြွေ၊ သားရဲ၊ ဘီလူး သဘက်စသည် ပေါသောအရပ်၊
(စ) ပညာ စီးပွားဥစ္စာ ရှာဖွေရဖို့ခက်ခဲသောအရပ်၊
(ဆ) အသက်စည်းစိမ်အိုးအိမ် လုံခြုံမှုမရှိသောအရပ်၊

**သာဓကဝတ္ထု**

ရှေးတုန်းက လက်ာဒီပခေါ်တဲ့ သီဟိုဠ်ကျွန်းမှာ ရက္ခသီဆိုတဲ့ ဘီလူးမက ဘီလူးမတွေကို အုပ်ချုပ်နေတယ်။ သင်္ဘောပျက်လာသူတွေကို ဖမ်းပြီး လင်လုပ်တယ်။ ငြီးငွေ့လာတဲ့အခါ

ကျတော့ သတ်စားတာပေါ့။ တခါတော့ ဘာရတလုလင် ခေါင်းဆောင်တဲ့ ကုန်သည်ငါးရာဟာလဲ သဘင်္ဘောပျက်ပြီး လင်္ကာဒီပကျွန်းကို ရောက်သွားတယ်။ ဘာရတလုလင်ကို ဘီလူးဘုရင်မ ရက္ခသီက ထုံးစံအတိုင်း လင်ပြုထားသလို ကျန်တဲ့ ကုန်သည်ငါးရာကိုလဲ တခြား ဘီလူးမတွေက အသီးသီး လင်ပြုကြတာပေါ့။

တနေ့တော့ ဘာရတလုလင်က "ဒီ မိန်းတွေဟာ အလုပ်လည်းမလုပ်၊ အဝတ်တန်ဆာတို့နဲ့လဲ ပြည့်စုံတယ်၊ အရိပ်လည်း မထွက်၊ ဖနောင့်လည်းတို၊ မျက်ထောင့်လဲ နီတယ်၊ လူမဟုတ်တန်ရာ၊ ငါသိအောင် စုံစမ်းမှပဲ" ဆိုပြီး တညမှာ သူ့မိန်းမ မရှိခိုက် အသာလိုက်ကြည့်တော့ ဖမ်းထားတဲ့ လူတွေကို ရက်ရက်စက်စက် ကုပ်ချိုးပြီး သတ်စားနေတာ တွေ့ရတယ်။

ဒါနဲ့ သူ့အပေါင်းအသင်း ငါးရာကို ခေါ်ပြီး "အချင်းတို့ ဒီအရပ်ဟာ နေအပ်တဲ့ အရပ်မဟုတ်ဖူး။ ဘီလူးတိုင်းပြည် ရောက်နေပါပကော၊ ပြေးကြစို့" လို့ ပြောပေမယ့် အပေါ်တွေက "ငါတို့တော့ ဒီနတ်ပြည်က မခွာနိုင်ဘူး" ဆိုပြီး မလိုက်ပဲ နေခဲ့တယ်။

ဒါကြောင့် ဘာရတလုလင်ဟာ အသက်နဲ့ကိုယ်မြဲပြီး မိမိအရပ်ဒေသကို ပြန်ရောက်ခဲ့ပေမယ့် ကျန်တဲ့သဘင်္ဘောသားငါးရာကတော့ ဘီလူးအစားခံလိုက်ရလို့ အသက်ဆုံး ရှုံးကုန်တယ်။

ဒါကြောင့် သင့်တင့်လျောက်ပတ်ခြင်း မရှိတဲ့ အရပ်မှာ နေယင် ဒုက္ခနဲ့ တွေ့ကြုံရဘဘ်ပါတယ်။ သင့်တင့်လျောက်ပတ်တဲ့



ဘီလူးမက လူသားယောင်ဆောင်ပြီး လှည့်စားနေပုံ

အရပ်မှာ နေရခြင်းသည်သာ မင်္ဂလာနဲ့ ပြည့်စုံပါတယ်လို့ မှာလိုက်ပါရစေ။

## (၅) ရှေးဘဝက မိမိပြုခဲ့ဘူးသော ကောင်းမှုရှိသူ ဖြစ်ရခြင်း

(ပုဗ္ဗေ စ ကတပုညတာ)

ရှေးဘဝက မိမိပြုခဲ့ဘူးသော ကောင်းမှုရှိဖို့အရေးကြီးတယ်။ ရှေးဘဝက ကောင်းမှုရှိသူဟာ ယခုဘဝမှာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာ နေရတယ်။ ရုပ်အဆင်း လှတယ်၊ ပညာ ဘတ်တယ်။ အဲဒီ အချက်တွေနဲ့ ဆန့်ကျင်ဘက်တွေကတော့ ရှေးဘဝက ကောင်းမှု မပြုခဲ့သူတွေပါပဲ။ ဒါကြောင့် ရှေးဘဝ က ကောင်းမှု ပြုခဲ့ဘူးတာဟာလဲ မင်္ဂလာတပါးလို့ ဆိုလိုပါ တယ်။

### ရှေးဘဝ ကောင်းမှုရှိ-မရှိ သိနိုင်ပုံ

(က) အသက်တိုခြင်း-ရှည်ခြင်း
(သူတပါးအသက် သတ်သူနှင့် မသတ်သူ)

(ခ) အနာရောဂါ ရှိခြင်း-မရှိခြင်း
(သူတပါး ညှဉ်းဆဲသူနှင့် မညှဉ်းဆဲသူ)

(ဂ) ရုပ်အဆင်း မလှခြင်း-လှခြင်း
(ဒေါသကြီးသူနှင့် စိတ်ရှည်သူ)

(ဃ) အခြွေအရံ နည်းခြင်း-များခြင်း
(ငြူစူတတ်သူနှင့် ဝန့်တိုစိတ်ကင်းသူ)

(င) ဥစ္စာ ချို့တဲ့ခြင်း-ပေါများခြင်း
(နှမြောတွန့်တိုသူနှင့် အလှူပေးသူ)
(စ) အမျိုး မမြတ်ခြင်း-မြတ်ခြင်း
(မာနထောင်လွှားသူနှင့် နှိမ့်ချသူ)
(ဆ) ပညာ မတတ်ခြင်း-တတ်ခြင်း
(သူတပါးကို သင်ပြသူနှင့် သူတပါးကို မတတ်စေလိုသူ)
(ဇ) ချစ်ခင်သူ နည်းခြင်း-ပေါများခြင်း
(မလိုမုန်းထားသူနှင့် မေတ္တာရှေ့ထားသူ)

## သာဓက ဝတ္ထု

ရှေးတုန်းက ဗာရာဏသီပြည်မှာ ရှေးဘုန်းရှေးကံ နည်းပါးပြီး အလိုရမက်ကြီး၍ ကြမ်းကြုတ်ရက်စက်တဲ့ ဗြဟ္မဒတ်မင်းကြီး အုပ်စိုးတယ်။ ဒါကြောင့် တိုင်းသူပြည်သားတွေက မုန်းတီးရှုံ့ရှာပြီး တိုင်းပြည်တခုလုံး ချောက်ချားနေတယ်။

တခုသောရွာမှာ နေတဲ့ သူကြွယ်ကလေး သုဇာတာမောင်နှံကတော့ ရှေးကပြုဘူးတဲ့ ကုသိုလ်ကံရှိလို့ ချမ်းသာတယ်၊ သီလဘန်ခိုးနဲ့ ကြွယ်ဝတယ်၊ ရုပ်ချောတယ်၊ စိတ်ထားပြူစင်တယ်။

တနေ့တော့ ဇနီးမောင်နှံနှစ်ယောက် ဗာရာဏသီမြို့ထဲမှာ လှည်းစီးပြီး သွားတဲ့အခါ မင်းကြီးဟာ သုဇာတာရဲ့ ဇနီးကို မြင်တော့ တပ်မက်လာတယ်။ ဒါကြောင့် သူ့ရဲ့ပတ္တမြားဥသျှောင်ကို လှည်းထဲမှာ ဝှက်ခိုင်းပြီး သုဇာတာကို သူခိုးစွပ်စွဲလို့ သတ်စေတယ်။



သိကြားမင်းက အသတ်ခံရမည့် ဖျာလိပ်ထဲမှ သူကြွယ်သုဇာတာကို
ဆင်ပေါ်မှ ဘုရင်ယုတ်နှင့် နေရာချင်း လဲထားပုံ

သူကြွယ်ကလေးကိုသတ်ဖို့ ဖျာလိပ်ထဲမှာ လိပ်ပြီး သုသာန်ကို ခေါ်သွားတော့ သူကြွယ်ကတော်လေးက "ဒီလောကမှာ သီလရှိသူကို စောင့်ရှောက်တဲ့ နတ်၊ သိကြား၊ ရဟန်း၊ ပုဏ္ဏားတွေ မရှိကြတော့ဘူးလား"လို့ ငိုကြွေးမြည်တမ်းတယ်။

သိကြားမင်းက သိတဲ့အခါ ဖျာလိပ်ထဲက သူကြွယ်ကို ထုတ်ပြီး မင်းယုတ်ကို လဲထည့်လိုက်တယ်။ သူသတ်သမားတွေက သူကြွယ်အမှတ်နဲ့ ဦးခေါင်းဖြတ်လိုက်တဲ့အခါမှာ မင်းယုတ်ဟာ စင်းစင်းသေပါလေရော။ သူကြွယ်လေးကတော့ မင်းနေရာ ဆင်ဦးကင်းပေါ် ရောက်နေတာ တွေ့ရတော့တယ်။

သိကြားမင်းက ကိုယ်ထင်ပြပြီး ကောင်းကင်မှာ ရပ်လျက် "အို .... လူအများတို့ .... သီလနဲ့ ပြည့်စုံ၍ ရှေး၌ပြုခဲ့ဘူးသော ကောင်းမှုရှိသည့် ပုဗ္ဗေ စ ကတပုညတာ၊ မင်္ဂလာ အရှင်မြတ်ကို အဘယ် နတ် သိကြားလျှင် မကူညီပဲ ရှိအံ့နည်း။ မင်းသည့် ရှေးဘုန်း ရှေးကံ နည်း၍ တရားမစောင့်ခဲ့ပါလျှင် တိုင်းသူပြည်သားများသည် ကပ်သုံးပါးသင့်၍ ဘေးဒုက္ခ ကျရောက်တတ်၏။ ထို့ကြောင့် သင်တို့သည် ယနေ့မှစ၍ ချမ်းသာခြင်းသို့ ရောက်ကုန်လတံ့။ မမေ့မလျော့မှု၍ ဒါန၊ သီလ၊ ဘာဝနာ တရားတို့ကို ပွားများကြကုန်လော့"လို့ မှာကြားပြီး သူကြွယ်ကို မင်းအဖြစ်၊ သူကြွယ်ကတော်ကို မိဖုရားကြီးအဖြစ် သိကြားမင်း ကိုယ်တိုင် အဘိသိက်သွန်းပြီး မင်းမြှောက်ပေးလိုက်တယ်။

ဒါကြောင့် ရှေးကပြုခဲ့ဘူးတဲ့ ကောင်းမှုရှိသူဟာ ဘယ်လောက်ပဲ ဆင်းရဲဒုက္ခနဲ့ တွေ့ကြုံနေပစေ တနေ့ ကျယင် "သူတော်ကောင်း နတ်ကောင်းမ" ဆိုသလို ချမ်းသာသုခနဲ့ မုချ တွေ့ရပါလိမ့်မယ်ဆိုတာ ပြောကြားလိုပါတယ်။

## (၆) မိမိကိုယ်ကို ကောင်းစွာ စောင့်ရှောက်ရခြင်း

## ( အတ္တသမ္မာ ပဏိဓိ ၈ )

မိမိကိုယ်ကို ကောင်းစွာ စောင့်ရှောက်ခြင်းဆိုတာ မိမိရဲ့ ကိုယ်နဲ့ စိတ်ကို မကောင်းတဲ့အမှု မပြုမိအောင် နေချင်ရာမနေ၊ သွားချင်ရာမသွား၊ စားချင်ရာမစားမိအောင် ထိန်းသိမ်းပြုပြင်ခြင်း၊ ကိုယ်, နှုတ်, နှလုံး သုံးပါးလုံးကို ယဉ်ကျေးဖွယ်ရာ သိမ်မွေ့စွာထားခြင်း၊ တည်တည်ငြိမ်ငြိမ် ဣန္ဒြေရှိခြင်းတို့ကို ဆိုလိုပါတယ်။ အထူးသဖြင့် ကောင်းတဲ့ဘက်မှာ စိတ်ထားနိုင်အောင် ကြိုးစားရမယ်။ ဒါဟာ စိတ်ဓာတ်ကောင်းမွန်ရေးနဲ့ စာရိတ္တပြုပြင်ရေး မင်္ဂလာတပါး ပါပဲ။ အဆုံးစွန်မှာ လောကီ ရေး၌သာမက လောကုတ္တရာမှာလည်း အရိယာပုဂ္ဂိုလ်ဖြစ်သည် အထိ အကျိုးများနိုင်ပါတယ်။

### အတ္တသမ္မာပဏိဓိ ဖြစ်အောင် ပြုလုပ်ပုံ

(က) ကိုယ်ကျင့်တရား မရှိသေးသော မိမိကိုယ်ကို ကိုယ်ကျင့်တရား ရှိအောင် ပြုပြင်ရမည်။

(ခ) ရတနာသုံးပါး မကြည်ညိုသေးသော မိမိ ကိုယ်ကို ရတနာသုံးပါး ကြည်ညိုအောင် ပြုပြင်ရမည်။

(ဂ) စိတ်ညစ်, စိတ်ဒွေ, စိတ်သေလွင့်နေသော မိမိကိုယ်ကို မလေလွင့်အောင် ပြုပြင်ရမည်။

(ဃ) စာပေပညာ မသင်ကြားချင်သော မိမိကိုယ်ကို သင်ကြားချင်အောင် ပြုပြင်ရမည်။

(င) ပျင်းရိနေသောစိတ်ကြောင့် အလုပ် မလုပ်ချင်သော မိမိကိုယ်ကို အလုပ်လုပ်ချင်အောင် ပြုပြင်ရမည်။

## သာဓက ဝတ္ထု

သီဟိုဠ်ကျွန်းမှာ မုဆိုးတယောက်ဟာ ရေငတ်ငတ်ရှိတာနဲ့ တောကျောင်း တကျောင်း ဝင်သွားတယ်။ ရေအိုးစင် တွေ့လို့ ခပ်လိုက်တော့ ရေမရှိဘူး။ ဒါကြောင့် "ဘုန်းကြီး လုပ်နေပြီး ရေမှ ခပ်မထားဘူး၊ ပျင်းလိုက်တာ" လို့ ဆိုသတဲ့။

ဘုန်းကြီးက ကြားတော့ "ငါ ညကပဲ ရေခပ်ထားတာပဲ" ဆိုပြီး ကြည့်လိုက်တော့ ရေအိုးထဲမှာ ရေကအပြည့်။ "ဒါတွေ ရေမဟုတ်လား" လို့ ဘုန်းကြီးက ပြတော့မှ မုဆိုးလဲ ရေတွေ့ပြီး သောက်ရသတဲ့။

ဒါကိုမြင်တော့ ဘုန်းကြီးက မုဆိုးကို ဘာလုပ်စားသလဲလို့ မေးတယ်။ မုဆိုး ဖြစ်မှန်းသိတော့ "ဒကာ....သင့် အကုသိုလ် တွေ ကြီးလိုက်တာဟယ်... ငါခပ်ထားတဲ့ ရေတွေကတောင် သင့် အမြင်မခံလိုဘူး"လို့ ပြောတယ်။ မုဆိုးလဲ ထိတ်လန့် သံဝေဂ ဉာဏ် ဖြစ်လာလို့ အဲဒီကျောင်းမှာပဲ ကိုရင် ဝတ်နေတော့တယ်။

တလလောက်ကြာတော့အိမ်ကိုလွမ်းပြီး လူထွက်လိုကြောင်း လျှောက်တယ်။ ဘုန်းကြီးက "ထွက်ချင်ယင် ထွက်တာပေါ့၊ မထွက်ခင် သစ်သားအစို ဆယ်တောင်လောက်မြင့်အောင် ခုတ် ပြီး ပုံပေးစမ်း" လို့ ခိုင်းတယ်။



အကုသိုလ်များသော မုဆိုးကြီး တောကျောင်းတံကျောင်းတွင်
ရေဝင်သောက်နေပုံ

မုဆိုးလဲ ချက်ချင်း တောထဲ သွားပြီး ခုတ်ပုံပေးတာပေါ့။ ဒီတော့ ဘုန်းကြီးက "ကိုရင်ကြီး ထင်းပုံကို မီးရှို့လိုက်စမ်း" လို့ ခိုင်းတော့ ထင်းက အစိုတွေမို့ မီးမလောင်ဘူး။ အဲဒီအခါ ဘုန်းကြီးက "ဟောဒီမှာကြည့်" ဆိုပြီး တန်ခိုးနဲ့ မြေလှန်၊ ငရဲပြည်က ငရဲမီးကလေး ပိုးစုံးကျူးလောက် လှမ်းယူပြီး ထင်းပုံပေါ် ချလိုက်တာ ချက်ချင်း မီးတောက်ရဲ မကပဲ ပြာကျသွားပါရော။

ဒီတော့မှ ဘုန်းကြီးက "ကိုရင်ကြီး ထွက်ချင်ယင် ထွက်တော့ ဘသက်လုံး မုဆိုးလုပ်နေတာ၊ နင်သေယင် ဟောဒီငရဲမှာ ခံရမှာပဲ" လို့ ဆိုလိုက်တော့ ကြောက်လွန်းလို့ လူမထွက်တော့ပဲ၊ သီလကို စင်ကြယ်အောင် မိမိကိုယ်ကို စောင့်ရှောက်တဲ့အပြင် မြတ်စွာဘုရား ဟောတဲ့တရားတွေကို "ဒီတရား ငါကျင့်ဖို့ဟောထားတာ၊ ဒီတရားလဲ ငါကျင့်ဖို့ဟောထားတာ" နဲ့ မနေမနားနေ့မအိပ် ညမအိပ်အားထုတ်တော့တယ်။ အိပ်ချင်ယင် ကောက်ရိုးခွေ ရေဆွတ်ပြီး ခေါင်းပေါ်တင် အားထုတ် လိုက်တာ မကြာခင် အနာဂါမ် ဖြစ်သွားသတဲ့။ အဲဒါ မိမိကိုယ်ကို စောင့်ရှောက်လို့ အကျိုးထူး ရသွားပုံပါပဲ။

ဒါကြောင့် မိမိကိုယ်ကို စောင့်ရှောက်ယင် လောကီမှာလဲ အကျိုးရှိတယ်။ လောကုတ္တရာမှာလဲ အကျိုးထူး ရနိုင်တယ်ဆိုဘာ ရဲရဲကြီး အာမခံလိုက်ပါရဲ့။

# ဒုတိယ ဒေသနာတော် မင်္ဂလာ (၃)ပါး၏ နိဂုံးချုပ် မှတ်ဖွယ်

သင့်တင့်လျောက်ပတ်သောအရပ် (ပတိရူပဒေသ)ကို အမှီ ရကြ၍

ရှေးဘဝက မိမိပြုခဲ့ဘူးသော ကောင်းမှု (ပုဗ္ဗေ စ ကတပုညတာ) ရှိ-မရှိ သိရလေအောင်

မိမိကိုယ်ကို ကောင်းစွာ စောင့်ရှောက်ခြင်း ( အတ္တသမာပဏိဓိ) ဖြင့် ကောင်းစွာ စမ်းကြည့်ကြပါလေ။

# တတိယ ဒေသနာတော်

# မင်္ဂလာ (၃) ပါး

## ပါဠိတော်

ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယော စ သုသိက္ခိတော။
သုဘာသိတာ စ ယာ ဝါစာ၊ ဧတံ မင်္ဂလ မုတ္တမံ။

## အနက်

ဒေဝပုတ္တ၊ နတ်သား။ ဗာဟုသစ္စဉ္စ၊ အကြားအမြင်များသောသူ၏ အဖြစ်သည် သည်းကောင်း။ သိပ္ပဉ္စ၊ လက်မှုအစရှိသော အတတ်သည်လည်းကောင်း။ သုသိက္ခိတော၊ ကောင်းစွာကျင့်အပ်သော။ ဝိနယော စ၊ ရဟန်းဝိနည်း၊ လူ့ဝိနည်းသည်လည်းကောင်း။ သုဘာသိတာ စ၊ ကောင်းစွာ ဆိုအပ်သော။ ယာ ဝါစာ စ၊ အကြင်စကားသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤလေးပါးသည်လျှင်။ ဥတ္တမံ၊ မြတ်သော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

## အစိပ္ပါယ်

(၇) အကြားအမြင်များသူ ဖြစ်ရခြင်း

(၈) စက်မှုလက်မှုပညာ တတ်မြောက်ရခြင်း

(၉) ကိုယ်ကျင့်ဝိနည်းတရား ကောင်းမွန်ရခြင်း
(၁၀) ချိုသာသော စကားတို့ဖြင့် ယဉ်ကျေးသိမ်မွေ့စွာ ပြောဆိုရခြင်း

## မင်္ဂလာ ကဗျာ

တတ်ကောင်းတတ်ရာ ဟူသမျှကို၊
ကြားမြင်သုတ ရှိပါစေ။
အိုးအိမ်တည်ထောင် ဝမ်းစာရေးနဲ့၊
အသက်မွေးဖို့ အတတ်သင်လေ။
လူနှင့်ဆိုင်ရာ ကျင့်ဝတ်များကို၊
ကောင်းစွာ သင်ကြား နားလည်စေ။
မွန်ကန်ယဉ်ကျေး....ချိုသာအေး....
ဆိုရေး တတ်ပါစေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။ ။

## (၃) အကြားအမြင်များသူ ဖြစ်ရခြင်း

လူတိုင်းလူတိုင်း အကြားအမြင် ကြွယ်ဝပြီး ဗဟုသုတရှိဖို့ အရေးကြီးပါတယ်။ ဗဟုသုတဆိုရာမှာလဲ လောကီဗဟုသုတနဲ့ လောကုတ္တရာ ဗဟုသုတဆိုပြီး နှစ်မျိုးကွဲပြန်တယ်။

## လောကီ ဗဟုသုတ

လောကီဗဟုသုတဆိုတာ အသိပညာဖြစ်စေနိုင်တဲ့ စာပေတွေကို လေ့လာသင်ကြား မှတ်သားရမယ်။ ကိုယ့်ထက် အသက်ကြီးသူ

ပညာကြီးသူများရဲ့ ပြောဆိုဆုံးမမှုကို နာခံမှတ်သားရမယ်။ မသိတာကို မေးရမယ်။ စူးစမ်းလေ့လာမှု ပြုရမယ်။ အဲဒီလို မှတ်သား လေ့လာခြင်း အားဖြင့် ဗဟုသုတပြည့်စုံပြီး စွယ်စုံ တတ်မြောက်သူတယောက်ဖြစ်အောင် ကြိုးစားရမယ်။

လောကီ ဗဟုသုတ မပြည့်စုံယင် သူများလိမ်တိုင်း ညာတိုင်း ခံရတတ်တယ်။ သူများပြောတိုင်း အဟုတ်ကြီး မှတ်နေတော့ လူတကာကို အထင်ကြီးနေရတာပေါ့။ ဗဟုသုတနဲ့ ပြည့်စုံထားယင် ဘယ်လိုလူမှ လိမ်ညာလို့ မရဘူး။ သူပြောတဲ့ စကားဟာ ဟုတ်သလား၊ မှန်သလားဆိုတာ ကိုယ်သိထား၊ ကြားထား၊ မှတ်သားထားတဲ့ အတွေ့အကြုံနဲ့ ပြန်ပြီး ဆန်းစစ်ချိန်ထိုးကြည့်နိုင်တယ်။

## လောကုတ္တရာ ဗဟုသုတ

လောကုတ္တရာ ဗဟုသုတဆိုတာကတော့ ဘုရားရှင် ဟောကြား ဆုံးမခဲ့တဲ့ တရားဓမ္မတွေကို လေ့လာလိုက်စားခြင်းပါပဲ။ ဒီလို လေ့လာ လိုက်စားလာယင် လူကျင့်ဝတ်တွေ၊ ရဟန်းကျင့်ဝတ်တွေကို သိလာမယ်။ လောကအကျိုး၊ သံသရာအကျိုးကို ဘယ်လို ဆောင်ရွက်ရမယ်ဆိုတာ နားလည်လာမယ်။ အဆုံးစွန်မှာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တဲ့အထိ အသိတရားတွေ၊ အကျင့်တရားတွေ တိုးတက်လာမှာ ဖြစ်ပါတယ်။

ဒီလို ဗဟုသုတတွေကို ရှာမှီးတဲ့ နေရာမှာလဲ ကောင်းတဲ့ ဗဟုသုတတွေ ရနိုင်သလို မကောင်းတဲ့ ဗဟုသုတတွေလဲ ရနိုင်ပါတယ်။ မကောင်းတဲ့ ဗဟုသုတနဲ့ ပြည့်စုံတာကို မင်္ဂလာလို့

မဆိုနိုင်ပါဘူး။ ဥပမာ ခိုးနည်း၊ ဝှက်နည်း၊ ခါးပိုက်နှိုက်နည်း၊ လိမ်နည်း၊ ညာနည်း မျိုးစုံကို လေ့လာဆည်းပူးတာဟာ မကောင်းတဲ့ ဗဟုသုတတွေ ရှာမှီးခြင်းပါပဲ။

ဒါကြောင့် လူတော်လူကောင်း တယောက် ဖြစ်အောင် ပရိသတ်အလယ်မှာ ငေးမောမနေရပဲ အများလေးစားအောင် ပြောနိုင်၊ ဟောနိုင်၊ ဝေဖန်နိုင်သူတယောက် ဖြစ်လာရေး အတွက် ကြိုးစားကြပါလို့ တိုက်တွန်းချင်ပါတယ်။

## သာဓကတွေ

အင်းဝဘုရင် မင်းကြီးစွာစော်ကဲ လက်ထက်တုန်းက မိတ္ထိလာနယ် ဝန်ဇင်းရွာမှာ မောင်ညိုဆိုတဲ့ လယ်လုပ်သားက လေးတယောက် ရှိတယ်။ စာပေကို အမြဲလေ့လာမှတ်သားပြီး ပညာရှိတွေ ပြောသမျှ မှတ်သားနာယူ၍ ဗဟုသုတရှာဖွေနေသူ ဖြစ်လို့ "စာတိုင်ညို" လို့ ခေါ်ကြတယ်။

တနေ့တော့မင်းကြီးစွာစော်ကဲဟာမိတ္ထိလာကန်ဘောင်ပေါ်မှာ ရှိတဲ့ နတ်ကွန်းက နတ်ရုပ်အကြောင်းမေးတော့ မှူးကြီးမတ်ရာ သေနာပတိတွေက မဖြေနိုင်ကြဘူး။ အဲဒီအခါမှာ ဗဟုသုတ လေ့လာလိုက်စားထားတဲ့ မောင်ညိုက "ဒီအရုပ်ဟာ နတ်ရုပ် မဟုတ်ပါ၊ ရှေးက အနော်ရထာမင်းရဲ့ မိဖုရားငယ် တပါးရဲ့ရုပ်တုသာ ဖြစ်ပါတယ်။ သူ့ရဲ့မိဖုရားကို ချစ်လွန်းလို့ ရွှေစင်ရုပ် သွန်းလုပ်ပြီး ထားခဲ့တာပဲ။ ဒီအရုပ်အောက်ခြေမှာ ရွှေစင်ရုပ်ကို မြှုပ်ထားပါတယ်" လို့ သူသိသမျှ လျှောက်ထား ပါတယ်။



မိတ္ထိလာကန်ဘောင်ပေါ်ရှိ နတ်ရုပ်အကြောင်းကို မင်းကြီးစွာစော်ကဲအား
စာတိုင်ညိုက ရှင်းလင်း လျှောက်ထားနေပုံ

နတ်ကွန်းအောက်ကို တူးကြည့်တဲ့အခါမှာ မောင်ညိုပြော တဲ့အတိုင်း ရွှေစင်ရုပ်ကိုတွေ့လို့ မင်းကြီးလဲ သိပ်ဝမ်းသာပြီး မောင်ညိုကို သူကောင်း မြှောက်လိုက်တယ်။ မောင်ညိုဟာစာပေ ဗဟုသုတနဲ့ ပတ်ဝန်းကျင် ဗဟုသုတကို ဆက်လက်လေ့လာရှာ မှီးလို့ မကြာခင်မှာပဲ ဝန်ဇင်းရွာကိုစားရတဲ့ ဝန်ဇင်း ဖိုးရာဇာ ဆိုတဲ့ အမည်နဲ့ ထင်ရှားတဲ့ ပညာရှိအမတ်ကြီး ဖြစ်လာခဲ့တယ်။

သာမန်လယ်လုပ်သားကလေးတယောက်ဟာ ဗဟုသုတလေ့ လာလိုက်စားလို့ ပညာရှိ အမတ်ကြီး ဖြစ်လာနိုင်သေးယင် ကနေ့ လူငယ်လူရွယ်တွေအနေနဲ့ခေတ်ပညာတတ်တွေဖြစ်ကြလို့ အများ ကြီး တိုးတက်ကြီးပွားစရာ ရှိပါတယ်။ အသိပညာရှင်ကြီးတွေ အတတ်ပညာရှင်ကြီးတွေ ဖြစ်နိုင်ပါတယ်ဆိုတာ ပြောပြပါရစေ။

## (ဂ) စက်မှု လက်မှု ပညာ တတ်မြောက်ရခြင်း

## (သိပ္ပ)

သိပ္ပဆိုတာ အတတ်ပညာပါပဲ။ လက်မှုပညာ၊ စက်မှုပညာ သိပ္ပံပညာတွေကို ဆိုလိုပါတယ်။ မြတ်စွာဘုရားရှင် ကိုယ်တော် မြတ်ကြီးက လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၀၀ ကထဲက ကနေ့တိုး တက်နေတဲ့ သိပ္ပံပညာတွေကို အားပေးခဲ့တာ သိနိုင်ပါတယ်။

ဒီနေရာမှာ သိပ္ပံပညာဘတ်တိုင်း မင်္ဂလာ ဖြစ်ပါသလားလို့ မေးစရာ ရှိပါတယ်။ မဖြစ်ပါဘူး။ သတ္တဝါတွေ သေကြေ ပျက်စီးစေမယ့် လက်နက်တွေ၊ ဗုံးတွေ၊ အဆိပ်ငွေ့တွေ၊ အနုမြူ လက်နက်တွေ တီထွင်ထုတ်လုပ်တဲ့ဘက်မှာ တူးချွန်တတ်မြောက် ခြင်း၊ မူးယစ် မေ့လျော့စေတတ်တဲ့ အရက်ချက် ရောင်းခြင်း၊

အရက် ကောင်းသထက် ကောင်းအောင် တီထွင်ခြင်း တို့ဟာ မင်္ဂလာမဟုတ်ပါဘူး၊ အမင်္ဂလာများသာ ဖြစ်ပါတယ်။

စိုက်ပျိုးရေးပညာ တိုးတက်ဖွံ့ဖြိုးအောင်တီထွင် လုပ်ကိုင်ခြင်း စားဝတ် နေရေးမှာ လိုအပ်တဲ့ စက်ရုံအလုပ်ရုံများတည်ထောင်ခြင်း၊ တီထွင်ခြင်း၊ ထုတ်လုပ်ခြင်း၊ ကျန်းမာရေးနဲ့ ပတ်သက်တဲ့ အသက်ကယ်ဆေးတွေ တုတ်လုပ်ခြင်း၊ ပညာရေးနဲ့ ပတ်သက်လို့ ဗဟုသုတ ပိုမိုရရှိစေမယ့် စနစ်တွေ တီထွင်ခြင်းတို့မှအစ အမျိုးသမီး အိမ်တွင်းမှု ပညာများ၊ တိုင်းပြည်နဲ့လူမျိုး အကျိုးရှိစေမယ့် လုပ်ငန်းများ လုပ်ကိုင်ခြင်း၊ တီထွင်ခြင်းတို့ဟာ မင်္ဂလာ ဖြစ်စေပါတယ်။

## သာဓကဝတ္ထု

ဂေါတမ ဘုရားရှင် လက်ထက် ရာဇဂြိုဟ်ပြည့်ရှင် ဗိမ္ဗိသာရမင်းကြီးရဲ့သားတော် ဗောဓိမင်းသားဟာ သူတကာ့ ပြာသာဒ်ထက်လှတဲ့ ကမ္ဘာပေါ်မှာ အလှဆုံးဖြစ်တဲ့ **ကောကနဒပြာသာဒ်** ကို ဆောက်မယ်လို့ ကြံစည်ပြီး လက်သမားကျော် ကဋ္ဌဝါဟန ဆရာကြီးကို ဆောက်လုပ်စေတယ်။

ပြာသာဒ်ပြီးခါနီးတဲ့ အခါကျတော့ အလွန်လှပတာနဲ့ ဗောဓိမင်းသားက ဆရာကြီးကို "ဒီပြာသာဒ်မျိုး ယခင်က ဆောက်ဘူးပါသလား"လို့ မေးတယ်။ ဆရာကြီးကလဲ ဒါဟာ ပထမဆုံးလက်ရာပါလို့ ပြောတယ်။

ဒီတော့ မင်းသားက သူ့ပြာသာဒ်မျိုး နောက်ထပ်မပေါ်ရန် ဆရာကြီးကို သတ်ဖို့ သူ့မိတ်ဆွေ သဉ္စိကာပုတ္တနဲ့ တိုင်ပင်

တယ်။ သင္ဘိုကာပုတ္တက ဆရာကြီးကို ပြန်ပြောတော့ "ဒီ မင်းသားဟာ ပညာ့ရဲ့ တန်ဖိုးကို မသိ၊ မိုက်မဲလှပေတယ်။ ယခုပင် ငါ့အစွမ်းသိစေအံ့" ဆိုတဲ့ အကြံနဲ့ ပြာသာဒ်ကို အပြီးမသတ်ပဲ ထားတယ်။

မကြာမီ ဗောဓိမင်းသား ရောက်လာပြီး ပြာသာဒ်ပြီးပလား လို့ မေးတော့၊ နူးညံ့သော ပန်းများ ထုလုပ်ဖို့ ပေါ့သော သစ်များ လိုသေးကြောင်း၊ ထိုပန်းများ ထုနေတုန်း ဘယ်သူမှ အဝင်မခံပဲ သူ့မိန်းမတယောက်သာ ထမင်းပို့ ဝင်စေရန် ခွင့်တောင်းတယ်။ ဆရာကြီးဟာ တံခါးပိတ်ပြီး ဂဠုန်ရုပ် စက်ယန္တယားကြီး ပြုလုပ်တယ်။ ပြီးတဲ့အခါမှာ ဇနီးနဲ့ သားသမီးတွေ ခေါ်ပြီး အဲဒီယန္တယားကြီးနဲ့ ပြာသာဒ်ထိပ်ကို ဖေါက်ပြီး ထွက်ပြေးတယ်။

မင်းသားလဲ မိုးခြိမ်းသံလို မြည်ဟီးတဲ့ အသံကြားလို့ ထွက်ကြည့်တဲ့အခါ ကောင်းကင်မှ နေပြီး ဆရာကြီးက– "အရှင်မင်းသား.... အရှင့်သားရဲ့ ကောကနဒ ပြာသာဒ်ကြီး ပြီးပါပြီ၊ ကောင်းစွာ စံမြန်းရစ်ပါ၊ အရှင့်သားဟာ အကျွန်ုပ်အား မသတ်နိုင်ပါ၊ **ပညာတန်ဖိုးကြီးမားခြင်းကို** သိတော်မူပြီ မဟုတ်ပါလော" လို့ ပြောဆိုပြီး တိမ်ကြားထဲ ဝင်သွားတယ်။

ထို့နောက် ဟိမဝန္တာအနီးမှာ ဆင်းကာ ကဋ္ဌဝါဟနတိုင်းလို့ တိုင်းပြည်သစ်တည်ထောင်ပြီး ကဋ္ဌဝါဟနမင်းကြီး အမည်နဲ့ တိုင်းပြည်အုပ်ချုပ် မင်းလုပ်တော်မူခဲ့တယ်။



ကဋ္ဌဝါဟနဆရာကြီးသည် ဇနီးသားသမီးများနှင့်အတူ
ကောကနဒပြာသာဒ်ပေါ်မှ ဂဠုန်ရုပ်စက်ယန္တရားကြီးစီး၍ ထွက်ခွာသွားပုံ

ဒီဝတ္ထုကို လေ့လာခြင်းအားဖြင့် ပညာရှင်တဦးကို သတ်ဖို့ မလွယ်ဘူးဆိုတဲ့ အပြင် ပညာရဲ့ တန်ဖိုးကြီးမားပုံကိုပါ တွေ့နိုင်ပါတယ်။

## (၃) ကိုယ်ကျင့်ဝိနည်းတရား ကောင်းမွန်ခြင်း (ဝိနယော စ သုသိက္ခိတော)

ဝိနည်းဆိုတာ "အဆုံးအမ-ဩဝါဒ"လို့ နားလည်သားပါ။ ရဟန်းတွေမှာအနေအထိုင်၊ အပြောအဆို၊အပြုအမူအတွက်သတ်မှတ်ပညတ်ထားတဲ့ ဝိနည်းရှိသလို လူတွေမှာလဲ အထူးသဖြင့် ယဉ်ကျေးသိမ်မွေ့တဲ့ လူမျိုးတိုင်း၊ နိုင်ငံတိုင်းမှာ၊ လူမျိုးကြီးသားပီသစေတဲ့ စည်းကမ်းတွေ သတ်မှတ်ထားပါတယ်။ အဲဒါဟာ လူ့ကျင့်ဝတ်ဝိနည်းပါပဲ။

ဥပမာအားဖြင့် ကျောင်းသူ ကျောင်းသားတွေဟာ သတ်မှတ်ထားတဲ့ ကျောင်းစည်းကမ်းတွေ လိုက်နာရမယ်။ အိမ်မှာဆိုယင် အိမ်စည်းကမ်းကို လိုက်နာရမယ်။ ရုံးသွားယင် ရုံးစည်းကမ်း၊ အလုပ်ခွင်ထဲဝင်ယင် အလုပ်စည်းကမ်း၊ လမ်းမှာဆိုယင် လမ်းစည်းကမ်း၊ ယာဉ်မောင်းနေယင် ယာဉ်စည်းကမ်း၊ နိုင်ငံသားတယောက်ဖြစ်ယင် နိုင်ငံတော်က သတ်မှတ်ထားတဲ့ စည်းကမ်း၊ စည်းမျဉ်း၊ နည်းဥပဒေ၊ အက်ဥပဒေ၊ ပြဋ္ဌာန်းချက်တွေကို လိုက်နာရမယ်။

ဒီလို သတ်မှတ်ထားတဲ့ စည်းကမ်းတွေကို နားလည်ခြင်း၊ လိုက်နာကျင့်သုံးခြင်း တို့ဟာလဲ မင်္ဂလာတပါးပါပဲလို့ ဆိုလိုပါတယ်။ သတ်မှတ်တဲ့ စည်းကမ်းတွေကို နားလည်လိုက်နာခြင်း

အားဖြင့် မိဘဂုဏ်ကို ထိန်းသိမ်းရာရောက်ပြီး မိကောင်းဖခင် သားသမီးပီသစေပါတယ်။ နိုင်ငံတိုးတက်ကြီးပွားရေးကို တဘက်တလမ်းက ထိန်းသိမ်းတဲ့ လူတော်လူကောင်းတယောက် ဖြစ်လာမှာ သေချာပါတယ်။

## ဝိနည်းကျင့်ဝတ် (၂) မျိုး

(က) အာစာရဝိနည်း = လူတို့ကျင့်ရမည့် ဂိဟိဝိနယတရား

(ခ) ပညတ်ဝိနည်း = ရဟန်းတို့ ကျင့်ရမည့်တရား။

လူတို့ ကျင့်ရမယ့် ဂိဟိဝိနယတရားဆိုတာကတော့ မိဘဝတ် ငါးပါး၊ လင်ကျင့်ဝတ် ငါးပါး၊ မယားကျင့်ဝတ် ငါးပါး၊ မိတ်ဆွေကျင့်ဝတ်ငါးပါး၊ အလုပ်ရှင်ကျင့်ဝတ်ငါးပါး၊ အလုပ်သမားကျင့်ဝတ်ငါးပါး၊ တကာကျင့်ဝတ် ငါးပါး၊ ရဟန်းကျင့်ဝတ် ခြောက်ပါး၊ စည်းစိမ်ဥစ္စာ ပျက်စီးကြောင်းတရား ခြောက်ပါး၊ ညဉ့်အခါလမ်းလျှောက်မှု၌ အပြစ် ခြောက်ပါး၊ ပွဲလမ်းသဘင်ကြည့်မှု၌ အပြစ် ခြောက်ပါး၊ သောင်းကစားကြူးမှု၌ အပြစ် ခြောက်ပါး၊ ပျင်းရိခြင်းအပြစ်ခြောက်ပါး၊ နသယကာဂုဏ်ခြောက်ပါး စသည်တို့ ဖြစ်ကြပါတယ်။ ဒီပြင်လဲ အများအပြား ရှိပါသေးတယ်။ ဒါတွေက ဘုရားဟော ကျင့်ဝတ်တွေပါ။

လက်ရှိလူနေမှုစရိုက်နဲ့ လျော်ညီစွာ နိုင်ငံတော်က သတ်မှတ်ပြဋ္ဌာန်းထားတဲ့ ကျင့်ဝတ်စည်းကမ်းတွေလဲ အများကြီး ရှိပါသေးတယ်။ မိမိတို့ အဆင့်နဲ့ လျော်ညီတဲ့ စည်းကမ်းသတ်မှတ်ချက်တွေကို လိုက်နာထိန်းသိမ်းကြဖို့ တိုက်တွန်းလိုက်ပါတယ်။

ရဟန်းတို့ ကျင့်ရမယ့်ဝိနည်းကတော့ မြတ်စွာဘုရား ဟော ကြားတော်မူခဲ့တဲ့ ဝိနည်းဒေသနာပေါ် ၂၂၇-သွယ်သော သိက္ခာ ပုဒ်တွေပါပဲ။

လူ့လောကမှာ သတ်မှတ်ထားတဲ့ စည်းကမ်းကို ဖောက် ဖျက်ယင် သတိပေးခြင်း၊ ရာထူးတဆင့် လျှော့ချခြင်း၊ နှင်တိုး ရပ်ဆိုင်းခြင်း၊ အလုပ်မှ ထုတ်ပစ်ခြင်း၊ ငွေဒဏ်၊ ထောင်ဒဏ် ချမှတ်ခြင်း စသည်ဖြင့် အမှုအကြီး အသေးအလိုက် ခွဲခြား သတ်မှတ်ထားသလို ရဟန်းတော်တွေမှာလဲ သတ်မှတ်ထားတဲ့ ၂၂၇-သွယ်သော သိက္ခာပုဒ်တွေကို ချိုးဖောက်မယ်ဆိုယင် ပါရာဇိက၊ သံဃာဒိသိသ်၊ ထုလ္လစ္စည်း၊ ပါစိတ်၊ ပါဋိဒေသနီ၊ ဒုက္ကဋ၊ ဒုဗ္ဘာသိ-စတဲ့အာပတ် (၇)ပါး ကျရောက်တတ်ပါတယ်။

## သာဓကဝတ္ထု

မိတ္ထိလာပြည်မှာ သာမိန်မင်းကြီး မင်းပြုစဉ်က ဒီမင်းကြီး ဟာ အကျင့်သိက္ခာနဲ့ ပြည့်စုံတဲ့အပြင် တနေ့ ၆ - သိန်းကုန် လှူတယ်။ ဥပုသ်မဏ္ဍပ်ကို ၃-ရက် တကြိမ် ကြွရောက်ပြီး တိုင်းသူပြည်သားတို့အား **ဂိဟိဝိနယ-လူ့ဝိနည်းကျင့်ဝတ်**တွေကို ပြောကြား ဆုံးမလေ့ရှိတယ်။

မင်းကြီးရဲ့ အကျင့်တန်ခိုးကြောင့် တာဝတိံသာနတ်တွေက သာမိန် မင်းကြီးကို ဖူးမြင်လိုကြောင်း သိကြားမင်းကို တောင်း ပန်လို့ မာတလိကို နတ်ရထားနဲ့ ဆောင်ယူစေပြီး တာဝတိံ သာ နတ်ပြည်ကို တဝက်ခွဲပြီး ပူဇော်တယ်။ သာမိန် မင်းကြီး ဟာ နတ်ပြည်မှာ အနှစ်ခုနှစ်ရာတိတိ နတ်စည်းစိမ် ခံစားတော် မူခဲ့တယ်။



သာမိနမင်းကြီး တာဝတိံသာနတ်ပြည်ကွင် နတ်စည်းစိမ်ခံစားနေပုံ

အဲဒီအချိန်မှာ မိတ္ထိလာပြည်တွင် (၇)ဆက် မြောက်သော နာရဒမင်းကြီး နန်းစံနေတဲ့အချိန်ဖြစ်တယ်။

အနှစ်(၇၀၀)ပြည့်တော့ နတ်ပြည်မှာ နေဖို့ အရှိန် အာနုဘော်တွေ ကုန်ခန်းလာတဲ့အခါ မပျော်မွေ့တော့တာနဲ့ လူ့ပြည်ကို ပြန်ပို့ခိုင်းတယ်။ လူ့ပြည်ပြန်ပြီး နတ်ပြည်ကို ရောက်စေတဲ့ ကောင်းမြတ်တဲ့ အကျင့်တွေ့ကျင့်မယ်လို့ ကြံစည်ထားတယ်။

လူ့ပြည်ရောက်တဲ့အခါ များစွာပြောင်းလဲနေတာ တွေ့လို့ နာရဒမင်းကြီးကို မေးကြည့်တော့ "အရှင်မင်းကြီး သီလတန်ခိုးကြောင့်သာလျှင် ဤမျှအသက်ရှည်ခြင်း ဖြစ်ပါတယ်။အကျွန်ုပ်မှာမူကား အရှင်မင်းကြီးမှ (၇)ဆက်မြောက်သော အရှင့်မြစ်တော် ဖြစ်ပါတယ်။ အရှင်မင်းကြီး၏ အလုပ်အကျွေးတို့လည်း လွန်ခဲ့ပါပြီ။ ယခုသော် တိုင်းပြည်ကို ပြန်လည်သိမ်းပိုက် စိုးစံတော်မူပါ"တို့ လျှောက်ထားတယ်။

သာမိန မင်းကြီးက "အမောင် နာရဒ....ငါဟာ တိုင်းပြည်ကို သိမ်းပိုက်ဖို့ လာတာမဟုတ်။ လူမင်းရဲ့ စည်းစိမ်ဟာ နတ်သားတယောက်ရဲ့ အစေအပါးဖြစ်တဲ့ နတ်၏စည်းစိမ်ကို အစိတ်တသိန်း စိတ်၍ ပုံသော်လည်း တပုံကိုမျှမမီ။ ငါဟာ နတ်ပြည်ကိုသာ အလိုရှိ၍ ကုသိုလ် ကောင်းမှု ပြုပြီး နတ်ပြည် လားကြောင်းတရားအားထုတ်အံ့။ နိဗ္ဗာန်ရောက်ကြောင်း ကမ္မဋ္ဌာန်းဘာဝနာကို ကျင့်အံ့။ ဤအတွက် ငါ လူ့ပြည် ပြန်လာခြင်း ဖြစ်တယ်။ အမောင်သာ တိုင်းပြည်ကို အုပ်ချုပ်၍ ဂိဟိဝိနယသိက္ခာပုဒ် လူ့ကျင့်ဝတ်ကို မမေ့မလျော့ ဆောက်တည်၍တိုင်းသူပြည်သားတို့အား ဆုံးမအုပ်စိုးလော့"လို့ မိန့်ကြားတယ်။

သာဓိနမင်းကြီးဟာ မြတ်သောသိက္ခာပုဒ်တို့ကိုစောင့်ရှောက် ဆောက်တယ်ကာ ကမ္မဋ္ဌာန်း ဘာဝနာ ပွားများ အားထုတ်တဲ့ အတွက် သေလွန်တဲ့အခါမှာ တာဝတိံသာ နတ်ပြည်မှာပဲ နတ်စည်းစိမ်ကို ပျော်ရွှင်စွာ ခံစားရပေတယ်။

ဒါကြောင့် လူ့ကျင့်ဝတ်၊ လူ့စည်းကမ်းတွေကို တိကျစွာ လိုက်နာကြပါ။ လူချွန် လူမွန်များ ဖြင်လာကြပါလိမ့်မယ်။ နောင်သံသရာမှာလဲ သုဂတိဘုံတွေမှာ ရောက်ပြီး ချမ်းသာ သုခကိုခံစားရပါလိမ့်မယ်ဆိုတာ ပြောလိုက်ပါရစေ။

## (၁၀) ချိုသာသော စကားတို့ဖြင့် ယဉ်ကျေး သိမ်မွေ့စွာ ပြောဆိုရခြင်း

(သုဘာသိတာ စ ယာ ဝါစာ)

ကောင်းမွန်ချိုသာသော စကားကို ပြောဆိုခြင်း ဆိုရာမှာ "နှုတ်ချို သျှိုတပါး" ဆိုတဲ့ စကား အတိုင်း ချိုချိုသာသာ မွန်မွန်ရည်ရည် ပြောဆိုမယ်ဆိုယင် လူတိုင်း မကြိုက်မနှစ်သက် တဲ့လူ မရှိပါဘူး။ လူလိမ္မာ လူယဉ်ကျေးဆိုတာ စကားပြော သိမ်မွေ့ရတယ်၊ ချိုသာရတယ်၊ နူးညံ့ပျော့ပျောင်းရတယ်။

နောက်ပြီးတော့ ပြောဆိုတဲ့စကားတွေဟာလဲ အချည်းနှီး၊ အကျိုးမဲ့ သမ္ဖပ္ပလာပဝါစာ စကားတွေ မဖြစ်စေရဘူး။ အကျိုးရှိတဲ့ စကားတွေသာ ဖြစ်ရမယ်။ "စကားခြောက်ခွန်း၊ လူ့ဉ်ထွန်း၊ လေးခွန်းကိုပယ်၊ နှစ်ခွန်းတယ်" ဆိုတဲ့ လင်္ကာအရ လိုက်နာကျင့်သုံးပါမှ မင်္ဂလာ ဖြစ်မယ်။

## စကား (၆) ခွန်း

(က) အကျိုးရှိ၊ မှန်ကန်၊ သူတပါးနှစ်သက်သော စကား
တမျိုး

(ခ) အကျိုးရှိ၊ မှန်ကန်၊ သူတပါး မနှစ်သက်သော စကား
တမျိုး

(ဂ) အကျိုးမရှိ၊ မှန်ကန်၊ သူတပါးနှစ်သက်သော စကား
တမျိုး

(ဃ) အကျိုးမရှိ၊ မှန်ကန်၊ သူတပါး မနှစ်သက်သော
စကားတမျိုး

(င) အကျိုးမရှိ၊ မမှန်ကန်၊ သူတပါး နှစ်သက်သော
စကားတမျိုး

(စ) အကျိုးမရှိ၊ မမှန်ကန်၊ သူတပါး မနှစ်သက်သော
စကားတမျိုး

အထက်ပါ စကား (၆) ခွန်းအနက် အမှတ်စဉ် (က) နဲ့ (ခ) ၂-ခွန်းကိုသာ ကျင့်သုံးရမယ်လို့ ဆိုလိုပါတယ်။ အကျိုးလဲရှိမယ်၊ မှန်လဲမှန်ကန်မယ်ဆိုယင် သူတပါး နှစ်သက်သည်ဖြစ်စေ၊ မနှစ်သက်သည်ဖြစ်စေ ပြောဆိုရမယ်ဆိုတဲ့ သဘောပါပဲ။

ဒါကြောင့်လဲ နုတ်ချိုရုံတင်မက ကောင်းမွန်တဲ့ စကားကိုလဲ ပြောဆိုရမယ်။ ကောင်းမွန်တဲ့ စကားဆိုတာက အင်္ဂါလေးပါးနဲ့ ပြည့်စုံတဲ့ စကားကို ခေါ်တယ်။ အင်္ဂါလေးပါးဆိုဘာကတော့—

## မှတ်သားထိုက်သော စကားကောင်း(၄)မျိုး

(က) သုဘာသိတဝါစာ = သူတပါးအား နှစ်နာစေခြင်း မရှိသောစကား

(ခ) ပိယဝါစာ = ချင်ဖွယ်၊ နှစ် သက် ဖွယ် သော စကား

(ဂ) သစ္စာဝါစာ = မှန်ကန်သောစကား

(ဃ) ဓမ္မဝါစာ = နိဗ္ဗာန်ရောက်ကြောင်း ကောင်း မြတ်သော တရားစကား။

အထက်ပါအတိုင်း လိုက်နာကျင့်သုံးမယ်ဆိုယင် လူတိုင်း ချစ်ခင်ကြတဲ့အတွက် ကိုယ်လုပ်ချင်တဲ့ အလုပ်ကို နေရာတကာမှာ အောင်အောင်မြင်မြင်နဲ့ ပြီးစီးနိုင်မှာ ဖြစ်တယ်။ တကယ်ဆိုယင် ဒါတွေဟာ 'ပိယဆေး' တမျိုးပဲပေါ့။ သိဒ္ဓိတမျိုးပဲပေါ့။

### သာဓကဝတ္ထု

စတုက္ကနိပါတ် သဗ္ဗမံသလာဘ ဇာတ်တော်မှာ မုဆိုး တယောက်ဟာ တောလိုက်လို့ ရလာတဲ့အမဲသားတွေကို လှည်းနဲ့ အပြည့်တင်ပြီး မြို့တွင်းမှာရောင်းဖို့ ယူလာခဲ့တယ်။ သဌေးသား လေးယောက်က အမဲသားတွေကို မြင်တော့ ငါတို့ အမဲသား တောင်းကြစို့-ဆိုပြီး ပထမ သဌေးသားက—

" ဟယ်မုဆိုး - ငါ့အား အမဲသားပေးလော့ "လို့ ဆိုတယ်။

မုဆိုးက "အဆွေ၊ တောင်းတဲ့ လူဆိုတာ ချစ်စဖွယ်စကား ကို ပြောပြီး တောင်းရတယ်။ ခုတော့ သင့်စကားက ကြမ်းလှ ပေတယ်။ သင့်စကားအတိုင်း အမဲသားကြမ်းကိုပင် ပေးမယ်" ဆိုပြီး အမြေးအကာတွေကို ပေးလိုက်တယ်။



သဌေးသားခလးဦး မုဆိုးထံအမဲသားတောင်းနေပုံ

ဒုတိယ သင်္ချေးသားကတော့ “အကိုကြီး၊ အမဲသားပေးပါလော့...” လို့ ဆိုတယ်။

မုဆိုးက “အဆွေ၊ အကိုဆိုတာ ကိုယ်နဲ့တူတယ်၊ သင့်စကားအတိုင်း ကိုယ်သားကို ယူပေတော့” ဆိုပြီး ကိုယ်သားကို ပေးလိုက်တယ်။

တတိယ သင်္ချေးသားက “ဖခင်၊ ငါ့အား အမဲသား ပေးပါလော့” လို့ တောင်းပြန်တယ်။

မုဆိုးက “အဆွေ၊ သားက အဖလို့ ခေါ်တဲ့အခါ အဖရဲ့ နှလုံးကို နှစ်သက်စေဘိတယ်။ ဒါကြောင့် နှလုံးသားကို ယူပေတော့” လို့ ဆိုပြီး ပေးလိုက်ပြန်တယ်။

နောက်ဆုံး စတုတ္ထ သင်္ချေးသားကျတော့ “ ချစ်မိတ်ဆွေ၊ ငါ့အား အမဲသားပေးလော့” လို့ တောင်းလိုက်တယ်။

မုဆိုးက “ရွာဘရွာမှာ ချစ်ခင်တဲ့မိတ်ဆွေမရှိယင် တောနဲ့တူတယ်။ ချစ်ခင်တဲ့မိတ်ဆွေဆိုတာ အလုံးစုံသော ကိုယ်နဲ့တူတယ်။ ဒါကြောင့် အမဲသားအားလုံးကို ယူပေတော့” ဆိုပြီး တလှည်းလုံး ပေးလိုက်တယ်။

အဲဒီ စတုတ္ထ သင်္ချေးသားဟာ မုဆိုးနဲ့တကွ သားမယားတို့ကိုပါ ခေါ်ခဲ့ပြီး ပစ္စည်းဥစ္စာ ပေးကမ်းချီးမြှောက်၍ မိတ်ဆွေ ခင်ပွန်းအရာမှာ တသက်ပတ်လုံးထားတော့သတဲ့။

ဒီဝတ္ထုကို ကြည့်ခြင်းအားဖြင့် အမဲသား တောင်းတာခြင်းတူပါရက်နဲ့ စကားအပြောအဆို၊ နှုတ်မှုရေးရာ ချိုသာရည်မွန်

ပြီး မှန်ကန်သူက ပို၍ရကြောင်းကို အထင်အရှား သိနိုင်ပါတယ်။

ဒါကြောင့် နူတ်ချိုရုံသာမက မှန်ကန်ကောင်းမွန်တဲ့ စကားတွေကို အစဉ်ပြောဆိုတဲ့ အလေ့အကျင့် ပြုလုပ်ကြပါ။ အဲဒီလို လေ့ကျင့်ပြောဆိုခြင်းအားဖြင့် လူလိမ္မာ လူယဉ်ကျေးတွေဖြစ်ပြီး၊ ကြံတိုင်းအောင်၍ ဆောင်တိုင်းမြောက်ပါလိမ့်မယ်။ ကန်တော့ပွဲမပေး၊ ဆေးမထိုး၊ အင်းမသောက်ရပဲ "ပိယသိဒ္ဓိ"နှင့် ပြည့်စုံပါလိမ့်မယ်လို့ ပြောလိုက်ပါရစေ။

## တတိယ ဒေသနာတော် မင်္ဂလာ (၄) ပါး
## နိဂုံးချုပ် မှတ်ဖွယ်

ဗဟုသုတကြီးမား များပြား၍ (ဗဟုသစ္စဥ္စ)

စက်မှုလက်မှုအဘတ်ပညာများ ထွန်းကားစွာ တတ်မြောက်ပြီး (သိပ္ပဥ္စ)

လူ့ဘောင် လူ့စည်းကမ်းကို စနစ်တကျ လိုက်နာကျင့်သုံးလျက် (ဝိနယော စ သုသိက္ခိတော)

ချိုသာကောင်းမွန် မှန်ကန်သော စကားကို ပြောဆိုဆက်ဆံပါလျှင် (သုဘာသိတာ စ ယာဝါစာ)

ကြီးပွားချမ်းသာသူတယောက် မုချ ဖြစ်လာပါလိမ့်မည်။

## စတုတ္ထဒေသနာတော်
# မင်္ဂလာ(၃)ပါး

### ပါဠိတော်

မာတာပိတု ဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော။
အနာကုလာ စ ကမ္မန္တာ၊ ဧတံ မင်္ဂလ မုတ္တမံ။

### အနက်

ဒေဝပုတ္တ၊ နတ်သား။ မာတာပိတု၊ အမိအဖတို့ကို။ ဥပဋ္ဌာနဥ္စ၊ လုပ်ကျွေး မွေးမြူရခြင်းသည်လည်းကောင်း။ ပုတ္တဒါရဿ၊ သားမယားတို့ကို။ သင်္ဂဟော စ၊ သင်္ဂြိုဟ်ထောက်ပံ့ရခြင်းသည်လည်းကောင်း။ အနာကုလာ၊ အနှောင့်အယှက် မရှိကုန်သော။ ကမ္မန္တာ စ၊ အမှုတို့သည်လည်းကောင်း။ အတ္ထိသန္တိ၊ ရှိကုန်၏။ ဧတံ၊ ဤ သုံးပါးသည်လျှင်။ ဥတ္တမံ၊ မြတ်သော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

### အဓိပ္ပာယ်

(၁၁) မိဘတို့ကို ကောင်းစွာလုပ်ကျွေးရခြင်း၊

(၁၂) သားမယားတို့ကို ထောက်ပံ့ရခြင်း၊

(၁၃) အနှောင့် အယှက်မရှိသော အလုပ်တို့ကို လုပ်ကိုင်ရခြင်း၊

## မင်္ဂလာကဗျာ

မြင့်မိုရ်ရွှေတောင် မိဘကြေးကို၊
ကောင်းစွာဆပ်ပေး ဝတ်ကျေကျေ။

ကြွေးသစ်ချကာ သားနှင့်မယား၊
မြောက်စားချီးမြှင့် ဝတ်ကုန်စေ။

အလုပ်တာဝန် မလစ်ဟင်းနဲ့၊
အပြစ်ကင်းအောင် လုပ်ပါလေ။

စည်းစိမ်ကိုပေး ပြုစုရေး၊
မျှော်တွေးသုံးချက်ပေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။ ။

## (၁၁) မိဘတို့ကို ကောင်းစွာ လုပ်ကျွေးရခြင်း

## ( မာတာပိတု ဥပဋ္ဌာနံ )

မိဘဆိုတာ ဘုရားနဲ့ တဂိုဏ်းထဲပါပဲ။ အနန္တော အနန္တ ငါးပါးထဲမှာ ပါတယ်။ မိဘကျေးဇူး ဘယ်လောက်များသလဲ ဆိုတာ မြင့်မိုရ်တောင်နဲ့ တောင် ခိုင်းနှိုင်းရတယ်။ မိဘကို လုပ်ကျွေးတယ်ဆိုတာ "ကြွေးဟောင်းဆပ်သူ" လို့လဲ ခေါ်ပါ တယ်။

### မိဘကျေးဇူး

(က) မိဘများသည် သားသမီး မမွေးမီကပင် သားသမီး ရလိုကြောင်း ဆုတောင်းခြင်း၊ ယတြာပြုခြင်း။

(ခ) ကိုယ်ဝန်ရှိလာသောအခါ မိမိစားမည့် အစားအစာ၊ အသွားအလာမှစ၍ ဆင်ခြင်ခိုးခြံခြင်း။

(ဂ) မွေးဖွားပြီးသောအခါ၌ နို့ချိုတိုက်ကျွေး၊ အအိပ်အနေပျက်၊ ကျန်းမာရေးအတွက် မှက်,ခြင်မကိုက်ခဲအောင် ပြုစုခြင်း။

(ဃ) ရင်ခွင်တွင် ထား၍ ကန်ကြောက်ရိုက်ပုတ်သည်ကိုပင် ချစ်ခင်ယုယခြင်း၊ ပေကျံသော ကလေးလက်ကိုပင် နမ်းရှုပ်ချစ်ခင် ဆေးကြောခြင်း။

(င) ၄-၅ နှစ် အရွယ်ကစ၍ ကျောင်းထား၊ ကျောင်းပို့ ဒုက္ခခံ၍ ပညာသင်ပေးခြင်း။

(စ) ပညာ အဆင့်အတန်း တိုးမြှင့်လာသောအခါ ဝမ်းမြောက်ပီတိဖြင့် တိုးတက်ဆောင်ရွက်၍ ဆုလာဘ်ချီးမြှင့်ခြင်း။

(ဆ) အရွယ်ရောက်လာသောအခါ ထိုက်သည့်အားလျော်စွာ အိမ်ထောင်ချထားပေးခြင်း။

(ဇ) အလုပ်အကိုင်လုပ်နိုင်ရန် အရင်းအနှီးထုတ်ပေးခြင်း၊ အလုပ်အကိုင် ရှာဖွေပေးခြင်း။

ဒါကြောင့် သားသမီးတွေဟာ ကျေးဇူးကြီးမားလှတဲ့ မိဘကို လုပ်ကျွေးရမယ်။ ငယ်ငယ်ကထဲက မိဘလုပ်ကိုင်တဲ့ အလုပ်တွေကို ကိုယ်တတ်နိုင်သမျှ ဝင်ရောက်ကူညီ လုပ်ကိုင်ပေးရမယ်။ ညအိပ်ရာဝင်တဲ့အခါ နှိပ်နယ်ပေးရမယ်။ ကိုယ့်

အိုးကိုယ့်အိမ်နဲ့ ဖြင့်လာတဲ့အခါ စားဦးစားဖျား ပို့ပေးရမယ်။ ကိုယ်ရတဲ့ဝင်ငွေထဲက သင့်တင့်လျောက်ပတ်တဲ့ ပမာဏကို မိဘအားကန်တော့ရမယ်။ မိဘတွေ ကွယ်လွန်သွားတဲ့အခါလဲ မိဘများအတွက် ရည်စူးပြီး ကုသိုလ်ဒါန ပြုရမယ်။ ကောင်းမှုကုသိုလ်အတွက် အမျှပေးကြရမယ်။ ဒါတွေဟာ မင်္ဂလာရှိတဲ့ အလုပ်၊ မင်္ဂလာနဲ့ ပြည့်စုံတဲ့အလုပ်၊ မင်္ဂလာတပါးပါပဲ။

## သားသမီး ဝတ်ငါးပါး

(က) ကျွေးမွေးမပျက် (မိဘအား လုပ်ကျွေးခြင်း)

(ခ) ခံဆောင်ရွက်စိမ့် (မိဘ၏ အမှုကိစ္စများကို စိမ့်ဆောင်ရွက်ခြင်း)

(ဂ) မွေခံထိုက်စေ ( အမွေခံထိုက်သော သားကောင်းရတနာဖြစ်ခြင်း)

(ဃ) လှူမျှဝေ၍ (မိဘအတွက် ရည်စူး၍ လှူဒါန်းခြင်း)

(င) စောင့်လေမျိုးနွယ် (မိဘမျိုးရိုးကို စောင့်ထိန်းခြင်း) ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ။

## သာခကေဝတ္ထု

ဗာရာဏသီ ပြည်မှာ အမိ အဘ တို့ကို လုပ်ကျွေး ပြုစုနေတဲ့ "ရာမ"ဆိုတဲ့ လုလင်တယောက်ရှိတယ်။ တနေ့တော့ မိဘတွေ ထံမှာ ခွင့်ပန်ပြီး ဒက္ခကိမင်း အုပ်စိုးတဲ့ ကမ္ဘဝတီမြို့ကို ကုန်ကူးသန်းဖို့ ထွက်ခွာလာခဲ့တယ်။

အဲဒီအချိန်မှာ အပြစ်ဒဏ်ခံရတဲ့ အမတ်ကြီး တယောက်ဟာ စိတ်လက် မကြည်မလင်နဲ့ နန်းတော်က ထွက်လာခိုက် ကိသဝစ္ဆ ရသေ့မြတ်ကို တွေ့တဲ့အခါ ကြမ်းတမ်းစွာ ဆဲရေးပြီး တံတွေးနဲ့ ထွေးတယ်။ မကြာခင် သူဟာ ရာထူးဟောင်း ပြန်ရခဲ့တယ်။ အဲဒီအခါမှာ ရသေ့ကို ပြစ်မှားလို့ရာထူးတက်တာပဲလို့ အထင် မှားသွားတယ်။ နောက် သူ့မိတ်ဆွေတယောက် ဒုက္ခတွေ့တဲ့ အခါမှာလဲ ရသေ့မြတ်ကို သွားရောက် ပြစ်မှားဖို့ တိုက်တွန်း ဘယ်။ အဲဒီ လူလဲ သူ့ကိစ္စ အောင်မြင်သွားပြန်ရော။ ဒီလိုနဲ့ တယောက်ပြီး တယောက် ရသေ့ကို ပြစ်မှားကြတာ ဒဏ္ဍကီ မင်းနဲ့တကွ ကုမ္ဘဝတီမြို့သူမြို့သား အားလုံးပဲ ဆိုကြပါစို့။

နတ်တွေ ဒေါသ ထွက်ပြီး သူတို့ ဆရာသခင် ကိသဝစ္ဆ သူတော်ကောင်း ရသေ့မြတ်ကို ပြစ်မှားတဲ့ မင်းနဲ့တကွ မြို့သူ မြို့သား အားလုံးကို မိုး(၉)မျိုး ရွာချ ဖျက်ဆီးပစ်မယ်လို့ စီမံ နေခိုက်မှာ ရာမလုလင်က အဲဒီမြို့ကို ရောက်လာတယ်။

ဒီဘော့ နတ်တွေက ရာမဆိုတဲ့ ကုန်သည်လုလင်ဟာ မိဘ ကို လုပ်ကျွေးတဲ့ သူတော်ကောင်းလေး ဖြစ်ဘယ်။ သူ့တယောက် ကိုပြင့် ရွေးကောက် ကယ်ဆယ်မှ ဖြစ်မေမယ်လို့ တိုင်ပင်ပြီး ရာမကုန်သည်လေးကို နတ်တို့တန်ခိုးနဲ့ဆောင်ယူပြီး ဗာရာဏသီ ပြည်မှာရှိတဲ့ မိခင်ထံ အရောက်ပို့လိုက်ကြတယ်။

ထို့နောက် ကုမ္ဘဝတီမြို့ကြီးကို ပထမ ရေမိုး၊ ပန်းမိုး၊ ပဲမိုး၊ ငွေမိုး၊ ရွှေမိုး၊ စသည်တို့ အစဉ်အတိုင်းရွာချကာ လူတို့ကို နှစ် သက်စေပြီးမှ ထပ်မံ၍ အစဉ်အတိုင်း လက်နက်မိုး၊ မီးခဲမိုး၊



ဒဏ္ဍာကီမင်းနှင့် ကုမ္ဘဝတီမြို့သူမြို့သားများ
ကိသဝစ္ဆရသေ့မြတ်အား ဆဲဆိုကြိမ်းမောင်း ပြစ်မှားနေပုံ

ကျောက်ခဲမိုး၊ သဲမိုးတို့ကို ရွာစေလျက် ကုမ္ဘာဝတီမြို့ တမြို့လုံးကို ဖျက်ဆီးပစ်လိုက်တယ်။

ဒီဝတ္ထုကို ကြည့်ခြင်းအားဖြင့် တိုင်းပြည်တပြည်လုံး ပျက်စီးဆုံးရှုံးတဲ့ ဘေးအန္တရာယ်တွေထဲကနေ တယောက်ထဲ ကျွတ်ပြီး လွတ်လာတယ် ဆိုတာဟာ မိဘလုပ်ကျွေးတဲ့ ကျေးဇူးဂုဏ်ရဲ့ အာနိသင် ဘယ်လောက် ထိရောက်ကြီးမားတယ်ဆိုတာ သိနိုင်ပါတယ်။

ဒါကြောင့် မိဘဘိုကို လုပ်ကျွေးမွေးမြူကြပါ။ မိဘတွေကို သားသမီး ဝတ္တရားနဲ့အညီ ကျွေးမွေးပြုစုကြမယ်ဆိုယင် လောကမှာလဲ လူတိုင်းရဲ့ ချီးမွမ်းခြင်းကို ခံရပါလိမ့်မယ်။ နောင်သံသရာမှာလဲ နတ်ရွာသုဂတိသို့ လားနိုင်တဲ့အပြင် သူတော်ကောင်း နတ်ကောင်းများရဲ့ အကာအကွယ် အစောင့်အရှောက်ကိုပါ ရနိုင်ပါတယ်ဆိုတာ သတိပေးလိုက်ပါရစေ။

## (၁၂) သားမယားများကို ထောက်ပံ့ရခြင်း

## (ပုတ္တ ဒါရဿ သင်္ဂဟော)

ငါ့ရဲ့ မိဘများဟာ ငါ့ကို ချစ်ခင်ယုယ သွန်သင်ဆုံးမခဲ့ကြသလို၊ ငါကလဲ ငါ့ သားသမီးများကို ယုယမြှောက်စား မိဘဝတ် ငါးပါးနဲ့အညီ ပြုကျင့်ရမယ်။ ဇနီး မယား ကိုလဲ လင့်ဝတ်တရား ငါးပါးနဲ့အညီ ပြုစုရမယ်ဆိုတဲ့ စိတ်ထားကို လက်တွေ့ဆောင်ရွက်ခြင်းဟာ ကြီးပွားကြောင်း မင်္ဂလာဘဲ ပါပဲ။ အဲဒါကို "ကြွေးသစ်ချတယ်" လို့ ခေါ်ပါတယ်။ ဒီလို ကြွေးသစ်ချမှ သားသမီးတွေ ကြီးပြင်းလာတဲ့အခါ မိမိကို ကြွေးဟောင်း ပြန်ဆပ်ကြမှာ ဖြစ်ပါတယ်။

## မိဘကျင့်ဝတ်ငါးပါး

(က) မကောင်းမြစ်တာ (မကောင်းတာ မလုပ်စေရန် တားမြစ်ခြင်း)

(ခ) ကောင်းရာညွှန်လတ် (လမ်းကောင်း လမ်းမှန် ရောက်အောင် ညွှန်ပြခြင်း)

(ဂ) အတတ်သင်စေ (သင့်တော်ရာ ပညာတရပ်ရပ် သင်ကြားပေးခြင်း)

(ဃ) ပေးဝေနှီးရင်း (စီးပွားရှာရန် အရင်းအနှီး ထုတ်ပေးခြင်း)

(င) ထိမ်းမြားခြင်းလျှင် (သင့်တော်ရာ ကြင်ဘက်နှင့် ထိမ်းမြားပေးခြင်း) ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ။

## လင့်ကျင့်ဝတ်ငါးပါး

(က) မထေမဲ့ကင်း (ဇနီးမယားကို မထေမဲ့မြင် မပြုခြင်း)

(ခ) အပ်နှင်းဥစ္စာ (ရှာဖွေရသမျှ အပ်နှင်းခြင်း)

(ဂ) မိစ္ဆာမမှား (အခြားမိန်းမများကို မပြစ်မှားခြင်း)

(ဃ) ဝတ်စားဆင်ယင် (အဝတ်အစားများ အခါ အားလျော်စွာ ဆင်ယင်ခြင်း)

(င) မြတ်နိုးကြင် (ယုယကြင်နာ မြတ်နိုးခြင်း) ငါးအင် လင်ကျင့်ရာ။

## မယားကျင့်ဝတ်ငါးပါး

(က) အိမ်တွင်းမှုလုပ် (အိမ်မှုကိစ္စအဝဝ ဆောင်ရွက်ခြင်း)

(ခ) သိမ်းထုပ်သေချာ (လင်ယောကျ်ား ရှာဖွေရသမျှကို ကောင်းစွာ ထိန်းသိမ်းခြင်း)

(ဂ) မိစ္ဆာကြဉ်ရှောင် (အခြားယောကျ်ားများနဲ့ မပြစ်မှားခြင်း)

(ဃ) လျှော်အောင်ဖြန့်ချိ (နှစ်ဘက် ဆွေမျိုးများအား မျှတစွာ ပေးကမ်းခြင်း)

(င) ပျင်းရိမှု (မပျင်းမရိ အိမ်အလုပ် အမြဲလုပ်ခြင်း) ဝတ်ငါးဆူ၊ အိမ်သူ ကျင့်အပ်စွာ။

အထက်ပါ ကျင့်ဝတ်တွေအရ၊ သားသမီးတွေက လေးစားပြီး ကိုယ်လိုချင်တဲ့ ပုံစံမျိုးရအောင် ဆုံးမနိုင်ဖို့အတွက် ရှေးဦးစွာ မိမိက သားသမီးတွေ လေးစားလောက်အောင် စံပြနေထိုင်ပြုမူပြရမယ်။ ဒါမှ သားသမီးတွေက လေးစားလိုက်နာပြီး လူတော်လူကောင်းတွေ ဖြစ်လာမယ်။

များသောအားဖြင့် ကနေ့ လူငယ်တချို့ဟာ မိဘစကားနားမထောင်ပဲ စည်းမဲ့ကမ်းမဲ့လေလွင့်နေတာ တွေ့နေရပါတယ်။ လူဆိုတာ အလုပ် လုပ်ရမယ်။ "အလုပ်ဟူသမျှ ဂုဏ်ရှိစွ" ဆိုတဲ့ ဆောင်ပုဒ်ကို သတိပြုဖို့ လိုပါတယ်။ အလုပ်သမားအတွက် အလုပ်ခွင်ဟာ သူ့အလုပ်၊ ကျောင်းသားအတွက် စာကျက်တာ သူ့အလုပ်၊ ကလေးတွေအတွက် ကစားတာ သူတို့အလုပ်၊

အိမ်ရှင်မတွေအတွက် အိမ်မှုကိစ္စအဝဝ စီမံတာ သူတို့အလုပ် ဖြစ်တယ်။ ကိုယ့်ဘာဝန် ကိုယ် မလစ်ဟင်းစေရဘူး။ ဒါပေမဲ့ တချို့လူငယ်တွေက အလုပ်မလုပ်ပဲ မိဘပိုက်ဆံကို ထိုင်ဖြုန်းနေ ကြတယ်။ အချောင်သမားစိတ် မွေးနေကြတယ်။ အဲဒီလို လူငယ်မျိုးဟာ များသောအားဖြင့် အထက်တန်းလွှာထဲကပဲ ဖြစ်တယ်။ ဘာကြောင့် ဒီလိုဖြစ်ရသလဲဆိုတော့ မိဘကလဲ မိဘဝတ်တရားနဲ့အညီ မဆုံးမနိုင်ဘူး။ သားသမီးကို ပြန်မကြည့် နိုင်ဘူး။ စီးပွားရှာဖို့၊ ပျော်ဖို့ပါးဖို့လောက်သာ စိတ်ကူးနေ တယ်။ အနောက်တိုင်း ယဉ်ကျေးမှုတွေကို အမွေခံပြီး သောက် စားပျော်ပါးမှုက များနေတယ်။ ဒီတော့ မိဘက သားသမီး လေးစားလောက်အောင် မနေလေတော့ "ငါပြောသလိုလုပ်၊ ငါလုပ်သလို မလုပ်နဲ့" လို့ ဆိုပေမယ့် ဘယ်မှာရပါ့မလဲ။

ဒါကြောင့် အလုပ်မလုပ်ပဲ ဒီလို မိဘလုပ်စာထိုင်စားနေတဲ့ ရေသာခိုအချောင်သမား သားဆိုး သမီးဆိုးတွေ မဖြစ်ရလေ အောင် မိဘများကိုယ်တိုင်က မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံနဲ့ အညီ စံပြနေထိုင်ကြပြီး သားသမီးတွေ အတုယူလာအောင် ဆုံးမသွန်သင် ပဲ့ပြင်ကြပါလို့ မေတ္တာရပ်ခံချင်ပါတယ်။

လင်နဲ့မယား ဆက်ဆံရေးအပိုင်းမှာကတော့ လင်ကမယား ကို ဖြစ်စေ၊ မယားက လင်ကိုဖြစ်စေ မိမိတို့ဆိုင်ရာ ကျင့်ဝတ် တွေနဲ့အညီ လိုက်နာကျင့်ကြံပြီး တဦးကိုတဦး ယုယကြင်နာ ကြမယ်ဆိုယင် သာယာချမ်းမြေ့တဲ့ အိမ်ထောင်တခုအဖြစ် "သီရိဂေဟာ"ကို ဖန်တီးနိုင်ကြမှာ မလွဲပါဘူး။

## သာမကဝတ္ထု

ကာသိကရာဇ်တိုင်းမှာ သဝိဋ္ဌဆိုတဲ့ လယ်လုပ်သား တယောက် ရှိတယ်။ သူ့မှာ အဖေအိုကြီးတယောက်၊ မယားနဲ့ ၇-နှစ်ရွယ် သားငယ်တယောက် ရှိတယ်။

မယားဖြစ်သူဟာ ယောက္ခမအိုကြီးကို နေ့တိုင်း ပြုစုနေရတော့ ငြူစူလာတယ်။ မကြည်ဖြူတော့လို့ သူ့ယောကျ်ားကို အသတ်ခိုင်းတယ်။ မယားကြောက်တဲ့ သဝိဋ္ဌက ဖခင်အိုကြီးကို လှည်းပေါ်တင်ပြီး သုသာန် ခေါ်သွားတယ်။ သားငယ်က သိတော့ "ငါမကယ်ယင် အားလုံး နစ်မွန်းကုန်တော့မှာပဲ"လို့ ဆိုပြီး သူပါလိုက်သွားတယ်။

သုသာန်ရောက်လို့ သဝိဋ္ဌက ကျင်းတူးတဲ့အခါ သားငယ်လေးက "ဘာလုပ်ဖို့ တူးတာလဲ"လို့ မေးတယ်။ "မင်းအဖိုးက အသက်ကြီးပြီမို့ သတ်ပြီးမြှုပ်မလို့"တဲ့။ ဒီတော့ သားကလေးက အဖေ့ဆီက ပေါက်တူးတောင်းပြီး သူလဲ ကျင်းတကျင်း တူးတယ်။ သဝိဋ္ဌက ဘာလုပ်မလို့လဲ မေးတော့ "အဖေလဲ အိုပြီ၊ အဖေ့ကို သတ်ပြီး ဒီကျင်းထဲမြှုပ်မယ်" လို့ ပြန်ပြောတယ်။

ဒီတော့မှသဝိဋ္ဌက နောင်တရပြီး သူ့အဖေကို မသတ်တော့ပဲ အိမ်ပြန်ခေါ်လာတယ်။ မယားကိုလဲ ကြိမ်မောင်းဆူပူရိုက်နှက်လိုက်လို့ သူ့မယားကလဲ နောင်တရသွားတယ်။ ဒီလိုနဲ့ သဝိဋ္ဌဟာ သားမယားတွေကိုရော ဖခင်အိုကြီးကိုပါ မိမိဝတ္တရားနဲ့အညီ ပြုစုကျွေးမွေးစောင့်ရှောက်တဲ့အတွက် စီးပွားတိုးတက်ပြီး



ဖခင်အိုကြီးအားသတ်ပြီး မြှုပ်နှံရန် သစ်ဌှကျင်းတူးနေသည်ကို
(၇) နှစ်အရွယ်သားက ကြည့်ရှုနေပုံ

သေတဲ့အခါ နတ်ပြည်မှာ နတ်စည်းစိမ်ကို ပျော်ရွှင်စွာခံစားရပါတယ်။

ဒီမင်္ဂလာနဲ့ ပတ်သက်လို့ ပြောဖို့ရှိတာက လူငယ် လူရွယ်တွေ အတွက် ယခုအခါမှာ မလိုအပ်သေးပါဘူး။ ဒါပေမဲ့ အိမ်ထောင်ကျပြီး သားသမီး ရလာတဲ့အခါမှာ လိုအပ်လာပါပြီ။ အဲဒီအခါမှာ မိဘတွေက မိမိအပေါ်မှာ မိဘဝတ်ကျေခဲ့သလို၊ မိမိကလဲသားသမီး ဇနီးမယားတွေအပေါ်မှာ တာဝန်ကျေကြမယ်ဆိုယင် မင်္ဂလာအပေါင်းနဲ့ ပြည့်ဝပြီး စီးပွားဥစ္စာတိုးတက်ကြမှာ မလွဲပါဘူး။ ဒီလို မိဘကောင်းတွေ ဖြစ်ဖို့ခုကထဲက မိဘအိမ်မှာ အလုပ်မလုပ်ပဲ ခိုကပ် သုံးဖြုန်း စားသောက်နေတဲ့ အချောင်သမား သားသမီးတွေ မဖြစ်ပါစေနဲ့ဆိုတာ သတိပေးလိုက်ပါရစေ။

## (၁၃) အနှောင့်အယှက် မရှိသော အလုပ်ကို လုပ်ကိုင်ရခြင်း (အနာကုလာ စ ကမ္မန္တာ)

မိမိတို့ အလုပ်တခု လုပ်တဲ့အခါ အချိန်လွန်မှ လုပ်ခြင်း၊ စဉ်းစားဆင်ခြင်မှု ကင်းမဲ့စွာ လုပ်ခြင်း၊ လုံ့လဝီရိယလျော့ပါးခြင်း၊ မှန်ကန်တဲ့ အဆုံးအဖြတ် မပေးနိုင်ခြင်း၊ တရားသဖြင့်ရှာဖွေလုပ်ကိုင်ခြင်းစတဲ့ အချက်တွေ ချွတ်ယွင်း အားနည်းယင် အနှောင့်အယှက် ဖြစ်စေပြီး၊ အပြစ်မကင်းတဲ့ အလုပ်ဖြစ်လာပါလိမ့်မယ်။ ကိုယ်လုပ်တဲ့ အလုပ်ဟာ ရည်မှန်းချက်အတိုင်း အောင်မြင်မှုမရပဲ အလွဲလွဲ အချော်ချော်တွေ ဖြစ်ပြီးစီးပွားရေးကျဆင်းခြင်း၊ ဂုဏ်သိက္ခာညှိုးနွမ်းခြင်း၊ အပြစ်ဒဏ်ခံရခြင်းစတဲ့ ဆင်းရဲဒုက္ခတွေနဲ့ တွေ့ကြုံရပါလိမ့်မယ်။

ဒါကြောင့် ဉစ္စာပစ္စည်း တိုးတက်ကြီးပွား ချမ်းသာလိုယင် အချိန်အခါနဲ့ အခြေအနေကို ကောင်းစွာ အသုံးချပြီး မိမိရဲ့ ဇွဲလုံ့လ ဝီရိယအပြည့်နဲ့ လောကသံသရာ အပြစ်လွတ်တဲ့အသက် မွေးမှု လုပ်ငန်းတွေကို စဉ်းစားတွေးခေါ် လုပ်ကိုင်ဖို့ လိုအပ်ပါတယ်။

## သာဓကဝတ္ထု

အားလုံးကြားဘူးပြီးဖြစ်တဲ့ 'ကြွက်သေတခု အရင်းပြု၊ လေးလတွင်းဝယ် နှစ်သိန်းကြွယ်' ဝတ္ထုပါပဲ။ စူဠက သဌေးဟာ လမ်းသွားယင်း ကြွက်သေတကောင်ကိုမြင်လို့ "ဉာဏ်ဝီရိယရှိသူ ကြွယ်ဝ ချမ်းသာလိမ့်မယ်" လို့ ပြောတယ်။ ဆင်းရဲသား တယောက်က သဌေးကြီးဟာ အကြောင်းမဲ့ ပြောတာတော့ မဖြစ်နိုင်ဘူးဆိုပြီး ကြွက်သေကို ကြောင်စာအတွက် ရောင်းရာက အစ တဖြည်းဖြည်းနဲ့ သင်္ဘောဆိပ်မှာ ကုန်သည် လုပ်ယင်း သင်္ဘော တစင်းလုံး လက်ဝါးကြီးအုပ် ယူနိုင်တဲ့အထိ ဝီရိယ အားထုတ် လုပ်ကိုင်ခဲ့တာ လေးလအတွင်း နှစ်သိန်း ကြွယ်ဝ ချမ်းသာလာခဲ့တယ်။

ဒါကြောင့် ဘယ်အလုပ်မဆို လုပ်ကိုင်ယင် ရှေ့နောက် စူးစမ်းလေ့လာ၊ ဉာဏ်နဲ့ဆင်ခြင်ပြီး ဝီရိယအားထုတ် လုပ်ကိုင် မယ်ဆိုယင် ကြီးပွားချမ်းသာလာလိမ့်မယ် ဆိုတာ တထစ်ချ ယုံကြည်သွားကြစေလိုပါတယ်။



ကြွက်သေတ်ကောင်ကို အကြောင်းပြု၍ ကြီးပွားလာသော ဆင်းရဲသားသည်
သင်္ဘောဆိပ်တွင် သဌေးတဦးအဖြစ် ကုန်သွယ်နေပုံ

## စတုတ္ထဒေသနာတော် မင်္ဂလာ (၃) ပါး၏
## နိဂုံးချုပ် မှတ်ဖွယ်

အမိ, အဖ တို့ကို လုပ်ကျွေးသည့်နည်းတူ (မာတာပိတု-ဥပဋ္ဌာနံ)

သားမယား တို့အားလည်း ကောင်းစွာ စောင့်ရှောက်ပြီး (ပုတ္တဒါရဿ သင်္ဂဟော)

အပြစ်ကင်း၍ အနှောင့်အယှက်မရှိသော အလုပ်ကိုလုပ်ကိုင်ပါက (အနာကုလာ စ ကမ္မန္တာ)

မုချ ကြီးပွားချမ်းသာပါလိမ့်မည်။

# ပဉ္စမ ဒေသနာတော်
# မင်္ဂလာ (၄) ပါး

## ပါဠိတော်

ဒါနဉ္စ ဓမ္မစရိယာ စ၊ ဉာတကာနဉ္စ သင်္ဂဟော။
အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလ မုတ္တမံ။

## အနက်

ဒေဝပုတ္တ၊ နတ်သား။ ဒါနဉ္စ၊ အလှူပေးရခြင်းသည်လည်းကောင်း။ ဓမ္မစရိယာ စ၊ ကုသိုလ်ကမ္မပထတရား ဆယ်ပါးကို ကျင့်ရခြင်းသည် လည်းကောင်း။ ဉာတကာနံ၊ အဆွေအမျိုးတို့ကို။ သင်္ဂဟော စ၊ သင်္ဂြိုဟ် ထောက်ပံ့ ရခြင်းသည်သည်းကောင်း။ အနဝဇ္ဇာနိ၊ အပြစ်မရှိကုန်သော။ ကမ္မာနိ စ၊ အမှုတို့သည်လည်းကောင်း။ အတ္ထိသန္တိ၊ ရှိကုန်၏။ ဧတံ၊ ဤလေးပါးသည်လျှင်။ ဥတ္တမံ၊ မြတ်သော။ မင်္ဂလံ၊ မင်္ဂလာမည်၏ ဟူ၍။ တွံ၊ သင် နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

## အဓိပ္ပါယ်

(၁၄) စွန့်ကြဲပေးကမ်း လှူဒါန်းရခြင်း
(၁၅) သုစရိုက်တရားကို ကျင့်ရခြင်း
(၁၆) ဆွေမျိုးတို့အား ချီးမြှောက်ထောက်ပံ့ရခြင်း
(၁၇) အပြစ်မရှိသော အလုပ်ကိုလုပ်ရခြင်း။

### မင်္ဂလာကဗျာ

သုံးတန်စေတနာ ဖြူစင်လန်းလို့၊
ပေးကမ်းဝေမျှ လှူနိုင်စေ။
ကိုယ်နှုတ်စိတ်ကြံ မမိုက်မှားနဲ့၊
သုစရိုက်တရားကို ကျင့်ပါလေ။
ဆွေမျိုးတွေကို ပစ်မထားနဲ့၊
သင်္ဂဟတရားနဲ့ ချီးမြှောက်လေ။
သန့်စင်ပြစ်မျိုး လူထုကျိုး၊
သည်ပိုး ရွက်ဆောင်စေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။ ။

## (၁၄) စွန့်ကြဲပေးကမ်းလှူဒါန်းရခြင်း

### ( ဒါနဥ )

စွန့်ကြဲပေးကမ်းတာကို ပါဠိလို 'ဒါန' လို့ ခေါ်တယ်။ မိမိပစ္စည်းကို သူတပါး အများသုံးစွဲရအောင် ပေးတာပါပဲ။ ဒါနလေးမျိုး ရှိတယ်။ အဲဒါတွေကတော့=

(က) မရှိဆင်းရဲသူကို ပေးကမ်းခြင်း
(ခ) ဆင်းရဲသူမဟုတ်ပဲ အလုပ်ကို သဘောတူ၍ ကူညီခြင်း
(ဂ) ဂုဏ်သိက္ခာကြည်ညို၍ လှူခြင်း
(ဃ) ချစ်လို့ပေးခြင်း

အဲဒီနေရာမှာ ဗုဒ္ဓဘာသာဝင်တွေမှာ သာမကဘူး၊ တခြား ဘာသာတွေမှာလဲ လှူဒါန်းကြတာပါပဲ။ မိမိထက် ဆင်းရဲနွမ်း ပါးသူလဲ စွန့်ကြဲတယ်၊ တန်းတူတွေကိုလဲ ပေးကမ်းထောက်ပံ့ တယ်၊ ကိုယ့်ထက် သီလသမာဓိရှိတဲ့ မြင့်မြတ်တဲ့ ပုဂ္ဂိုလ်တွေ ကိုလဲ လှူဒါန်းကြတယ်။ ခုခေတ် ခုကာလမှာတော့ အဲဒီ လောကသာမကဘူး၊ အများအကျိုးအတွက် ဆေးရုံကြီးတွေ၊ စာသင်ကျောင်းတွေ၊ လမ်းတံတားတွေ၊ စာကြည့်တိုက်တွေ ဆောက်လုပ် လှူဒါန်းနေကြပါတယ်။ ဒါဟာဖြင့် ခေတ်မီပြီး အကျိုးရှိတဲ့ လှူဒါန်းမှုတွေပါပဲ။

ဒါတင်မကပါဘူး တချို့များဆိုယင် မိမိရဲ့ သွေးကိုပင် တခြားသူတယောက် အသက်ချမ်းသာရေးအတွက် ဖောက်ထုတ် လှူဒါန်းနေကြပါတယ်။ အဲဒီလို လှူဒါန်းတဲ့ ဇီဝိတဒါန ကုသိုလ်တွေဟာ အလွန်မွန်မြတ်လို့ လူသာမက ခေါ်၊ နတ်သာမက ခေါ်ထိုက်လှတဲ့ ကုသိုလ်မျိုးပဲ ဖြစ်ပါတယ်။ မိမိရဲ့ သွေးကို ဒါနပြုတဲ့ သွေးလှူရှင်တွေကို သက်ဆိုင်ရာက သွေးလှူရှင် တံဆိပ်ကလေးတွေ ချီးမြှင့်တာ တွေ့ကြပါလိမ့်မယ်။ သာမန် အားဖြင့် ကြည့်ယင်တော့ ဒီတံဆိပ်ကလေးဟာ ဘယ်လောက်မှ တန်ဖိုးမရှိပါဘူး။ ဒါပေမဲ့ စေ့စေ့တွေးကြည့်လိုက်တော့ ဒီပုဂ္ဂိုလ်ဟာ အများအကျိုးအတွက် မိမိရဲ့ အသွေးအသားကို လှူဒါန်းတဲ့ ပုဂ္ဂိုလ်ဆိုတာသိရလို့ ဂုဏ်ယူစရာ၊ ကြည်ညိုလေးစား စရာ ကောင်းလှပါတယ်။

ဒီလို လှူဒါန်းတာဟာ ကောင်းတဲ့အလုပ်၊ အကျိုးရှိတဲ့ အလုပ်၊ မင်္ဂလာရှိတဲ့အလုပ်၊ နတ်လူသာမခေါ်တဲ့ အင်မတန်မွန်

မြတ်တဲ့ ကိစ္စတရပ်ဖြစ်ပါတယ်။ ဒါပေမဲ့ လှူဒါန်းတဲ့အခါ စေတနာသုံးတန် ပြဋ္ဌာန်းပြီးလှူဒါန်းရတယ်။ ဒါမှလဲ အကျိုးပေး ထက်သန်တယ်။

## သုံးတန်စေတနာ

(က) ပုဗ္ဗစေတနာ =မလှူမီ စိတ်စေတနာဖြူစင်ခြင်း
(ခ) မုဉ္စစေတနာ =လှူနေဆဲ၌ စိတ်စေတနာ ဖြူစင်ခြင်း
(ဂ) အပရစေတနာ =လှူပြီးနောက် ဝမ်းမြောက်ဝမ်းသာ စိတ်စေတနာဖြူစင်ခြင်း

## အကျိုးပေးပုံ

ပုဗ္ဗစေတနာ =ပထမအရွယ်တွင် အကျိုးပေးသည်။
မုဉ္စစေတနာ =ဒုတိယအရွယ်တွင် အကျိုးပေးသည်။
အပရစေတနာ =တတိယအရွယ်တွင် အကျိုးပေးသည်။

ပေ်ပြထားတဲ့ အတိုင်း စွန့်ကြဲ ပေးကမ်းလှူဒါန်းခြင်းဖြင့် အောက်ပါ အကျိုးတရားတွေကို မုချခံစားရမှာ ဖြစ်တယ်—

## ဒါနအကျိုး (၅) ပါး

(က) အသက်ရှည်ခြင်း
(ခ) အဆင်းလှခြင်း
(ဂ) ချမ်းသာကြီးခြင်း
(ဃ) အခြံအရံများခြင်း
(င) အစိုးရခြင်း

## သာဓက ဝတ္ထု

ကဿပဘုရား လက်ထက်က မိတ်ဆွေ ရဟန်းနှစ်ပါး အတူ ဘက္ က မ္မဋ္ဌာန်းတရား အားထုတ်ကြတယ်။ တပါးကတော့ ဒါနပြုတာ သံသရာရှည်စေတယ်။ နိဗ္ဗာန်မြန်မြန်မရောက်ဘူး ဆိုပြီးကမ္မဋ္ဌာန်းကိုသာ ကြိုးစား အားထုတ်တယ်။တပါးကတော့ ဒါနဆိုတာ ဘုရားသော်မှ ပစ်ပယ်သောအလုပ် မဟုတ်၍ ငါလဲ ပစ်ပယ်ဖို့မလိုဟု သဘောပေါက်ကာ ဒါနကိုလဲ ကြိုးစား၊ ဘရားကိုလဲ အားထုတ်တယ်။

အသက်အတိုင်းနေပြီး ပုထုဇဉ်အဖြစ်နဲ့ ပျံလွန်တော်မူကြတဲ့ အခါ နှစ်ပါးလုံး နတ်ပြည်ရောက်ကြတယ်။ ဒါနပြုတဲ့ ရဟန်း ကတော့ အခြေအရံ ဝည်းစိမ်ဥစ္စာများပြားပြီး၊ ဒါနမပြုတဲ့ ရဟန်းကတော့ ရှားပါးတယ်။

ဂေါတမဘုရား လက်ထက်မှာ ဒါနပြုတဲ့ ရဟန်းဟာ ကောသလမင်းကြီးရဲ့ သားတော် ဖြစ်လာတယ်။ ဒါနမပြုတဲ့ ရဟန်းကတော့ အထိန်းတော်ရဲ့သား ဖြစ်တယ်။ နှစ်ဦးလုံး ရဟန်းပြုကြတဲ့ အခါ ဒါနပြုတဲ့ ရဟန်းက ပစ္စည်းလေးပါး ပေါပြီး ချမ်းသာစွာ တရားအားထုတ်လို့ ရဟန္တာဖြစ်သွားတယ်။ ဒါနမပြုတဲ့ ရဟန်းကတော့ ဆင်းရဲချို့တဲ့စွာနဲ့ ရဟန္တာဖြစ်သွား ရတယ်။

ဒါကြောင့် မိမိဘတ်ငွမ်းသမျှ စေတနာသုံးတန် ပြဋ္ဌာန်းပြီး လှူဒါန်းကြပါ။ အဲဒီလို ဒါနပြုခြင်းအားဖြင့် မိမိမှာလဲ တနေ့ ဘခြား အကျိုးတရား တိုးပွားလာပါလိမ့်မယ်လို့ စကားလက်



ဒါနမပြုသည့်ရဟန်းနှင့် ဒါနပြုသည့်ရဟန်းတို့
အတူတကွ တရားထိုင်နေကြပုံ

ဆောင် ပါးလိုက်ပါရစေ။ ဒါနပြုယင် သံသရာရှည်ဘယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေလဲ ဒီ သာဓကဝတ္ထုကို ဖတ်ရှုပြီး သံဝေဂ ယူနိုင်ကြပါစေ။

## (၁၅) သုစရိုက်တရားကို ကျင့်ရခြင်း
## ( ဓမ္မစရိယာ စ )

ကုသိုလ်ကမ္မပထတရား ( ၁၀ ) ပါးကို စောင့်ထိန်းခြင်း၊ ဒုစရိုက် (၁၀) ပါးကို ရှောင်ကြဉ်ခြင်းကို ဆိုပါတယ်။ အတိုချုပ်ကတော့ မကောင်းတဲ့ အလုပ်ကို မလုပ်ဖို့ပါပဲ။ စောင့်ထိန်းတဲ့ နေရာမှာ တယောက်တည်းသော သား၏မိခင်သည် မိမိ၏ ချစ်လှစွာသော သားကို အစဉ်စောင့်ရှောက်သကဲ့သို့ စောင့်ထိန်းရမယ်လို့ ဆိုလိုပါတယ်။

### ဒုစရိုက် (၁၀) ပါး

| | | | |
|---|---|---|---|
| (၁) | ပါဏာတိပါတာ | = | သူ့အသက်သတ်ခြင်း၊ |
| (၂) | အဒိန္နာဒါနာ | = | သူ့ဥစ္စာ ခိုးယူခြင်း၊ |
| (၃) | ကာမေသုမိစ္ဆာစာရာ | = | သူ့သားမယားကိုကျူးလွန်ခြင်း၊ |
| (၄) | မုသာဝါဒါ | = | လိမ်လည် ပြောဆိုခြင်း၊ |
| (၅) | ပိသုဏာဝါစာ | = | ကုံးချောခြင်း၊ |
| (၆) | ဖရုသဝါစာ | = | ဆဲဆိုခြင်း၊ ကြမ်းတမ်းစွာ ပြောဆိုခြင်း၊ |
| (၇) | သမ္ဖပ္ပလာပဝါစာ | = | အတင်းအဖျင်းပြောခြင်း၊ |

(၈) အဘိဇ္ဈာ = သူ့ ဥစ္စာကို မတရား ယူရန် ကြံစည်ခြင်း၊
(၉) ဗျာပါဒ = သူ တပါးအား ပျက်စီးစေလိုခြင်း၊
(၁၀) မိစ္ဆာဒိဋ္ဌိ = အယူမှား၊အမြင်မှားခြင်း

ဒုစရိုက် (၁၀) ပါးကို ရှောင်ကြဉ်တာဟာ သုစရိုက် (၁၀) ပါးကို စောင့်ထိန်းတာနဲ့အတူတူပါပဲ။ အဲဒီလို ရှောင်ကြဉ်ရာမှာလဲ—

(က) မိမိကိုယ်တိုင် ရှောင်ကြဉ်ခြင်း၊
(ခ) သူတပါးကို ရှောင်ကြဉ်ရန် နှိုးဆော်တိုက်တွန်းခြင်း၊
(ဂ) သူတပါး ရှောင်ကြဉ်သည်ကို ချီးမွမ်းအားပေးခြင်း၊
(ဃ) သူတပါးနှင့် အတူတကွ ပူးပေါင်း ရှောင်ကြဉ်ခြင်း၊ ဖြင့် အသက်ထက်ဆုံး ကိုယ်ကျင့်တရားကို စောင့်ထိန်း သင့်ပါတယ်။

## သာကေတတွင်

သီဟိုဠ်ကျွန်း မဟာတိတ္ထ သင်္ဘောဆိပ်မှာ ဓမ္မစရိယ အကျင့်မြတ်ကို အစဉ်ကျင့်သုံး ဆောက်တည်နေတဲ့ မောင်နန္ဒနဲ့ မယ်ဟေမာဆိုတဲ့ ကုန်သည်မောင်နှံရှိတယ်။ တနေ့တော့ မြို့ထဲမှာ ပွဲလမ်းသဘင် ဆင်ယင်တာကို ရထားစီးပြီး မြို့လှည့်ကြည့်တဲ့ မြို့စားကြီးသီဝဟာ လေသာပြတင်းဖွင့်ပြီး အပေါ်တွေကိုလှမ်းကြည့်တဲ့ မယ်ဟေမာကို မြင်လိုက်တာနဲ့ တပ်မက်တဲ့ စိတ်တွေ အပြင်းအထန် ဖြစ်လာတယ်။



လေသာပြတင်းဖွင့်ပြီး အဖေါ်များကိုရှာနေသော မယ်ဟောမာအား
ရထားစီးသွားသော မြို့စားကြီးသီဝက တပ်မက်စွဲလမ်းစွာ ကြည့်ရှုနေပုံ

မြို့စားကြီးဟာ မယ်ဟေမာကို မရမနေနိုင်အောင် စွဲလမ်း ဘပ်မက်တာနဲ့ တပည့်တွေကို စုံစမ်း ခိုင်းတယ်။ ကုန်သည် မောင်နန္ဒရဲ့ မယားမှန်းသိတော့ မောင်နန္ဒ ကုန်ရောင်းသွားမယ့် အချိန်ကို အကွက်ချောင်းနေတာပေါ့။ တနေ့တော့ မောင်နန္ဒ ဟာ သင်္ဘောတစင်းရဲ့ ကုန်ကူးထွက်သွားတယ်။

မောင်နန္ဒ ခရီးထွက်သွားပြီဆိုတာ သိတာနဲ့ မြို့စားကြီးဟာ မှော်ဆရာ တယောက်နဲ့ ပေါင်းပြီး ဖုတ်ဘီလူးတကောင်ကို မောင်နန္ဒအား သတ်ဖို့လွှတ်လိုက်တယ်။ ဖုတ်ဘီလူးဟာ ပင်လယ်ကို ဖြတ်ပြီး သင်္ဘော နောက်က လိုက်လာတာကို တွေ့တော့ သင်္ဘောသားတွေက ကြောက်ကုန်ကြတာပေါ့။ ဒီတော့မောင် နန္ဒက "မကြောက်ကြနဲ့၊ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်ကျေးဇူးတော် တွေကို အာရုံပြုကြ"လို့ ပြောပြီး ရတနာသုံးပါး ဂုဏ်တော်တွေ ရွတ်ဆိုလိုက်တဲ့အခါ ဖုတ်ဘီလူးဟာ ရှေ့မတိုးနိုင်တော့ပဲ အရုပ် ကလေး လွင့်ပစ်လိုက်သလို ကျောက်ဆောင်တွေနဲ့ တိုက်မိပြီး ဒဏ်ရာရသွားတယ်။

ဒါနဲ့ ဖုတ်ဘီလူးဟာ ဒေါသ ထွက်ပြီး သီဟိုဠ်ကျွန်းကို ပြန်သွားကာ သိဝမြို့စားနဲ့ မှော်ဆရာတို့ရဲ့ လည်ကို ဖြတ်သတ် လိုက်တော့တယ်။

ဒီအကြောင်းတွေ ကြားသိရတဲ့အခါ မောင်နန္ဒနဲ့ မယ်ဟေမာ တို့ဟာ ရှေးကဆက် ပိုပြီး မေ့စရိယ အကျင့်မြတ် ကျင့်သုံး ဆောက်တည်ယင်း ကုသိုလ်ပြုလျက် အသက်ထက်ဆုံး ချမ်း သာစွာ နေထိုင်သွားကြရတယ်။

ဒါကြောင့် ဒုစရိုက်တရားတွေကို ပွားများယင် ဆင်းရဲဒုက္ခ တွေကြုံပါလိမ့်မယ်။ သုစရိုက်တရားတွေကို ပွားများယင်တော့ များမကြာခင်မှာပဲ ကြီးပွားချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါလိမ့်မယ်ဆိုတာ အာမခံရဲရဲကြီး ပေးလိုက်ပါရစေ။

## (၁၆) ဆွေမျိုးတို့အား ချီးမြှောက်ထောက်ပံ့ရခြင်း (ဉာတကာနဉ္စ သင်္ဂဟော)

မိမိ ညီ, အကို၊ မောင်နှစ်မ၊ ဆွေမျိုးသားချင်းထဲမှ ဆင်းရဲ နွမ်းပါး ချို့တဲ့သူများကို တတ်စွမ်းသရွေ့ ထောက်ပံ့ရမယ်။ ဒါ့အပြင် ရပ်ဆွေရပ်မျိုး၊ အိမ်နားနီးချင်း၊ တရပ်ထဲသား၊ တနယ်ထဲသား၊ တပြည်ထဲသားတွေကို ရောက်လေရာအရပ်မှာ မညှိုးငယ်ရလေအောင် တတ်စွမ်းသမျှ ကူညီစောင့်ရှောက်ခြင်း ဟာလဲ မင်္ဂလာတပါးပါပဲ။

ယခုခေတ်မှာ မြို့နယ်အသင်းတွေ ဖွဲ့စည်းပြီး၊ သာရေး, နာရေးကိစ္စတွေမှာ စုပေါင်းကူညီကြတာ၊ ပညာရည်ချွန်သူ တွေကို ထောက်ပံ့ကြတာ တွေ့မြင်ကြပါလိမ့်မယ်။ ဒါဟာ အလွန်မွန်မြတ် ကောင်းမွန်တဲ့ မင်္ဂလာတရပ်ကို ဆောင်ရွက် ကြခြင်းပါပဲ။

ဒီလို ထောက်ပံ့ကူညီရာမှာ ပစ္စည်းတွေနဲ့ ထောက်ပံ့ကူညီ မှသာ မဟုတ်ပါဘူး "နှုတ်၏စောင်မခြင်း၊ လက်၏စောင်မ ခြင်း"ဆိုသလို မိမိတတ်စွမ်းသရွေ့ အောက်ပါ သင်္ဂဟတရား လေးပါးအနက် တနည်းနည်းနဲ့ ကူညီထောက်ပံ့ ကျေးဇူးပြုနိုင် ပါတယ်။

## သင်္ဂဟတရား လေးပါး

(က) ဒါန = ပေးကမ်းခြင်း
(ခ) ပိယဝါစာ = ချစ်ဖွယ်သောစကားဆိုခြင်း
(ဂ) အတ္တစရိယ = အကျိုးစီးပွား ဆောင်ခြင်း
(ဃ) သမာနတ္တာ = ကိုယ်နှင့်ထပ်တူပြုခြင်း။

## သာဓကဝတ္ထု

ရှေးအခါ ကာသိကရာဇ်တိုင်း ဗာရာဏသီပြည်မှာ ဗြဟ္မဒတ် မင်းကြီး မင်းပြုစဉ် ဟိမဝန္တာတောင်ခြေက ဂင်္ဂါမြစ်ဘေး အမ္ဗဝနသရက်ပင်မှာ ဘုရားအလောင်း မျောက်မင်းနဲ့ မျောက်အပေါင်း မှီတင်းနေထိုင်တယ်။ အမ္ဗဝနသရက်သီးဟာ ထူးကဲတဲ့ အရသာရှိတာမို့ ဂင်္ဂါမြစ်ထဲကို သရက်သီးတလုံးမှ မကျအောင် မျောက်မင်းက အထူး ပညတ်ထားတယ်။

တနေ့တော့ အမ္ဗဝန သရက်သီးတလုံးဟာ မတော်တဆ ဂင်္ဂါမြစ်ထဲ ကျပြီး မျောပါသွားတယ်။ အဲဒီ သရက်သီးကို ဗြဟ္မဒတ်မင်းကြီး စားရတော့ ရသတဏှာစွဲလမ်းပြီး သရက်ပင် ရှိရာ ဂင်္ဂါမြစ်ညာကို တပ်မကြီးနဲ့ ချီတက်သွားပြီး မုဆိုးတွေ အကူအညီနဲ့ အမ္ဗဝန သရက်ပင်ကို ရှာတယ်။ တွေ့တဲ့အခါ တပ်ဘော်နဲ့ ဝိုင်းရံပြီး ကင်းချတပ်စွဲ ထားလိုက်တယ်။

အဲဒီအချိန်မှာ ဘုရားလောင်း မျောက်မင်းနဲ့ အခြံအရံ မျောက်ခြောက်သောင်းဟာ သရက်ပင်ကြီးပေါ်မှာ ပိတ်မိနေ

ဘော့တာပေါ့။ ဘုရားလောင်းက ဆွေမျိုးတွေရဲ့ အသက်ကို ငါကယ်မှ ဖြစ်တော့မယ်လို့ ကြံပြီး ဂင်္ဂါမြစ်တဘက်ကမ်းကို ခုန်ကူးသွားတယ်။ အဲဒီမှာ နွယ်တွေကို ကြိုးအဖြစ် ဆက်ချည်ပြီး အနေတော်လောက်ရတဲ့အခါမှာ တဘက်ကမ်းက သစ်ပင်ထိပ်ဖျားမှာ အစတစကို ချည်တယ်။ ကျန်တဲ့ အစတဘက်ကို သူ့ခါးမှာ ချည်ပြီး သရက်ပင်ကို ပြန်ခုန်ကူးလာတယ်။ ဒါပေမဲ့ မှန်းတာထက် ကြိုးက လက်တကမ်းစာလောက် တိုနေလို့ သစ်ကိုင်းကို မိရုံလောက်ပဲ ရှိဘယ်။

မျောက်မင်းက "ငါ့ကျောပေါ် နင်းပြီး ဘေးလွတ်ရာပြေးကြ" လို့ ပြောလိုက်တော့ မျောက်တွေဟာ မျောက်မင်းကို ရှိခိုးပြီး တကောင်စီ ညင်သာစွာ ခုန်ကူးသွားကြတယ်။ နောက်ဆုံး ဒေဝဒတ်အလောင်း မျောက်ယုတ်မာက ဘုရားလောင်းရဲ့ ကျောပေါ်ကို တအားခုန်ချပြီးမှ ကူးသွားလို့ မျောက်မင်းဟာ သွေးဝိမ်းတွေ အန်ပြီး ကျန်ခဲ့တယ်။

မိုးလင်းလို့ ဗြဟ္မဒတ်မင်းက မြင်တော့ ဘုရားလောင်း မျောက်မင်းကို သစ်ပင်ပေါ်က ချပြီး ဆေးဝါးကုသပေးတယ်။ မျောက်မင်းက "ကိုယ့်အမျိုးနဲ့ တိုင်းပြည်ကို စောင့်ရှောက်ပါ" လို့ တရားဟောပြီး သေသွားတော့ နတ်သားဖြစ်သွားတယ်။ မင်းကြီးလဲ မျောက်မင်း အဆုံးအမအတိုင်း လိုက်နာလို့ တပြည်လုံး ချမ်းသာခြင်းကို ရောက်ကြတယ်။

ဒါကြောင့် မိမိဆွေမျိုးသားမကာ မိမိတိုင်းပြည်နဲ့ လူမျိုးတိုးတက်ရာ တိုးတက်ကြောင်းအတွက် မိမိ ကိုယ်ငှမ်းရှိသင့်ပေ



ဘုရားအလောင်းမျောက်မင်း၏ ကိုယ်ပေါ်မှ မျောက်အများကူး၍
တဘက်ကမ်း ဘေးကင်းရာသို့ ရောက်ရှိသွားပုံ

ဘက်စွမ်းရှိသရွေ့ ကြိုးပမ်းကြပါလို့ မှာကြားလိုပါတယ်။ အဲဒီလို တဦးချင်း တိုင်းသူပြည်သားကောင်းတွေ ဖြစ်လာမယ်ဆိုယင် တို့တိုင်းပြည်ဟာ တခြားနိုင်ငံကြီးတွေနဲ့ ဂုဏ်ပေါင်ကန်းနိုင်တဲ့အထိ မကြာမြင့်မီအတွင်းမှာ ကြီးပွားတိုးတက်လာမှာအမှန်ပါပဲ။

## (၁၇) အပြစ်မရှိသော အလုပ်ကို လုပ်ရခြင်း

## (အနဝဇ္ဇာနိ ကမ္မာနိ)

အပြစ်မရှိတဲ့ အလုပ်ဆိုတာ အကုသိုလ် မဖြစ်တဲ့အလုပ်၊ မိဘဆွေမျိုးဂုဏ်သိက္ခာကို မထိခိုက်စေတဲ့အလုပ်၊ နိုင်ငံတော်က သတ်မှတ်ပြဋ္ဌာန်းထားတဲ့ စည်းကမ်းဥပဒေတွေကို မချိုးဖောက်မကျူးလွန်တဲ့အလုပ်၊ အများအကျိုး ဖြစ်ထွန်းစေမယ့် အလုပ်မျိုးတွေကို ခေါ်ပါတယ်။

ဒါ့အပြင် သားသမီးတွေဟာ မိဘသတ်မှတ်ချက်ကို မဆန့်ကျင်ပဲ လုပ်ကိုင်ခြင်း၊ ကျောင်းသားဟာ ကျောင်းစည်းကမ်းနဲ့အညီ လုပ်ကိုင်ခြင်း၊ အလုပ်သမားဟာ အလုပ်ခွင် စည်းကမ်းနဲ့အညီ လုပ်ကိုင်ခြင်း၊ ကုန်သည်ပွဲစားတွေဟာ သမ္မာအာဇီဝဖြစ်တဲ့ လုပ်ငန်းတွေကို လုပ်ကိုင်ခြင်းဟာလဲ အပြစ်မရှိတဲ့အလုပ်ကို လုပ်တာပါပဲ။

လောကုတ္တရာဘက်က ကြည့်မယ်ဆိုယင် အပြစ်မရှိတဲ့အလုပ်ကိုလုပ်သူဟာ လူ့ချမ်းသာ နတ်ချမ်းသာကို ရရှိပြီး နိဗ္ဗာန်ချမ်းသာအတွက်ပါ အထောက်အပံ့ ဖြစ်စေပါတယ်။

လောကီဘက်က ကြည့်မယ်ဆိုယင်လဲ အပြစ်မရှိတဲ့ အလုပ် လုပ်ယင် ဝိတ်ချမ်းသာ ကိုယ်ချမ်းသာနေရမယ်။ နိုင်ငံတော်က သတ်မှတ်ထားတဲ့ ဥပဒေတွေကိုမကျူးလွန် မဆန့်ကျင်တဲ့အတွက် အပြစ်ပေးမခံရဘူး၊ ထောင်ကျမခံရဘူး၊ ကိုယ်စိတ်နှစ်ပါး ချမ်း သာသွာနဲ့ တိုးတက်ကြီးပွားမယ်ဆိုဘာ လက်တွေ့ပါပဲ။

လူတိုင်းကသာ အပြစ်မရှိတဲ့ အလုပ်ကို လုပ်ကြမယ် ဆိုယင် နိုင်ငံကြီးသားတွေ ပီသလာမယ်။ စည်းကမ်းသေဝပ်မှု ရှိလာ မယ်။ ရပ်ရွာ အေးချမ်းရေးနဲ့ တရားဥပဒေ စိုးမိုးရေးကိုလဲ အထောက်အကူပြုလာမှာ သေချာပါတယ်။

အထူးသဖြင့် လူငယ်လူရွယ်တွေ အတွက်တော့ ဆေးလိပ် သောက်တာ၊ ဆေးခြောက် ရှူတာ၊ အရက် သောက်တာ၊ ဘိန်းဖြူသုံးဘာတွေဟာ အပြစ်ရှိတဲ့ အလုပ်တွေပါပဲ။ ဒါတွေကို သုံးစွဲယင် လူ့ဘဝဆုံးပြီး လူဖြစ်ရှုံးမှာ သေချာသလို ဒါတွေကို ရှောင်ကြဉ်ယင်လဲ သာယာချမ်းမြေ့တဲ့ ဘဝကို တည်ဆောက် နိုင်ကြပါလိမ့်မယ်။

နောက်ပြီးတော့ ကောင်းရောင်းဘောင်းဝယ်မလုပ်ကိုင်ကြပဲ ခိုးဆိုးတိုက်ခိုက် လုယက်ခြင်း၊ ပဋ္ဌည်းအတုတွေ ရောင်းချခြင်း၊ တရားမဝင် မှောင်ခိုကုန်ပစ္စည်းတွေရောင်းဝယ်ဖောက်ကားခြင်း ဆိုဘာဟာလဲ အပြစ်မကင်းတဲ့ အလုပ်တွေပဲဆိုဘာ နားလည် လောက်ပါတယ်။

## သာဓကဝတ္ထု

မလေးရှားသား ကိုမောင်ဆင်တို့ သူငယ်ချင်းသုံးဆယ့်သုံးယောက် ဟာ လမ်းခင်းခြင်း၊ မြေညှိခြင်း၊ နေရာတိုင်းခင်းပြုပြင်ခြင်း စတဲ့

အပြစ်မရှိတဲ့ အလုပ်တွေကို လုပ်ကြတယ်။ မှူးဝန်က သူတို့ အင်အားနဲ့ ပေါင်းပြီး ဒမြတိုက်ဖို့ (အပြစ်ရှိတဲ့ အလုပ်) အကြံပေးတဲ့အခါ မလိုက်နာကြလို့ တိုင်းပြည် ပုန်ကန်ဖို့ စီစဉ်ပြီးလူစုနေပါတယ်လို့ ဘုရင့်ထံ လိမ်လည် လျှောက်တင်တယ်။

ဘုရင်ကလဲ မဆင်မခြင်နဲ့ စစ်ဆေးခြင်းမပြုပဲ ဖမ်းပြီးဆင်တော် ရောဝဏ်နဲ့ နင်းသတ်စေတယ်။ ကိုမာဃနဲ့ အပေါင်းပါတွေဟာ အပြစ်မရှိသူတွေဖြစ်လို့ လုံးဝမကြောက်ဘူး။မင်းကြီးကိုလည်းကောင်း၊ မှူးဝန်ကိုလည်းကောင်း၊ ဆင်တော်ရောဝဏ်ကိုလည်းကောင်း မေတ္တာပို့ သယင်း သေရမယ့်အချိန်ကို ရဲရဲကြီးရင်ဆိုင်တယ်။

ဒါပေမဲ့ သူတို့မှာ အပြစ်မရှိတော့ ဆင်တော်ရောဝဏ်ကမနင်းပဲ ရှောင်သွားတယ်။ အဲဒီလို အံ့ဖွယ်သရဲအပြစ်ကို မြင်ရတဲ့အခါ မင်းကြီးက သူတို့ကို ရှေ့တော်သွင်းပြီး စစ်ဆေးမေးမြန်းတယ်။ အပြစ်မှန်ကို သိရတဲ့အခါ ရတနာတွေနဲ့ ပူဇော်ပြီး ဆင်တော်ကိုပါ ပေးလိုက်တယ်။

ကိုမာဃနဲ့ သူ့ရဲဘော်တွေဟာ ဇရပ်ဆောက်လုပ်လှူဒါန်းခြင်း၊ ရေးသည်တွေကို ရေးဦးကြိုပြုခြင်း၊ ခြေဆုပ်လက်နယ်ပြုခြင်းတွေကို အားကြိုးမာန်တက် ဆက်လက်ဆောင်ရွက်ခဲ့ကြလို့ သေလွန်တဲ့အခါ အားလုံးပဲ နတ်ပြည်ကို ရောက်ကြတယ်။ ကိုမာဃဟာ သိကြားမင်းဖြစ်ပြီး သူ့ဘို့နေတဲ့ အငုပ်ကိုလည်း ဘာဝတိံသာ (နတ်မင်းသုံးဆယ့်သုံးပါးပြည်) ရယ်လို့ ယခုတိုင်ခေါ်ဝေါ်ကြတယ်။



ကိုမဃ်ဃနှင့် အပေါင်းပါများကို ဆင်တော်ရောဝက်နဲ့ နင်းသတ်ရန် စီစဉ်နေပုံ

ဒါကြောင့် အပြစ်ရှိတဲ့ အလုပ်တွေကို မလုပ်ကြပါနဲ့၊ အပြစ်မရှိတဲ့ အလုပ်ကိုသာ လုပ်ကြပါ။ ယခု လောလောဆယ်မှာလဲ တိုးတက်တဲ့ တိုင်းကြီး ပြည်ကြီးသားတွေဖြစ်ပြီး တိုင်းပြည်အကျိုးပြုမယ့် လူချွန်လူမွန်တွေ ဖြင်လာနိုင်သလို နောင်တမလွန်မှာလဲ ကောင်းရာ သုဂတိဘုံဘဝမှာ ပျော်ရွှင်စွာ စံစားကြရပါလိမ့်မယ်လို့ မှာကြားလိုပါတယ်။

## ပဥ္စမဒေသနာတော် မင်္ဂလာ (၄) ပါး၏ နိဂုံးချုပ်မှတ်ဖွယ်

လှူဒါန်းပေးကမ်းပြီး (ဒါနဥ္စ)
ကောင်းသောအကျင့်ကို ကျင့်၍ (ဓမ္မစရိယာ စ)
အမျိုးကို စောင့်ရှောက်လျက် (ဉာတကာနဉ္စ သင်္ဂဟော)
အပြစ်မရှိသောအလုပ်လုပ်ကိုင်ခြင်းဖြင့်(အနဝဇ္ဇာနိ ကမ္မာနိ)
တိုင်းပြည်၏ အဖိုးတန်သားကောင်း တယောက်
ကျောက်ကောင်းတစေ့ ဖြစ်အောင်
ကြိုးစားပါလေ။

## ဆဋ္ဌမ ဒေသနာတော်

# မင်္ဂလာ (၅) ပါး

### ပါဠိတော်

အာရတိ ဝိရတိ ပါပါ၊ မဇ္ဇပါနာ စ သံယမော။
အပ္ပမာဒေါ စ ဓမ္မေသု၊ ဧတံ မင်္ဂလ မုတ္တမံ။

### အနက်

ဒေဝပုတ္တ၊ နတ်သား။ ပါပါ၊ မကောင်းမှုမှ။ အာရတိ စ၊ စိတ်နှလုံးဖြင့် ရှောင်ကြဉ်ရခြင်းသည်လည်းကောင်း။ ဝိရတိ စ၊ ကိုယ်နှုတ်နှလုံးဖြင့် ရှောင်ကြဉ်ရခြင်းသည်လည်းကောင်း။ မဇ္ဇပါနာ၊ သေအရက်ကို သောက်ခြင်းမှ။ သံယမော စ၊ ကောင်းစွာ ရှောင်ကြဉ်ရခြင်းသည် လည်းကောင်း။ ဓမ္မေသု၊ ကုသိုလ် ကောင်းမှုတို့၌။ အပ္ပမာဒေါ စ၊ မမေ့မလျော့ရခြင်းသည်လည်း ကောင်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤလေးပါးသည်လျှင်။ ဥတ္တမံ၊ မြတ်သော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တွံ၊ သင်နတ်သား သည်။ ဂဏှာဟိ၊ မှတ်လေလော့။

### အဓိပ္ပါယ်

(၁၈) မကောင်းမှုမှ ဝေးစွာ ရှောင်ကြဉ်ရခြင်း
(၁၉) မကောင်းမှုမှ အထူးသဖြင့် ရှောင်ကြဉ်ရခြင်း
(၂၀) မူးယစ်သောက်စားမှုမှ ဝေးစွာ ရှောင်ကြဉ်ရခြင်း
(၂၁) မမေ့မလျော့သော သတိရှိရခြင်း။

## မင်္ဂလာ ကဗျာ

မကောင်းမှုတွေ ဟူသမျှကို၊
မတွေ့ခင်က ရှောင်ကြဉ်လေ။
တွေ့ကြုံလာယင် မလွန်ကျူးနဲ့၊
အထူးသဖြင့် စောင့်စည်းနေ။
အရက်သေစာ မသောက်စားနဲ့၊
မှောက်မှားတတ်တဲ့ အရာပေ။
လုပ်ကိုင်ပြောကြား....သတိထား....
တရားမမေ့ငေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။ ။

## (၁၈) မကောင်းမှုမှ ဝေးစွာ ရှောင်ကြဉ်ရခြင်း (အာရတိ ပါပါ)

မကောင်းမှုမှ ဝေးစွာ ရှောင်ကြဉ်ရခြင်း ဆိုတာကတော့ မကောင်းမှုတွေကို ကျူးလွန်ဖို့ စိတ်ဖြင့်သော်မှ မနှစ်သက် မလိုလားခြင်း၊ ပိတ်မဝင်စားခြင်း၊ စိတ်ဆန္ဒမရှိခြင်း၊ မကောင်းသော အာရုံများကို မတွေ့ခင် မမြင်ခင်ကပင် မိမိအနီး ရောက်မလာအောင် ရှောင်ကြဉ်ခြင်း၊ စိတ်နဲ့တောင် မပြစ်မှားခြင်းကို ဆိုလိုပါတယ်။

မရှောင်ကြဉ်ရမယ့် မကောင်းမှုတွေကတော့—

(က) သူတပါးအသက် သတ်ခြင်း
(ခ) သူတပါးပစ္စည်း ခိုးခြင်း

(ဂ) သူ့သားမယား ကျူးလွန်ခြင်း

(ဃ) မဟုတ်မမှန် ပြောဆိုခြင်း

တို့ပင် ဖြစ်ပါတယ်။

## သာဓကဝတ္ထု

သီဟိုဠ်ကျွန်း၊ ရောဟဏဇနပုဒ်၊ မဟာဂါမရွာကြီးမှာ စက္ကန ဆိုတဲ့ လုလင်ဟာ သီလစောင့်ထိန်းသူ ဖြစ်တယ်။ တနေ့မှာတော့ မိခင်ကြီး အသဲအသန် ဖြစ်နေတဲ့အတွက် ဆေးဆရာရဲ့ ညွှန်ကြားချက်အရ ဆေးဖော်ဖို့ သောသဲကို ယုန်ရှာထွက်ခဲ့တယ်။ အခန့်သင့်ပါပဲ လမ်းမှာ ယုန်ကလေးကောင် နွယ်ကြိုးနဲ့ ငြိနေတာ တွေ့တော့ အနားသွားပြီး ဖမ်းလိုက်တယ်။ ယုန်ကလေးက ကြောက်ရွံ့လွန်းလို့ အသက်ဘေးက လွတ်အောင် ရုန်းနေတာကိုတွေ့တော့ ငါ့မှာ သီလကြီးနဲ့ ငါ့မိခင် အသက်ရှင်ရေးအတွက် သူတပါးအသက်ကို သတ်လို့ မသင့်တော်ဘူးလို့ စဉ်းစားမိပြီး ယုန်ကလေးကို လွှတ်ပေးလိုက်တယ်။

အိမ်ရောက်တော့ သူ့သီလ မကျိုးမပေါက်အောင် ထိန်းနိုင်တဲ့ အကြောင်းပြောပြတော့ အကိုတွေကဝိုင်းဆူကြတော့ပေါ့။ "အမေ့အတွက် ဆေးဖော်ဖို့ မိပြီးသား ယုန်ကိုများ လွှတ်ပစ်လိုက်ရတယ်လို့၊ သူ့ကိုယ်သူ ဘုရားအလောင်းများ ထင်နေသလား မသိဘူး" လို့ ကြိမ်းမောင်း မာန်မဲကြတယ်။

ဒါပေမဲ့ သူကမမှုပါဘူး။ မိခင် လူနာမှာ ရှေ့မှာထိုင်ပြီး "အကျွန်ုပ်ဟာ လူမှန်းသိတဲ့ အချိန်ကပြီး သူတပါးအသက်ကို မသတ်ဖူးပါ။ ဤမှန်သော သစ္စာစကားကြောင့် မိခင်ကြီးရဲ့



အသက်ဘေးမှ လွတ်မြောက်ရန် ရုန်းကန်နေသော ယုန်ငယ်အား
စက္ကနုလုံလင်က သနားကြင်နာစွာ လွှတ်ပေးလိုက်ပုံ။

ရောဂါဟာ ပျောက်ကင်းချမ်းသာပါစေသတည်း''လို့ သစ္စာဆို လိုက်တာ မိခင်ကြီးရဲ့ရောဂါ ချက်ချင်းပျောက်ကင်းသွားပြီး တသက်ပတ်လုံး ချမ်းမြေ့ပျော်ရွှင်စွာ နေထိုင်သွားကြရပါတယ်။

ဒါကြောင့် မကောင်းမှုအလုပ်ကို မလုပ်ရုံသာမက စိတ်ကူး ထဲကိုတောင် မထည့်ကြပါနဲ့လို့ တားမြစ်ပါရစေ။ မင်္ဂလာ အပေါင်းနဲ့ ပြည့်စုံပြီး ကိုယ်စိတ်နှစ်ပြာ ချမ်းသာကြပါလိမ့် မယ်။ အရေးကြုံလာယင်လဲ သစ္စာဆိုပါ။ သစ္စာတရား၊ အနန္တ တရားကို အားကိုးပါ။ မှန်တဲ့အတိုင်း အကျိုးပေးပါလိမ့်မယ်။

## (၁၉) မကောင်းမှုမှ အထူးသဖြင့် ရှောင်ကြဉ်ရခြင်း (ဝိရတိ ပါပါ)

မကောင်းမှုကို စိတ်နဲ့ ရှောင်ကြဉ်တာ အာရတီ ခေါ်တယ်။ မကောင်းမှုကို ကိုယ်, နှုတ်, နှစ်ပါးနဲ့ ရှောင်ကြဉ်တာကို ဝိရတီ လို့ ခေါ်တယ်။

ဝိရတီမှာ အောက်ပါအတိုင်း သုံးမျိုးခွဲခြားနိုင်တယ်။

(က) သမ္ပတ္တဝိရတီ=မျိုးရိုးဂုဏ် ဆင်ခြင်၍ မသင့်တော်ဟု ဆိုပြီး မကောင်းမှုမှ ရှောင်ကြဉ်ခြင်း

(ခ) သမာဒါန ဝိရတီ=ယနေ့မှစ၍ အသက်ထက်ဆုံး မကောင်းမှုမှ ရှောင်ကြဉ်ခြင်း

(ဂ) သမုစ္ဆေဒ ဝိရတီ = သောတာပတ္တိမဂ်ပိုင် ရှိသော အရိယာတို့သည် အမြဲတမ်း မကောင်းမှုမှပြုပဲ ရှောင် ကြဉ်ခြင်း။

## သာဓကဝတ္ထု

သိဒ္ဓတ္ထမင်းသား ဘုရားဖြစ်တဲ့အခါ သာဝတ္ထိပြည် ရောက်ချိန်မှာ မဟာနာမ်မင်းသားက ညီတော် အနုရုဒ္ဓါကို ခေါ်ပြီး ကာမဂုဏ်မှုဖြစ်တဲ့ မယားနေ၊ သားမွေး၊ စစ်တိုက်စတဲ့ အလုပ်လုပ်မလား၊ ရဟန်းပြုမလားလို့ မေးတော့ အနုရုဒ္ဓါမင်းသားက ရဟန်းပြုမယ်လို့ ဝန်ခံလိုက်တယ်။

အနုရုဒ္ဓါ ရဟန်းပြုမယ်ဆိုတော့ အာနန္ဒာ၊ ဒေဝဒတ်၊ ကိမိလ၊ ဘဒ္ဒိယ၊ အနုရုဒ္ဓါ၊ ဘဂု မင်းသား ၆ - ပါးဟာ ဆတ္တာသည်ရှဲသား ဥပါလိကိုခေါ်ပြီး သွားတယ်။ လမ်းကျတော့ ရတနာတွေကို ချွတ်ပေးပြီး ဥပါလိကို ပြန်လွှတ်လိုက်တယ်။

ဥပါလိက ပစ္စည်းတွေယူပြီး ပြန်အလာမှာ ‘မင်းသားစစ်တွေကတောင် စွန့်ပြီး ရဟန်းပြုနိုင်ပါရက်နဲ့ ငါလို ကျွန်တယောက်က ဘာလို့ မစွန့်နိုင်ရမှာလဲ’ လို့ စဉ်းစားပြီး ပစ္စည်းတွေကိုသစ်ပင်မှာ ချိတ်ဆွဲကာ “တွေ့သူ အပိုင်ယူ” လို့ ပုံသကူပစ်ခဲ့ပြီး မင်းသားတွေနောက် လိုက်သွားတယ်။ ဥပါလိဟာ ရဟန်းပြုပြီး ဝိနည်း ဘေဒဂ်ရတော်မူတယ်။

အဲဒီ ဝတ္ထုမှာ မင်းသာ ၆-ပါးဟာ ကာမဂုဏ်မှ စိတ်ဖြင့် အာရတီမင်္ဂလာပြုခဲ့တယ်။ ဥပါလိကတော့ ကာမဂုဏ်နဲ့ ရတနာအစုံကို ကိုယ်ဆိုသက်ရောက် စွန့်လွှတ်ခဲ့ခြင်းဖြင့် ဝိရတီ (ပါပါ) မင်္ဂလာပြုခဲ့တယ်ဆိုဘာကို သိနိုင်ပါဘယ်။



မင်းသား ၆-ပါးတို့ ရဟန်းပြုရန်အတွက်
ရတနာများကို ချွတ်ပေးပြီး ဥပါလိအား ပြန်လွှတ်နေပုံ

ဒါကြောင့် မကောင်းမှုမှန်သမျှကို စိတ်ဖြင့်သော်လည်းကောင်း၊ နှုတ်ဖြင့်သော်လည်းကောင်း၊ ကိုယ်ဖြင့်သော်လည်းကောင်း စွန့်လွှတ်ခြင်းဖြင့် အာရတီ, ဝိရတီ ပါပါ မင်္ဂလာကို ပြုနိုင်ကြပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

## (၂) မူးယစ်သောက်စားမှုမှ ဝေးစွာ ရှောင်ကြဉ်ရခြင်း

( မဇ္ဇပါနာ စ သံယမော )

မူးယစ်သောက်စားမှု ဆိုတာ ထန်းရည်၊ အရက်၊ ကုတ်ကင်း၊ ဘိန်း၊ ကဇော်၊ လှေ်စာ၊ ဆေးခြောက်၊ မာဖီယား၊ ဘိန်းဖြူ (နံပါတ်ဖိုး) သည်တို့ သောက်စားမူးယစ် သုံးစွဲခြင်းပါပဲ။ သေရည် အရက်ဆိုတာမှာ သေရည်ဆိုတာက ဝိမ်ရှိယူရတဲ့ ယစ်မျိုး ငါးပါးဖြစ်ပြီး အရက်ဆိုတာက ချက်ရှိယူရတဲ့ ယစ်မျိုး ငါးပါး ဖြစ်ပါတယ်။

အရက်နဲ့ ပတ်သက်လို့တော့ အထူးရှင်းပြဖို့ လိုမယ် မထင်ပါဘူး။ အနေ့ခေတ် လူငယ်တိုင်း အရက်ရဲ့ ဆိုးပြစ်ကို သိကြပါတယ်။ ဒါပေမဲ့ လူငယ်တို့အာဝ အတွေ့အကြုံသစ်ကလေးတွေကို စမ်းကြည့်ချင်ကြတယ်။ တတို့တင့်လောက်စမ်းရုံနဲ့ ဘာမှမဖြစ်လောက်ဘူးလို့ ထင်ပေမဲ့ အဲဒီလို နည်းနည်းက တဖြည်းဖြည်း များလာတော့ နောက်ဆုတ်လို့ မရတော့ပဲ လမ်းဆုံးကို ရောက်သွားပါတယ်။ အရက်ကြောင့် တိုက်ရိုက်အပြစ်မဖြစ်ပေမယ့် မေ့လျော့ တတ်စေတဲ့ သဘာဝကြောင့်မဆင်ခြင်နိုင်ပဲ အမှားကို ကျူးလွန်တတ်ပါတယ်။ လုံ့လဝီရိယဝိက်ထုတ်ခြင်း မပြုတော့ အတွက် မိမိအကျိုးစီးပွားကိုလဲ ယုတ်လျော့ပျက်စီးစေတာပဲ။

ဒါကြောင့် ဗုဒ္ဓဘာသာဝင်တို့ရဲ့ အခြေခံသီလဖြစ်တဲ့ ပဉ္စသီလ (ငါးပါးသီလ)မှာ အရက်သေစာ သောက်စားခြင်းမှ ရှောင်ကြဉ်ရေးကို ထည့်သွင်းဟောကြားထားခြင်း ဖြစ်ပါတယ်။

မူးယစ်ဆေးဝါးဘေး သုံးစွဲမိယင် ကိုယ်ရောစိတ်ပါ ထုံသိုင်းပြီး တိုင်းပြည်နဲ့ လူမျိုးအတွက် လုပ်ဆောင်စရာတွေကို မလုပ်ချင်တော့ပဲ တခါထဲ ငေးငိုင်တွေဝေပြီး လူညွန့်တုံးသွားကြတာဘေး အများကြီး တွေ့နိုင်ပါတယ်။ မူးယစ်ဆေးဝါးတွေ သုံးစွဲစ မှာတော့ စိတ်တည်ငြိမ်လာသလို၊ စည်းစိမ်ရှိသလို၊ စိတ်ကူးစိတ်သန်းကောင်းလာသလို အရသာတွေ အမျိုးမျိုး ခံစားရပါတယ်။ အဲဒီတော့ သိပ်ဟုတ်ပါလား၊ သိပ်ကောင်းပါလားလို့ ထင်နေကြတယ်။

တပြည်းပြည်းနဲ့ နောက်ပိုင်းကျတော့ ကြောက်စရာ၊ သိတ်လန့်တုန်လှုပ်ဘွယ်ရာ၊ အာရုံအမြင်တွေ၊ အိပ်မက်ဆိုးတွေ ပေါ်လာတော့တယ်။ ဒါတွေက လူကိုအမြဲတမ်း ချောက်ချား နေလာတယ်။ အဲဒီအချိန်ကျတော့ မဖြစ်တော့ဘူး ဖြတ်မှပဲလို့ စဉ်းစားမိပေမယ့်ဖြတ်လို့မရတော့ဘူး။ သွားပြီ။ လန့်သွားပြီ။ [illegible]သွားပြီ။ တနေ့လောက် ဖြတ်လိုက်တာနဲ့ ကိုယ်လက်တွေ ကိုက်ခဲနာကျင်ပြီး မျက်ရည်ပေါက်ကျတဲ့အထိ ဝေဒနာခံစားရတယ်။ အဆိုးတွေ အဆင်တွေ ဖြတ်ကျတော့မှာလား ထင်ကြတယ်။ အဲဒီအချိန်မျိုးမှာ ဘေးကလေးများ လာပေးသူရှိယင် တကယ့် ကျေးဇူးရှင်ကြီးပေါ့။ ဘာလုပ်ပေးရမလဲ၊ ထိုင်ရှိခိုးရမလား၊ လူသတ် ပေးရမလား၊ ဘာဖြစ်ဖြစ် လုပ်ခံ့တယ်။ တချို့ မိန်းကလေးတွေဆို

ဘဝကို ပုံပေးခဲ့ရတာတွေတောင်ရှိရဲ့။ သိပ်တော့လဲမဆန်းပါဘူး။ ဘိန်းဖြူရဲ့ ကျေးကျွန်ဖြစ်သွားပြီကိုး။

သောက်စ သုံးစမှာတော့ ဘိန်းဖြူပါတဲ့ စီးကရက်တလိပ် တလေပါပဲ။ တဖြည်းဖြည်းနဲ့ တလိပ်က နှစ်လိပ်၊ နှစ်လိပ်က လေးလိပ် စသည်ဖြင့် တက်တက်လာလိုက်တာ တနေ့ဆယ်လိပ် အလိပ်နှစ်ဆယ်သောက်ရမှ ကျေနပ်လာတယ်။ ကြာလာတော့ ဒါလောက်နဲ့ မတင်းတိမ်တော့ဘူး။ ဘိန်းဖြူကို အရေဖျော်ပြီး ဆေးထိုးအပ်နဲ့ အကြောထဲထိုးတဲ့အထိ ရောက်သွားပြီဆိုယင် တော့ မကြာတော့ပါဘူး။ လာခေါ်ပါတော့မယ်။ ထာဝရ ငြိမ်းချမ်းတဲ့ အုတ်ဂူလေးထဲမှာ လျောင်းစက်ဖို့လေ။

အဲဒီလို အလွန်အကျွံ သုံးစွဲတဲ့သူများ သေသွားယင် အသားတွေက တစစီ ကြွေကျ ပဲ့ကျတယ်။ အရိုးအဆစ်တွေ ပြုတ်ကျကုန်တယ်။ ဒါတွေဟာ သဘောလောက် ရှင်းပြတာပါ။ အသေးစိတ် သိချင် မှတ်ချင်၊ လေ့လာချင်တယ် ဆိုယင်တော့ သက်ဆိုင်ရာ ကျွမ်းကျင်တဲ့ ပညာရှင်ကြီးတွေ၊ ဆရာဝန်ကြီးတွေ ပြုစုထားတဲ့ ကျမ်းတွေမှာ ဘိန်းဖြူရဲ့ ကြောက်စရာကောင်းပုံ တွေကို လေ့လာဖတ်ရှုနိုင်ပါတယ်။ လေ့လာဖတ်ရှုပြီး ဗဟုသုတ ယူကြပါလို့လဲ တိုက်တွန်းလိုက်ရပါတယ်။

**သေရည်အရက် သောက်စားခြင်း၏ အပြစ်ခြောက်ပါး**

(က) ဥစ္စာယုတ်လျော့ခြင်း၊ ပစ္စည်းဥစ္စာ ပျက်စီးခြင်း

(ခ) အငြင်းအခုန် များပြားခြင်း

(ဂ) ရောဂါထူပြောခြင်း

(ဿ) ကျော်စောမှုကင်းမဲ့ခြင်း
( င) ကိုယ်အင်္ဂါ မလုံခြုံခြင်း
( စ) ဉာဏ်ပညာ ထုံထိုင်းခြင်း

## သာဓကဝတ္ထု

ရှေးအခါက ဗာရာဏသီမင်းဟာ အရက်သေစာ အလွန်သောက်စားတယ်။ အရက်သောက်တဲ့အခါတိုင်း အမဲဟင်းလျာ အပြည့်နဲ့မှ သောက်လေ့ရှိတယ်။ တနေ့တော့ အရက်မူးနေတုန်း အသားဟင်းရောက်မလာလို့ မေးတဲ့အခါ ဘယ်မှာမှ ဝယ်မရကြောင်း စားတော်ကဲက လျှောက်ထားတယ်။

အဲဒီအခါမှာ မူးမူးနဲ့ ဒေါသထွက်ပြီး ဘာမှ မစဉ်းစားမဆင်ခြင်ပဲ မိမိ ရင်ခွင် ထဲမှာ မူးတူးပျော်ပါး ကစားနေတဲ့ သားတော်ကို လည်လိမ်ချိုးပြီး ချက်ပြုတ်စေတယ်။ ပြီးတော့ အရက်နဲ့ စားသောက်လိုက်တယ်။

အရက်မူးပြေတဲ့အခါ သားတော်လေးကို မတွေ့လို့ မေးတော့မှ သူကိုယ်တိုင်သတ်ပြီး ' အရက်သောက်ယင်း စားလိုက်ကြောင်း သိရတော့တယ်။ အဲဒီတော့မှ အကြီးအကျယ် စိတ်ဆင်းရဲခြင်း ဖြစ်ရတယ်။ ဒါပေမဲ့ ဘာများဘတ်နိုင်ဦးတော့မှာလဲ။ သေတဲ့အခါကျတော့လဲ ငရဲမှာ ဆင်းရဲဒုက္ခကြီးစွာနဲ့ခံရတယ်။

ဒါကြောင့် အရက်သေစာကို လူငယ်တွေအနေနဲ့ မသောက်စားပါနဲ့။ အရက်သေစာ သောက်စားမှုးယစ်လာယင် ဆင်ခြင်



အရက်မူးနေသော ဗာရာဏသီမင်းသည် သားငယ်အား သတ်ဖြတ်ပြီး
စားတော်ကဲအား ချက်ပြုတ်ရန် စေခိုင်းနေပုံ

တုံတရား မရှိတော့ပဲ ရွှေအဖို့ တိုးတက်ရာ တိုးတက်ကြောင်းတွေမှာ အဟန့်အတားဖြစ်စေတဲ့အပြင် မိမိဘဝကိုပါ နစ်မွန်းစေပါတယ်။ ဘိန်းဖြူဆိုယင်တော့ ဝေးဝေးက ရှောင်ပါ။ စမ်းလို့တောင် မကြည့်ပါနဲ့။

ဒါကြောင့် ဒုတိယမြန်မာနိုင်ငံတော် စတင်တည်ထောင်ခဲ့တဲ့ မင်းတရားရွှေထီးဟာ ပေါ်တူဂီဘဦးနဲ့ ပေါင်းပြီး အရက်သောက်စားယင်း ယစ်သုပ်ကြီး ဖြစ်သွားတာနဲ့ မင်းမှုထမ်းတဦးရဲ့ လုပ်ကြံခံရပြီး မရှုမလှ ဇာတ်သိမ်းခဲ့ရတာကို သံဝေဂယူကြဖို့ သတိပေးလိုက်ပါရစေ။

## (၂၁) မမေ့မလျော့သော သတိရှိရခြင်း
## (အပ္ပမာဒေါ စ ဓမ္မေသု)

ကုသိုလ်ကောင်းမှုမှာ မမေ့မလျော့ပါနဲ့လို့ ဆိုလိုပါတယ်။ ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါး ဂုဏ်ကျေးဇူးတွေကို မမေ့မလျော့ပဲ သတိတရားထားပြီး အစဉ်ပွားများဖို့ လိုပါတယ်။

မြတ်စွာဘုရားရှင် ကိုယ်တော်တိုင်က ပရိနိဗ္ဗာန် စံလွန်တော်မူခါနီးမှာ "ဟန္ဒဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊ ဝယ-ဓမ္မာ သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ" လို့ မိန့်ကြားတော်မူခဲ့ပါတယ်။

ဆိုလိုတာကတော့ "လောကကြီးမှာ တွေ့သမျှ၊ မြင်သမျှ၊ ပြုပြင်ပေးရသမျှ၊ သင်္ခါရတရားတွေဟာ ပျက်စီးခြင်းသဘော

ရှိတယ်ဆိုတာ မမေ့မလျော့သော သတိတရားနဲ့ ပွားများအားထုတ်ကြကုန်လော့” လို့ ဆိုလိုပါတယ်။

ရတနာသုံးပါးကို အမြဲမပြတ် ဆည်းကပ်ပွားများဖို့ဆိုတာ အထူး အကျယ်ချဲ့ပြီး ပြောစရာလိုမယ်မထင်ပါဘူး။ အဲဒီလို မမေ့မလျော့ ဆည်းကပ်သူတွေဟာ လောကီ၊ လောကုတ္တရာ နှစ်ဖြာသော ကောင်းကျိုးချမ်းသာများကို မုချခံစားကြရမှာ အမှန်ပါပဲ။

## သာဓကဝတ္ထု

သီဟိုဠ်ကျွန်း၊ အနုရာဓမြို့မှာ မဟာလိဆိုတဲ့ ဘာသာခြားမင်းတပါး အုပ်စိုးစဉ်က တောင်ညာစံဒေဝီ မိဖုရားကြီးကတော့ ဗုဒ္ဓဘာသာဝင် သီလဝတီမိဖုရားကြီး ဖြစ်တယ်။ မိဖုရားကြီးဟာ ဒါန၊ သီလ၊ ဘာဝနာကို အခါမလပ် ပွားများအားထုတ်ပြီး မမေ့မလျော့သော သတိတရားကို လက်ကိုင်ထားသူဖြစ်တယ်။

ကာလီဒေဝီ ဆိုတဲ့ မိဖုရားငယ်တပါးဟာ သီလဝတီမိဖုရားကြီးကို မနာလိုတာနဲ့ မိဖုရားကြီးဟာ ဘုန်းကြီးကျောင်းကို ခဏခဏသွားပြီး ဘုန်းကြီးတွေနဲ့ နန်းလုဖို့တိုင်ပင်နေတယ်လို့ ဂုံးချောတယ်။ ဘုရင်ကြီးဟာ စူးစမ်းဆင်ခြင် စစ်ဆေး မေးမြန်းခြင်း မရှိပဲ ဒေါသထွက်ပြီး မိဖုရားကြီး သီလဝတီကို သုသာန်ထုတ်ကာ မီးတိုက်စေတယ်။ သီလဝတီဟာ ရတနာသုံးပါးကို မမေ့မလျော့ သတိထား ပွားများနေတာကြောင့် ခါးသုံးကြိမ်တိုက်သော်လည်း သုံးကြိမ်စလုံး မီးငြိမ်းသွားတယ်။



မိဖုရားကြီး သီလဝတီအား သုသာန်ထုတ်ကာ မီးတိုက်စေပုံ

အဲဒီတော့မှ ဘုရင်ကြီးက ကြောက်လန့်တုန်လှုပ်ပြီး မိဖုရားကြီးကို အပြစ်က ခွင့်လွှတ်ဖို့ တောင်းပန်တယ်။ အလိုရှိရာ ကုသိုလ်ပြုပါဆိုပြီး ဘဏ္ဍာတိုက်ကို ဖွင့်ပေးတယ်။ သူကိုယ်တိုင်လဲ ဗုဒ္ဓဘာသာဝင်အဖြစ် ကူးပြောင်းပြီး ကြီးစွာသော ကောင်းမှု ကုသိုလ်ပြုရာ သေလွန်တဲ့အခါ နတ်ပြည်သို့ ရောက်ရတယ်။

ဒါကြောင့် ရတနာသုံးပါးကို မမေ့မလျော့ပဲ သတိတရားနဲ့ အမြဲတမ်း ဆည်းကပ်ပွားများနေမယ်ဆိုယင် ဘယ်လိုအန္တရာယ် မျိုးနဲ့ ရင်ဆိုင်ရစေကာမူ ကြောက်စရာမလိုပါဘူး။ နောက်ဆုံး မှာတော့ မိမိသာလျှင် အောင်ပန်း ဆင်ရမယ်ဆိုတာ အာမခံ ချက် ပေးနိုင်ပါတယ်။

## ဆဋ္ဌမဒေသနာတော် မင်္ဂလာ(၄)ပါး၏ နိဂုံးချုပ် မှတ်ဖွယ်

မကောင်းမှုကို ကိုယ် နှုတ် စိတ် သုံးပါးဖြင့်
ရှောင်ကြဉ်ပြီး (အာရတိ ဝိရတိ ပါပါ)

အရက်သေစာ သောက်စားမှု ကင်းရှင်းစွာဖြင့်
( မဇ္ဇပါနာ စ သံယမော )

ရတနာသုံးပါးကို မမေ့မလျော့ ကြိုးစား၍
ပွားများနိုင်ကြပါစေ။ (အပ္ပမာဒေါ စ ဓမ္မေသု)

# သတ္တမဒေသနာတော်

# မင်္ဂလာ ( ၃ ) ပါး

## ပါဠိတော်

ဂါရဝေါ စ နိဝါတော စ၊ သန္တုဋ္ဌိ စ ကတညုတာ၊
ကာလေန ဓမ္မဿဝနံ၊ ဧတံ မင်္ဂလ မုတ္တမံ။

## အနက်

ဒေဝပုတ္တ၊ နတ်သား။ ဂါရဝေါ စ၊ ဆရာ မိဘအရှင်ရှိသည်တို့ကို ရိုသေရခြင်းသည်လည်းကောင်း။ နိဝါတော စ၊ မိမိကိုယ်ကို နှိမ့်ချရခြင်း သည်လည်းကောင်း။ သန္တုဋ္ဌိ စ၊ ရောင့်ရဲလွယ်ရခြင်း သည်လည်းကောင်း။ ကတညုတာ စ၊ သူ့ကျေးဇူးကို သိရခြင်း သည်လည်းကောင်း။ ကာလေန၊ အခွင့်သင့်သော အခါ၌။ ဓမ္မဿဝဏဉ္စ၊ တရားတော်ကို နာကြားရခြင်းသည် လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤငါးပါးသည်လျှင်။ ဥတ္တမံ၊ မြတ်သော မင်္ဂလံ၊ မင်္ဂလာမည်၏ ဟူ၍။ တံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

## အစီပွါယ်

(၂၂) ရိုသေထိုက်သောသူကို ရိုသေခြင်း
(၂၃) မိမိကိုယ်ကို နှိမ့်ချခြင်း၊
(၂၄) ရောင့်ရဲလွယ်ခြင်း၊

(၂၅) သူတပါး ကျေးဇူးကို သိတတ်ရခြင်း၊
(၂၆) အခွင့်သင့်ကိုင်း တရားစကား နာကြားနားထောင်ရခြင်း။

**မင်္ဂလာကဗျာ**

အသက်ဂုဏ်ဝါ ကိုယ့်ထက်ကြီးက၊
ဆည်းကပ်ခစား ရှိသေလေ။

မာနတံခွန် ဂုဏ်မကြွန့်၊
ကိုယ်ကိုနှိမ့်ချ အမြဲနေ။

လောဘအပို လိုမလိုက်နဲ့၊
ကိုယ်ထိုက်တာနဲ့ ကျေနပ်လေ။

ကိုယ့်ပေါ်ပြုဘူး သူ့ကျေးဇူး၊
အထူးသိတတ်ငေ။

ကောင်းကျိုးဆင့်ပွား မြတ်တရား....
နာကြား မပြတ်ပေ။
အဲဒါမှ “ဗုဒ္ဓဝါဒ” ကမ္ဘာ့မင်္ဂလာတွေ။

## (၂၂) ရိုသေထိုက်သောသူကို ရိုသေခြင်း

## (ဂါရဝေါ စ)

ရိုသေထိုက်သူ ဆိုတာက မိမိထက် ဂုဏ်အားဖြင့် ဖြစ်စေ၊ အသက်အားဖြင့်ဖြစ်စေ ကြီးသောသူကို ဆိုလိုပါတယ်။ အဲဒီလို

ရိုသေထိုက်တဲ့သူကို ရိုသေရပါမယ်။ ရိုသေထိုက်တဲ့သူ ဆိုတာ ဘယ်လို လူမျိုးတွေလဲဆိုယင် ပဌမ ဒေသနာတော်၊ တတိယ မင်္ဂလာမှာ ဖော်ပြခဲ့တဲ့ "ပူဇော်ထိုက်သူ" တွေပါပဲ။ အနန္တာ အနန္တငါးပါး၊ ပြည့်ရှင်မင်း၊ ဦးကြီး၊ ဦးလေး၊ အရီး အဒေါ်၊ အကို အမ၊ ယောက္ခမ၊ ခင်ပွန်း လင်၊ မိမိထက် ရာထူးကြီးသူ၊ အသက်ကြီးသူတွေ ဖြစ်ပါတယ်။

ရိုသေတယ်ဆိုတာ ကိုယ်အမူအရာ၊ နှုတ်အမူအရာအားဖြင့် ချပ်ဝပ်ကျိုးနွံခြင်း၊ လေးစားခြင်းကို ပြောတာပါပဲ။ ဒါဟာ မင်္ဂလာတပါး အနေနဲ့သာ မဟုတ်ပါဘူး၊ မြန်မာလူမျိုးတို့ရဲ့ ယဉ်ကျေးမှုတရပ်အနေနဲ့ပါ ကျင့်သုံးသင့်ပါတယ်။

## ဂါရဝ ဆယ်မျိုး

၁။ ဗုဒ္ဓဂါရဝ =ဘုရား၌ ရိုသေလေးစားခြင်း

၂။ ဓမ္မဂါရဝ =တရား၌ ရိုသေလေးစားခြင်း

၃။ သံဃဂါရဝ =သံဃာ၌ ရိုသေလေးစားခြင်း

၄။ သိက္ခာဂါရဝ =ကျင့်ဝတ်တရား၌ ရိုသေလေးစားခြင်း

၅။ သမာဓိဂါရဝ =တည်ကြည်သော စိတ်ထား၌ ရိုသေလေးစားခြင်း

၆။ အပ္ပမာဒဂါရဝ =မမေ့မလျော့ သတိပြုခြင်း၌ ရိုသေလေးစားခြင်း

၇။ ပဋိသန္ဓာရဂါရဝ =မိတ်ဆက်စေ့စပ်မှု၌ ရိုသေလေးစားခြင်း

၈။ ဟိရိဂါရဝ =မကောင်းမှု ရှက်ခြင်း၌ ရိုသေလေးစားခြင်း

၉။ ဩတ္တပ္ပဂါရဝ =မကောင်းမှုကြောက်ခြင်း၌ ရိုသေလေးစားခြင်း

၁၀။ အညမညဂါရဝ =အချင်းချင်း တဦးနှင့် တဦး၌ ရိုသေလေးစားခြင်း

## သာဓကဝတ္ထု

ဆင်၊ မျောက်၊ ခါ သတ္တဝါသုံးဦး ဝတ္ထုကို ငယ်စဉ်ကျောင်းသားဘဝကထဲက ကြားဘူးကြပါတယ်။ သတ္တဝါသုံးဦးအတူနေကြပြီး အသက်ကြီးတဲ့သူကို ငယ်တဲ့သူက ဂါရဝပြုဖို့ အသက်မေးတဲ့အခါ ဆင်က သူတို့အခုနေတဲ့ ညောင်ပင်ကြီးငယ်ငယ်လေးထဲက သူ့ဗိုက်အောက် ထိရုံသာရှိကြောင်း ပြောတယ်။ မျောက်ကလည်း သူငယ်ငယ်ကထဲက ဒီညောင်ပင်ရဲ့အညွန့်ပေါက်ကလေးတွေကို ခူးဆိတ်ကစားခဲ့ကြောင်း ပြောပြတယ်။ ခါကတော့ အဲဒီညောင်ပင်ဟာ သူစားပြီး မစင်စွန့်ခဲ့တဲ့ ညောင်စေ့က ပေါက်တာလို့ ပြောတယ်။

ဒါကြောင့် ခါက အသက်အကြီးဆုံး၊ ပြီးတော့ မျောက်၊ ဆင်က အငယ်ဆုံးဖြစ်လို့ တဦးကိုတဦး အဆင့်ဆင့် ရိုသေကြတဲ့အတွက် သေတဲ့အခါ သုံးဦးလုံး နတ်ပြည် ရောက်ကြတယ်။



ဆင်၊ မျောက်၊ ခါ သတ္တဝါသုံးဦးတို့ တဦးကိုတဦး အဆင့်ဆင့် ရိုသေစွာ နေထိုင်ကြပုံ

ဒီဝတ္ထုကို လေ့လာခြင်းအားဖြင့် မိမိထက် အသက်အားဖြင့်လည်းကောင်း၊ ပညာအားဖြင့် လည်းကောင်း ကြီးမြင့်သူကို လေးစားရိုသေပါက "မိကောင်းဖခင် သားသမီး ပီသပေတယ်" လို့ ချီးမွမ်းကြမှာ ဖြစ်သလို မိမိအလိုဆန္ဒ ရှိသမျှတွေ ချောချောမောမော ပြေပြေလည်လည်အောင်မြင်နိုင်တယ်ဆိုတာ သိသာလောက်ပါပြီ။

## (၂၄) မိမိကိုယ်ကိုနှိမ့်ချခြင်း
## (နိဂါတော စ)

လူဆိုတာ အကြောင်းတခုခုနဲ့ ပတ်သက်လို့ မာန်မာနရှိကြတယ်။ ရုပ်ချောလို့၊ ဥစ္စာပေါလို့၊ ရာထူးကြီးလို့၊ ဆွေမျိုးများလို့ စတဲ့ အကြောင်းတွေကြောင့် မာန ထောင်လွှားတတ်ကြတယ်။ အဲဒီလို မာနရှိသူတွေဟာ ဘယ်လိုပဲ ကိုယ့်ထက်အဆင့်အတန်းမြင့်မြင့်၊ ရာထူးကြီးကြီး၊ ဥစ္စာပေါပေါ၊ ဆွေမျိုးများများ မော်မော် ကြွားကြွား စော်စော်ကားကား ဆက်ဆံ လာယင် ဘယ်သူမှ မနှစ်မြို့ဘူး၊ မလိုလားဘူး၊ ငုံ့မခံချင်ကြဘူး။ "မချစ်သော်လည်း အောင့်ကာနမ်း" ဆိုသလို မလွဲမရှောင်သာတဲ့ အကြောင်း တခုခုကြောင့် ငုံ့ခံနေကောင်း နေမှာ ဖြစ်ပေမယ့် "တက်ကြွားကြွကြွ၊ မာန်ထောင်ကလည်း၊ လျှောကျနောက်ဆုံး ရှိချေသည်" ဆိုတဲ့ သံဝေဂလင်္ကာလေးလို တနေ့ကျယင်တော့ တန်ပြန်ခြင်း ခံကြရမှာ မလွဲပါဘူး။

ဒါကြောင့် ဆင်းရဲယင် ဆင်းရဲပါစေ၊ ပညာမဲ့ယင် မဲ့ပါစေ၊ ရာထူးငယ်ယင် ငယ်ပါစေ၊ မာနမတက်ပါနဲ့။ ချိုချိုသာသာ ယဉ်ယဉ်ကျေးကျေး ဆက်ဆံယင် လူတိုင်းချစ်ခင်ကြမှာ မလွဲပါ

ဘူး။ ပညာရှိ၊ ဥစ္စာပေါ၊ ရာထူးကြီး၊ ဆွေမျိုး များသူတွေက ကိုယ့်ကိုယ်ကို နှိမ့်ချဆက်ဆံကြမယ်ဆိုယင်တော့အထူးပြောစရာ မလိုပါဘူး။ အတိုင်းထက် အလွန်ပေါ့။ သထက်ထမ်းပိုး တိုးပြီး ချစ်ခင် လေးစားကြမှာ သေချာပါတယ်။ ကိုယ်ပြောတိုင်းလဲ အောင်မြင်မှာ မလွဲပါဘူး။

အဲဒီလို မာနမထောင်လွှားမိစေဖို့ အထူးဂရုပြုရမယ်။ မာန ထောင်လွှားမိနိုင်တဲ့ အချက် တွေကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်—

(၁) ဇာတိမာန — ဇာတ်ဘာသာအနွယ်ကြောင့် ဖြင် သော မာန၊

(၂) ဂေါတ္တမာန — အမျိုးအဆွေဂုဏ်ကြောင့်ဖြစ်သော မာန၊

(၃) ဓနမာန — ဥစ္စာပစ္စည်း ရွှေငွေပေါ၍ဖြစ်သော မာန၊

(၄) ဘောဂမာန — အသုံးအဆောင်ပရိဘောဂကြောင့် ဖြစ်သောမာန၊

(၅) ယသမာန — အခြွေအရံ ကျော်စောခြင်းကြောင့် ဖြစ်သောမာန၊

(၆) သီလမာန — အကျင့် သီလ ကျော်စောခြင်း ကြောင့် ဖြစ်သောမာန၊

(၇) ဗဟုသုတမာန — အကြားအမြင် များခြင်းကြောင့် ဖြစ်သောမာန၊

(၈) သိပ္ပမာန — နှုတ်မှု လက်မှုတတ်ခြင်းကြောင့် ဖြစ်သော မာန၊

(၉) လာဘမာန — လာဘ်သပ္ပကာ ရှင် လန်း ခြင်း ကြောင့် ဖြစ်သောမာန၊

(၁၀) ပုညမာန — ကုသိုလ် ကောင်းမှု ၎ှိခြင်းကြောင့် ဖြစ်သောမာန၊

## သာဓကဝတ္ထု

အမျိုးသားပညာဝန် ဦးဖိုးကျားဟာ မြိုင်ယံတခုသို့ ကျောင်း စစ်သွားစဉ်က ဘူတာရုံမှာ ကောလိပ်ကျောင်းသားတယောက် ဒေါပွနေတာ တွေ့တယ်။ မေးကြည့်တော့ သူ့အိမ်က လာမကြို လို့တဲ့။ အနီးအနားမှာလဲ မြင်းလှည်းတစီးမှ မရှိဘူး။ ဒုက္ခ တွေ့နေတာပေါ့လေ။ သယ်စရာ ပစ္စည်းကလဲ သားရေအိတ် တလုံးထဲပါ။ အိမ်မဝေးယင် လမ်းလျှောက် သွားပါလားဆို တော့ ကောလိပ်ကျောင်းသားဖြစ်ပြီး အိတ်ဆွဲသွားရမှာ ရှက် သတဲ့။ ဒီတော့ ဦးဖိုးကျားက အိတ်ကိုသမ်းပြီး ကူလီလုပ် ပို့လိုက်တယ်။

နောက်တနေ့ကျတော့ အဲဒီလုပ်သူက ပညာဝန်ကို ထမင်း ဖိတ်ကျွေးတော့မှ သူ့ သားရေအိတ်သမ်းခိုင်းခဲ့သူဟာ ကူလီ မဟုတ်ပဲ ပညာဝန် ဖြစ်နေတာကို တွေ့ရလို့ အကြီးအကျယ်



မာနတက်နေသော ကောလိပ်ကျောင်းသား၏ သားရေအိတ်ကို
အမျိုးသားပညာဝန် ဦးဖိုးကျားက အခမဲ့ကူလီထမ်း၍ လိုက်ပို့နေပုံ

F. 10

အရှက်ရခဲ့တယ်။ နောက်တော့ နောင်တရပြီး သူ့မာနကို ချိုးနှိမ်နိုင်တဲ့အတွက် လူတော်လူကောင်း ဖြစ်လာခဲ့တယ်။

ဒီသာမကေဝဋ္ဋကို လေ့လာခြင်းအားဖြင့် ဦးဖိုးကျားဟာ ပညာမာန မထားပဲ မိမိကိုယ်ကို နှိမ့်ချပြီး အခက်အခဲတွေ့သူကို ကူညီထမ်းပြီး အကူအညီ ပေးခဲ့တာကြောင့် သားဖြစ်သူ ကောလိပ်ကျောင်းသား မောင်သောင်းဟာ အမြင်မှန်ရလာတဲ့ အပြင် ဖခင်ဖြစ်သူရဲ့ ကျေးဇူးတင်မှုကိုလဲ စိတ်ချမ်းသာစွာ ရရှိခဲ့ပါတယ်။

ကောလိပ်ကျောင်းသား မောင်သောင်းဟာလဲ မာနမထား သင့်တဲ့ နေရာမှာ မာနထားမိလို့ မိဘ, ဆွေမျိုးတွေရဲ့ အလယ် မှာ အရှက်တကွဲ ဖြစ်ခဲ့ရပါတယ်။

ဒါကြောင့် မာနမထားကြပါနဲ့၊ မိမိကိုယ်ကို နှိမ့်ချဆက်ဆံ ကြပါ။ မိမိဆန္ဒအတိုင်း နေရာတကာမှာ အောင်မြင်မှု ရပါ လိမ့်မယ်လို့ မှာကြားလိုက်ပါရစေ။

## (၂၄) ရောင့်ရဲလွယ်ခြင်း

## ( သန္တုဋ္ဌိ ၀ )

“အလိုရှိတိုင်းရခြင်းထက် ပုံ့ဝအလိုမရှိခြင်းသည်အကောင်း ဆုံး”လို့ အဆိုရှိပါတယ်။ ဆိုလိုတာကတော့ ရသမျှနဲ့ ရောင့်ရဲ တင်းတိမ်ဖို့ပါပဲ။ အစား အဝတ်၊ အနေအထိုင် သုံးပါးလုံးမှာ ရောင့်ရဲတင်းတိမ်လွယ်ယင် စိတ်ချမ်းသာမယ်။ မရောင့်ရဲနိုင်ယင် တော့ လိုသလောက် ငွေရဖို့အတွက် တရားသည်ဖြစ်စေ၊ မတရား

သည် ဖြစ်စေ ရတဲ့နည်းနဲ့ ရှာဖွေကြတော့မှာပဲ။ ဒီလိုနဲ့ အရှက် တကွဲ အကျိုးနဲ ဖြစ်ကြရတာတွေဟာ မျက်မှောက်ခေတ်မှာ ဒုနဲ့ဒေးပါ။

ရသမျှနဲ့ ရောင့်ရဲတင်းတိမ်တာဟာ အခုခေတ်အခါနဲ့လဲ အံဝင်ဂွင်ကျ ဖြစ်ပါတယ်။ မိမိတို့ စွမ်းအားရှိသလောက် အလုပ် လုပ်ပြီး ရရှိတဲ့ အကျိုးအမြတ်ကို ချင့်ချိန်သုံးစွဲကြရပါမယ်။ တမတ်ပိုးလောက်ရှာပြီး၊ တကျပ်ပိုးလောက် သုံးချင်ယင်တော့ "ကြွေးတင် ကျွန်ဖြစ်"ဆိုတဲ့ ကိန်းကို ဆိုက်မှာပဲ။

လူငယ်, လူရွယ်တိုင်းကို အထူး သတိပေးချင်တာကတော့ သူများဝတ်တိုင်း၊ စားတိုင်း အားမကျပါနဲ့။ မိမိတို့ တတ်နိုင် သရွေ့ အင်အားနဲ့အညီ ဝတ်ပါ၊ စားပါ၊ ရောင့်ရဲလှယ်ပါလို့ မှာချင်ပါတယ်။ အဲဒါဟာ စိတ်ချမ်းသာမှု အထူးဖြစ်စေတဲ့ မင်္ဂလာတပါးပါပဲ။

အထူးသဖြင့် အမျိုးသမီးများဟာလဲ ရသမျှနဲ့မရောင့်ရဲနိုင်ပဲ လောင်းကစားခြင်း တရားငါးပါးနဲ့ ဖောက်ပြားပြီး မှောက်မှား တတ်ကြလို့၊ တသက်လုံး လူဖြစ်ရှုံးပြီး လူလုံးမလှ၊ ယုံကြည်းမရ ဖြစ်နိုင်တယ်ဆိုတာ သတိပြုကြပါ။

### လောင်းကစားခြင်း ငါးပါး

(က) ဘေးဆောက်မှု၌ လျှပ်ပေါ်လောင်းကစားခြင်း

(ခ) ဝတ်စားဘန်ဆာ ဆင်ယင်ဖီးလိမ်းမှု၌ လျှပ်ပေါ် လောင်းကစားခြင်း

(ဂ) ကာမဂုဏ်၌ လျှပ်ပေါ်လော်လည်ခြင်း

(ဃ) ပစ္စည်းဥစ္စာ လိုချင်မှုတို့၌ လျှပ်ပေါ်လော်လည်ခြင်း

(င) သွားခြင်း၊ လာခြင်း၊ လမ်းသလားခြင်းတို့၌ လျှပ်ပေါ်လော်လည်ခြင်း။

**သာဓကဝတ္ထု**

တနေ့ကို ရွှေဥတလုံးကျ ဥပေးနေတာကို မရောင့်ရဲနိုင်ပဲ တကြိမ်ထဲနဲ့ ရွှေငွေတွေ များများစားစား လိုချင်တဲ့ လောဘကြောင့် ရွှေဥတွေ ဥပေးနေတဲ့ ငန်းကို သတ်လိုက်တာ ရွှေဥလဲဆုံး ငန်းလဲဆုံးရတဲ့ ပုံပြင်ကို လူတိုင်းသိကြပါတယ်။

ရောင့်ရဲလွယ်မယ်ဆိုယင် ကြီးပွားချမ်းသာ နိုင်ပါရက်နဲ့ မရောင့်ရဲ မတင်းတိမ်နိုင်တဲ့အတွက် ဒုက္ခရောက်ရတဲ့ သာဓကတခုပါပဲ။

အဲဒီလိုပဲ ရောင့်ရဲတင်းတိမ်နိုင်ပါရက်နဲ့ အဝတ်အစားတပ်မက်လို့၊ ရွှေငွေပစ္စည်း တပ်မက်လို့၊ သူများနဲ့ ဂုဏ်တုဂုဏ်ပြိုင် လုပ်ချင်လို့ သူများမယားငယ် ဖြစ်ကုန်ကြတာတွေ၊ ဘဝတခုလုံး ပျက်စီးပြီး အပျော်မယ် ဖြစ်သွားကြတာတွေကို ခုအခါမျိုးမှာ အများအပြား တွေ့နိုင်ပါတယ်။ ဒါတွေကို အတုမယူကြပါနဲ့၊ အထင်မကြီးကြပါနဲ့၊ သတိသံဝေဂ ယူပြီး ဆင်ခြင်နိုင်ကြပါစေလို့ ဆန္ဒပြုလိုက်ရပါတယ်။



တနေ့လျှင် ရွှေဥတလုံးကျဥသော ငန်းကိုသတ်၍ ရွှေဥရှာနေပုံ

## (၂၅) သူတပါးကျေးဇူးကို သိတတ်ရခြင်း
## (ကတညုတာ)

"တလုပ်ကျွေးဘူး-သူ့ကျေးဇူး" ဆိုတဲ့ စကားနဲ့အညီ၊ လူဆိုတာ မိမိအပေါ် ပြုခဲ့ဘူးတဲ့ သူ့ကျေးဇူးတရားကို သိတတ်ရတယ်။ အခွင့်အခါ ကြုံတဲ့အချိန်မှာ အဲဒီကျေးဇူးကို တုံ့ပြန်နိုင်ရမယ်။ ဒါမှ လူဘော်လူကောင်း တယောက်ဖြစ်ပြီး ရှေ့မှာ ကြီးပွားတိုးတက်နိုင်တဲ့ အလားအလာရှိမှာ ဖြစ်ပါတယ်။

ငယ်စဉ်ကလေးဘဝက စပြီး လူဖြစ်တဲ့အထိ ကျွေးမွေးပြုစုလာခဲ့တဲ့ မိဘကျေးဇူး၊ ကျောင်းသင်ခန်းစာက အစ လူမှုရေး လူ့ကျင့်ဝတ်တွေအထိ ပြသသင်ကြား သွန်သင်လာခဲ့တဲ့ ဆရာ့ကျေးဇူးတွေကို အစဉ်အောက်မေ့ရမယ်။ ရတနာသုံးပါးဂုဏ်ကျေးဇူးကို အမြဲနှလုံးသွင်းရမယ်။ မိမိအား နှုတ်၏ စောင်မခြင်း၊ လက်၏ စောင်မခြင်းပြုခဲ့တဲ့ ပုဂ္ဂိုလ်တွေရဲ့ ကျေးဇူးကို မမေ့မလျော့ပဲ အခွင့်သင့်တဲ့အခါ ပြန်ဆပ်နိုင်အောင် ကြိုးစားရမယ်။ အဲဒီလို လူမျိုးဟာ ဘယ်တော့မှ မဆင်းရဲဘူးဆိုတာ ယုံကြည်ထားပါ။

ကနေ့ မြန်မာနိုင်ငံမှာ လူငယ်လူရွယ်တွေအတွက် နိုင်ငံတော်ကနေပြီး ပညာသင်ကြား ပေးနေတယ်။ တနှစ်တနှစ်မှာ မူလတန်းကျောင်းသား အတွက် ဘယ်လောက် ကုန်ကျတယ်၊ အလယ်တန်း၊ အထက်တန်း ကျောင်းသားတယောက် ဘယ်လောက်ကုန်ကျတယ်၊ ဝိဇ္ဇာသိပ္ပံ၊ အင်ဂျင်နီယာ၊ ဆရာဝန်ဘွဲ့တွေ ရဖို့ ဘယ်လောက်ကုန်ကျတယ်ဆိုတာ ပညာရေးဝန်ကြီးဌာနက

အခါအားလျော်စွာ ထုတ်ပြန်နေတာကို တွေ့ဘူး မှတ်ဘူးကြပါ လိမ့်မယ်။

အဲဒီလို နိုင်ငံတော်က ပညာဘတ်တယောက်ဖြစ်လာအောင် ထောက်ပံ့ခဲ့လို့ ပညာတတ်၊ ပညာရှင်ဖြင်လာယင် နိုင်ငံတော်ရဲ့ ကျေးဇူးကို ပြန်ဆပ်ရမယ်။ ကျရာ နေရာကနေပြီး နိုင်ငံ့ဝန်ကို တတပ်တအား ပါဝင်ထမ်းရွက်ရမယ်။ ဒါမှလဲ နိုင်ငံတော်ရဲ့ ကျေးဇူးသစ္စာကို စောင့်သိရာ ရောက်ပါမယ်။

တချို့တွေကတော့ အမိနိုင်ငံရဲ့ အထောက်အပံ့နဲ့ ပညာ သင်ကြားပြီး ထူးချွန်တဲ့ ပညာရှင်တယောက် ဖြစ်လာတဲ့အခါ ကျတော့။ နိုင်ငံရဲ့ကျေးဇူးကို တုန့်ပြန်ဖို့ မစဉ်းစားတော့ဘူး။ ငါ့သား ငါ့မယားတွေနဲ့ ကောင်းသထက်ကောင်းတဲ့အိမ်နေဖို့; ကောင်းသထက်ကောင်းတဲ့ ကားစီးဖို့လောက်ပဲ ကြံစည်လာကြ တယ်။ နောက်ဆုံးတော့ နိုင်ငံရဲ့မျက်နှာကိုမှ မထောက်ထားပဲ တကိုယ်ကောင်းဆန်တဲ့ အတ္တစိတ်သက်သက်နဲ့ ကိုယ့်အမိနိုင်ငံကို စွန့်ခွာ သွားကြတာတွေ ရှိပါတယ်။ဒါတွေကိုလဲ အနည်းနဲ့ အများဆိုသလို မြင်ဘူး၊ ကြားဘူး၊ တွေ့ကြုံဘူးကြမှာပါ။

အဲဒီလို နိုင်ငံအပေါ် 'ခြေစုံကန်ပြီး' သစ္စာဖောက်သွားတဲ့ အလုပ်မျိုးကို မလုပ်ရှိသာမက စိတ်ကူးထဲတောင် မထည့်ကြဖို့ သတိပေး လိုက်ပါရစေ။

## သာဓကဝတ္ထု

ပင်းယ ငါးစီးရှင်လက်ထက် နောင်တော် အိမ်ရှေ့မင်းဥဇနာနဲ့ ပင်လယ်မြို့စားကျော်စွာတို့က စစ်ကိုင်းစားညီတော် စောယွန်း ကို သတ်ဖို့ ကျွန်ယုံ ခေါ်ညိုကို စေလွှတ်လိုက်တယ်။

ခင်ညိုဟာ ပုံးလျှိုးကွယ်လျှိုးနဲ့ နန်းတော်ထဲကို အရောက် သွားပြီး စောယွန်းကို လုပ်ကြံဖို့ အခွင့်အခါကို စောင့်နေလိုက် တာ (၃)ရက်ကြာသွားတယ်။ အဲဒီအတောအတွင်းမှာ ဘာမှ မစားရဘူး။ ငတ်ပြတ် နေတာပေါ့။ တညတော့ အခွင့်ရလို့ စောယွန်းကိုသတ်ဖို့ နန်းဆောင်ထဲ ဝင်လိုက်တဲ့အခါ။ နတ်တင် ထားတဲ့ ထမင်းပွဲတွေကို တွေ့တယ်။ သူ့စိတ်ကို တင်းထား ပေမယ့် ဆာလွန်းလို့ မနေနိုင်တော့ဘူး။နတ်တင်ထားတဲ့ ထမင်း တွေကို အားရ ပါးရ စားပစ်လိုက်တယ်။

ပြီးတော့မှ စောယွန်းရဲ့ အိပ်ခန်းဆောင်ထဲသွားပြီး သတ် တော့မလို့ အလုပ်မှာ သူ့ထမင်းတနပ်ရဲ့ ကျေးဇူးကိုသွားသတိရ လိုက်ဘယ်။ ဒါကြောင့် စောယွန်းကို သတ်ရကောင်းနိုး၊ပြန်ရ ကောင်းနိုးနဲ့ ဝေခွဲမရပဲ ဖြစ်နေတယ်။ နောက်ဆုံးတော့ ငါ့ အရှင်က သတ်လိုယင်လဲသတ်စေတော့၊ထမင်းရှင်ကိုတော့မသတ် တော့ပါဘူးလို့ စိတ်ဆုံးဖြတ်လိုက်ပြီး စောယွန်းကို မသတ် တော့ပဲ သူ့ရဲ့ လက်သုံးတော် သီသဝံသခေးနဲ့ ကွမ်းခွက်ကို ယူပြီး ငါးစီးရှင်ကို ဆက်သလိုက်တယ်။

ငါးစီးရှင်က ခင်ညိုဟာ ထမင်းတနပ်ရဲ့ကျေးဇူးကိုတောင် သိယင် ငါတသက်လုံး မ,စ ကြည့်ရှုထားတဲ့ ကျေးဇူးတွေကို ဖြင့် ဘယ်မှာ မသိပဲရှိတော့မှာလဲလို့ စဉ်းစားမိပြီး ခင်ညို ကို ပိုမိုတိုးတက် မြှောက်စားချီးမြှင့်ခဲ့တယ်။



စောယွန်းအား လုပ်ကြံရန်သွားသော ခင်ညိုသည်
နတ်တင်ထားသောထမင်းကို စားသောက်နေပုံ

## (၂၆) အခွင့်သင့်တိုင်း တရားစကား နာကြား နားထောင်ရခြင်း
### (ကာလေန ဓမ္မဿဝနံ)

အခွင့်အရေး ရတဲ့အခါတိုင်း တရားစကား ဆွေးနွေးရမယ်၊ တရားနာကြားရမယ်လို့ ဆိုလိုပါတယ်။ မကြာခဏ တရားနာခြင်းအားဖြင့် လောကရေး၊ဓမ္မရေးတွေမှာပိုမိုနားလည်သဘောပေါက်ပြီး လူလိမ္မာ တယောက် ဖြစ်လာနိုင်ပါတယ်။ မမှားတန်တာ မမှားတော့ဘူး။တရားနာခြင်းအားဖြင့် လမ်းကောင်း, လမ်းမှန်ကို ရောက်သွားနိုင်ပါတယ်။

#### တရားနာခြင်း အကျိုးငါးပါး

(က) မကြားဘူးသေးသော တရားစကားကို ကြားနာရခြင်း

(ခ) ကြားနာရပြီးသော တရားစကားကို ဖြူစင်စေခြင်း

(ဂ) ယုံမှားသံသယကို ပယ်ဖျောက်နိုင်ခြင်း

(ဃ) အယူဝါဒ ဖြောင့်မတ်စွာ ယူနိုင်ခြင်း

(င) စိတ်၏ ကြည်လင် သန့်ရှင်းခြင်း

#### သာဓကဝတ္ထု

အနာထပိဏ်သဌေးတွင် ဘုရားမကြည်ညို၊ တရားမနာလိုတဲ့ ကာဠ အမည်ရှိတဲ့ သားတယောက် ရှိတယ်။ ဘခင် သဌေးကြီးက ငွေတရာပေးပြီး ဥပုသ်စောင့်ခိုင်းတယ်။ ကာဠ ကလဲ စိတ်မပါ



အနာထပိဏ်သဌေးကြီး၏သား ကာဠသည် မြတ်စွာဘုရားထံတွင်
တရားနာယူနေပုံ

ပေမယ့် ငွေတရာရမယ်ဆိုတော့ တနေ့အောင့်အီးပြီး ဥပုသ်စောင့်တယ်။ နောက်တနေ့ကျတော့ ငွေတရာကို အပေါင်းအသင်းတွေနဲ့ သုံးဖြုန်းပစ်လိုက်ဘာပေါ့။

ဒီလိုနဲ့ ဟန်ကျပုံမပေါ်တော့ အနာထပိဏ်သဌေးကြီးက တမျိုးကြံပြန်ရော။ "ငါ့သား… မြတ်စွာဘုရားဟောတဲ့ တရားတပုဒ်ကိုဆုံးအောင် သေသေချာချာနာသယင် ငွေတထောင်ပေးမယ်"လို့ ပြောတယ်။ ဒီတော့ ကာဠဟာ ငွေတထောင်လိုချင်တာနဲ့ ဘုရားကျောင်းတော်သွားပြီး တရားနာတယ်။ ပထမတော့ နားမဝင်ဘူး။ တဖြေးဖြေးနဲ့ ကြည်ညိုသဒ္ဓါစိတ်တွေပွားများလာပြီး နားစိုက်ထောင်လိုက်တာ တရားလဲဆုံးရော သောတာပန် တည်သွားတယ်။ အိမ်ကျတော့ ဘခင်က ငွေတထောင် ပေးတာတောင် မယူတော့ဘူး။

တခါက ဖားသူငယ်ဘကောင်ဟာ န္တားခြေရာကွက်ထဲကနေပြီး မြတ်စွာဘုရား ဟောကြားတဲ့တရားကို အာရုံစူးစိုက်ပြီးနာကြားနေတယ်။ အဲဒီအချိန်မှာ န္တားကျောင်းသား တယောက်ကလဲ မြေကြီးကို နှင်တံနဲ့ ထောက်လိုက်တာ ဖားအပေါ်တည့်တည့်ကျပြီး တရားနာယင်းနဲ့ပဲ သေသွားတယ်။ အဲဒီအခါမှာ နတ်ပြည်ရောက်ပြီး ဖားနတ်သားရယ်လို့ဖြစ်လာဘယ်။

ဒီဝတ္ထုသာဓကတွေကို ထောက်ရှုခြင်းအားဖြင့် တရားနာခြင်းဖြင့် အကျိုးထူးများ ရရှိဘာကို တွေ့နိုင်ပါတယ်။ ဒါကြောင့် မိမိတို့ရဲ့ အကျိုးဖြစ်ထွန်းစေမယ့် တရားစကားများကို အခါအခွင့်သင့်တိုင်း နာကြားကြဖို့ လိုပါတယ်။ ဒီလိုနာကြားနိုင်အောင်လဲ အကျင့်လုပ်ပေးရပါမယ်။



တ်ရားနာနေသော ဖားသူငယ်သည် နွားကျောင်းသားထောက်လိုက်သော
နှင်တံစိုက်မိ၍ သေဆုံးပြီး နတ်သားဖြစ်သွားပုံ

## သတ္တမ ဒေသနာတော် မင်္ဂလာ (၄) ပါး

## နိဂုံးချုပ် မှတ်ဖွယ်

ရှိသေသိုက်သေသူကို ရှိသေ၊ မိမိကိုယ်ကိုနှိမ့်ချ
ရောင့်ရဲလွယ်အောင် ကြိုးစားပြီး
တပါးသူ၏ ကျေးဇူးကို သိ၍
တရားစမ္မ နာကြားပါလျှင်
နူးညံ့သိမ်မွေ့သော လူတော်လူကောင်းတယောက်
ဖြစ်လာမည်မှာ မလွဲပေ။

# ဆဋ္ဌမ ဒေသနာတော်

# မင်္ဂလာ (၄) ပါး

## ပါဠိတော်

ခန္တီ စ သောဝစဿတာ၊ သမဏာနဉ္စ ဒဿနံ။
ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံ မင်္ဂလမုတ္တမံ။

## အနက်

ဒေဝပုတ္တ၊ နတ်သား။ ခန္တီ စ၊ သည်းခံခြင်းသည်လည်းကောင်း။ သောဝစဿတာ စ၊ ဆိုလွယ်သော စကား ရှိသူ၏ အဖြစ်သည်လည်းကောင်း။ သမဏာနံ၊ ကိလေသာကို ငြိမ်းစေပြီးသော ရဟန်းတို့ကို။ ဒဿနဉ္စ၊ ဖူးမြင်ခြင်းသည်လည်းကောင်း။ ကာလေန အခွင့်သင့်သောအခါ၌၊ ဓမ္မသာကစ္ဆာ၊ တရားတော်ကို ဆွေးနွေးရခြင်း သည် လည်း ကောင်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤလေးပါးသည်လျှင်။ ဥတ္တမံ၊ မြတ်သော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တွံ၊ သင်နတ်သားသည်။ ဇာနာဟိ၊ မှတ်လေလော့။

## အဓိပ္ပါယ်

(၂၇) အရာရာမှာ သည်းခံရခြင်း၊
(၂၈) ဆုံးမစကား နာယူလွယ်ခြင်း၊
(၂၉) ရဟန်း သံဃာတော်များကို ဖူးမြော်ရခြင်း၊
(၃၀) သင့်တင့်သောအခါတရားဆွေးနွေးမေးမြန်းရခြင်း

## မင်္ဂလာ ကဗျာ

ဝတ်စားနေထိုင် ရန်ခပ်သိမ်း၊
စိတ်ကိုချုပ်ထိန်း သည်းခံလေ။
ကျိုးကြောင်းပြည့်နှံ ဆုံးမစကားကို၊
ပြောကြားလာက နာလွယ်စေ။
သူမြတ်ပုဂ္ဂိုလ် ဟူသမျှ၊
မကြာခဏ တွေ့ဆုံလေ။
သဘာဝတွေး....မှန်ကန်ရေး....
ဆွေးနွေးမပြတ်ပေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။

## (၂၇) အရာရာမှာသည်းခံခြင်း

### (ခန္တီစ)

သည်းခံခြင်းဆိုတာ သူတပါးကမိမိကို မခံသာအောင် ပြောဆိုခြင်း၊ မဟုတ်မတရား စွပ်စွဲခြင်း၊ ဆဲဆိုခြင်း၊ တုတ်ဓား လက်နက်တွေနဲ့ ရိုက်နှက် ထိုးခုတ်ခြင်း ပြုစေကာမူ ဒေါသ မထွက် အမျက်မပွားပဲ မိမိစိတ်ကို ထိန်းချုပ်နေတာ၊ ရန်မတုန့်ပြန်တာ စိတ်မတိုတာ၊ ပြန်မဆဲ ပြန်မရိုက်ပဲ နေတာဟာသည်းခံခြင်းပါပဲ။

လူကြီးတွေအတွက်ရော၊ လူငယ်တွေ၊ ကလေးတွေအတွက်ပါ သည်းခံစိတ်ထားနိုင်ဖို့ဆိုတာ မလွယ်ပါဘူး။ အလေ့အကျင့် လုပ်ယူရပါမယ်။ လူဆိုတာ မခံချင်စိတ်တော့ ရှိစမြဲပေါ့။ သူများကဆဲယင် ပြန်ဆဲချင်တယ်၊ ရိုက်ယင် ပြန်ရိုက်ချင်တယ်၊

ရန်စယင် ပြန်ချချင်တယ်၊ ဒါဟာ သဘာဝပါပဲ။ အဲဒီသဘာဝကို ဆန့်ကျင်ပစ်ရမယ်။

ပဌမတော့ သူများကဆဲယင် ပြန်မဆဲပဲ စိတ်ကိုထိန်းချုပ်ထားရမယ်။ စိတ်ထဲကတော့ မကျေမနပ် အောင့်သက်သက်နေမှာပေါ့။ နောက်တော့ တဖြည်းဖြည်းနဲ့ နှုတ်ကလဲ ပြန်မဆဲတော့ဘူး၊ စိတ်ကလဲ မဆဲချင်တော့ဘူး။ "အော်....သူမသိလို့ ဆဲတာပဲ၊ သနားစရာပါကလား" လို့ မေတ္တာစိတ် ပွားများပေးရမယ်။ "ပြုသူအသစ်၊ ဖြစ်သူအဟောင်း" ဆိုတဲ့ စကားလို ခံလိုက်ရတဲ့သူကတော့ အယင်က သူဆဲချင်အောင် လုပ်ခဲ့လို့ အဆဲခံရတာမို့ ပြီးသွားပြီ။ ခုဆဲလိုက်သူကတော့ အသစ်ဖြစ်နေတာမို့ ဒီလိုဆဲတဲ့အကျိုးကို ခံရဦးမှာပဲလို့တွေးစားပြီး ချမ်းသာပါစေဆိုတဲ့ စေတနာနဲ့ မေတ္တာပို့သပေးရမယ်။

ဝိပဿနာတရားကို သေ့လာပွားများလို့ ဉာဏ်ရင့်သန်လာတဲ့ အခါကျတော့ "ခုနကဆဲတဲ့ ရုပ် နာမ်ဟာ၊ အခုရှိနေတဲ့ ရုပ်နဲ့ နာမ်မဟုတ်ဘူး။ ခုနကဆဲတဲ့ ရုပ်နဲ့ နာမ်က ချုပ်သွားပြီ။ အခုရှိနေတာက ရုပ်သစ်, နာမ်သစ်ပါကလား" လို့ သိလာတယ်။ "အဆဲခံရတဲ့ ရုပ်နာမ်ဟာလဲ ခုနက ရုပ်နာမ်မို့ ချုပ်သွားပြီ။ အခုရှိနေတဲ့ ရုပ်နာမ်က အသစ်ပါကလား" လို့လဲ သိလာတယ်။ အဲဒီလို သိလာတဲ့အခါကျတော့ ဆဲတဲ့ရုပ်နာမ်လဲ မရှိတော့ဘူး။ အဆဲခံရတဲ့ ရုပ်နာမ်လဲ မရှိတော့ဘူး။ ဖြစ်ပြီးတာနဲ့ ပျက်သွားပြီဆိုတော့ ဘယ်သူ့ကိုသွားပြီး စိတ်ဆိုးရဦးမှာလဲ။ စိတ်ဆိုးချင်တဲ့စိတ်ဟာ မဖြစ်ပွားတော့ပဲ အလိုလို သည်းခံစိတ်ဟာ ပြည့်လာပါတယ်။

ဒါကြောင့် သည်းခံစိတ်ကို အလေ့အကျင့် လုပ်ကြပါ။ တဆင့်ထက် တဆင့်၊ မြင့်သထက် မြင့်လာအောင် ကြိုးစားကြပါလို့ မှာကြားလိုပါတယ်။

## သည်းခံခြင်း (၂) မျိုး

(က) မနိုင်၍ သည်းခံခြင်း

(ခ) နိုင်လောက်သော စွမ်းရည်သတ္တိရှိလျက် သည်းခံခြင်း။

မနိုင်၍ သည်းခံခြင်းဆိုတာက အားမတန်လို့ မာန်လျှော့တဲ့ လူမျိုးကို ခေါ်တာပါပဲ။ ဘာပဲပြစ်ဖြစ် ဒါလဲကောင်းတဲ့အလုပ် တခုပါ။ နိုင်လောက်ရက်သားနဲ့ သည်းခံတဲ့သူကတော့ လူတော်တယောက်ပါပဲ။မိမိကိုယ်ကို ထိန်းချုပ်နိုင်စွမ်းရှိတာမို့ ချီးကျူးထိုက်ပါတယ်။

နိုင်လောက်ရက်သားနဲ့ သည်းမခံတဲ့သူကတော့ အခုဘဝမှာ နိုင်သွားပေမယ့် နောင်တမလွန်မှာ အကျိုးယုတ်နိုင်ပါတယ်။ မနိုင်မှန်းသိရက်နဲ့ သည်းမခံနိုင်သူကတော့ အခုဘဝမှာတင်ပဲ လောလောလတ်လတ် ဒုက္ခရောက်မှာ၊ ဆေးရုံရောက်မှာ သေချာပါတယ်။

## အောင်ခြင်းမင်္ဂလာ (၄) မျိုး

(က) စိတ်ဆိုးသူကို စိတ်မဆိုးခြင်းဖြင့် အောင်နိုင်ရာ၏

(ခ) မကောင်းသူကို ကောင်းခြင်းဖြင့် အောင်နိုင်ရာ၏

(ဂ) စေးနဲသူကို ပေးကမ်းခြင်းဖြင့် အောင်နိုင်ရာ၏

(ဃ) စကားမမှန်သူကို စကားမှန်ခြင်းဖြင့် အောင်နိုင်ရာ၏

သည်းခံခြင်း အကျိုးတရား (၅) ပါး

(က) အများချစ်ခင်လေးစားမှု ခံရခြင်း

(ခ) ဘေးရန် ကင်းရှင်းခြင်း

(ဂ) အပြစ်နည်းပါးခြင်း

(ဃ) တွေဝေမှုကင်းခြင်း

(င) သုဂတိဘဝသို့ လားရခြင်း

## သာဓကဝတ္ထု

တာဝတိံသာနတ်ပြည်မှာ သိကြားမင်းနဲ့ အသူရာနတ်တွေ စစ်ထိုးကြတော့ အသူရာတွေ ရှုံးနိမ့်သွားတယ်။ ဝေပစိတ္တိ ခေါ်တဲ့ အသူရာနတ်မင်းကြီးကို ဖမ်းမိဘာနဲ့ သုဓမ္မာဇရပ်မှာ လည်ပင်းကြိုးငါးဆင့်ချည်ပြီး ချုပ်ထားတယ်။

သိကြားမင်းက သုဓမ္မာလွှတ်သဘင်ကို တက်ဖို့လာတိုင်း အသူရာနတ်မင်းကြီးက အမျိုးမျိုးဆဲဆို ကြိမ်းမောင်းတယ်။ သိကြားမင်းကတော့ မကြားချင်ယောင်ဆောင်ပြီး သည်းခံနေတယ်။

အဲဒီလို ဆဲဆိုကြိမ်းမောင်းနေတာကို ကြားရတော့ မာတလိက မခံချင်ဘူး။ ဒါကြောင့် သိကြားမင်းကြီးကို "အရှင်သိကြားမင်း၊ အသူရာနတ်မင်းကြီးက အခုလို ဆဲဆိုကြိမ်းမောင်းနေတာကို ဘာကြောင့် သည်းခံနေရတာလဲ၊ ကြောက်ရွံ့ပါလား" လို့ လျှောက်ထားတယ်။



သုဓမ္မာလွှတ်သဘင်သို့လာသော. သိကြားမင်းအား ဖမ်းဆီးချုပ်နှောင်
ထားသော ဝေပစိတ္တိအသူရာနတ်မင်းကြီးက ဆဲဆိုကြိမ်းမောင်းနေပုံ

ဒီအခါ သိကြားမင်းက "အမောင် မာဘလိ ...အသူရာကြီးကိုဖမ်းထားလို့ ငါ့လက်တွင်း ရောက်နေပြီပဲ။ ငါပြုသမျှ နှုရတော့မယ့် အခြေအနေရောက်နေပြီ။ ဘာမှ ငါကြောက်စရာမလိုပါဘူး။ ဒါပေမဲ့ နိုင်လျက်သားနဲ့ သည်းခံခြင်းဟာ မင်္ဂလာတပါးမို့ သူတော်ကောင်းတို့ နှလုံးရည်ဖြင့် ငါသည်းခံပေတယ်။ အားရှိပါလျက် အားမဲ့သူအပေါ် သည်းခံခြင်းမျိုးကို သူတော်ကောင်းတို့ ချီးမွမ်းကြပေတယ်" လို့ ပြန်ပြောတယ်။

ဒါဟာ များစွာ အတုယူထိုက်တဲ့ သာဓကတခုပါပဲ။ ဒီလိုသည်းခံနိုင်စွမ်း ရှိလို့လဲ သိကြားမင်းကြီး ဖြစ်လာတာပါပဲ။ ဒါကြောင့် သိကြားမင်းကြီးလို သည်းခံနိုင်စွမ်းရှိအောင် ကြိုးစားကြပါလို့ တိုက်တွန်းချင်ပါတယ်။

## (၂၈) ဆုံးမစကားကို နာယူလွယ်ရခြင်း (သောဝစဿတာ)

ပညာရှိ သူတော်ကောင်းများနဲ့ မိဘဆရာသမားတို့က ပြောဆို ဆုံးမသမျှကို မပယ်မရှား နှလုံးသွင်းပြီး အချက် မသွက်၊ ဆင်ခြေမတက်၊ ခွန်းတုံ့မပြန်၊ ပြန်လှန်မပြော၊ နှုတ်ခမ်းမစူ၊ မငြင်းဆန်ပဲ အလွယ်တကူ နားထောင်ခြင်းဟာ မင်္ဂလာတပါးပါပဲ။

ပညာရှိ သူတော်ကောင်းတွေနဲ့ မိဘ ဆရာသမားတွေဟာ ကိုယ့်သားသမီး တပည့်သားမြေးကို လမ်းမှား ရောက်အောင် မသွန်သင်ဘူး။ လမ်းမှန်ကိုသာ ညွှန်ပြတတ်ကြပါတယ်။ ဒါ

ကြောင့် သွန်သင်ဆုံးမတာကို အလွယ်တကူ နာယူကြဖို့ လိုပါတယ်။

ဒါတင်မကဘူး။ အလုပ်ခွင်မှာ ဆိုယင် မိမိ အထက်လူကြီးတွေရဲ့ ဆိုဆုံးမစကားကို နားထောင်ဖို့ လိုပါတယ်။ အဲဒီလို လေးလေးစားစားနဲ့ နာယူလွယ်မယ်ဆိုယင် လူတကာရဲ့ ချစ်ခင်မှုကို ရရှိပြီး တိုးတက်ကြီးပွားမှာ အမှန်ပါပဲ။

## သာမဏေ ဝတ္ထု

မြတ်စွာဘုရား သက်တော် ထင်ရှားရှိစဉ်က ရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးဟာ သင်္ကန်းဝတ်ရုံ မညီမညွတ်ရှိနေတာကို သာမဏေငယ် တပါးက မြင်တယ်။

ဒါကြောင့် "အရှင်ဘုရား သင်္ကန်းဝတ်တာဟာ ညီညွတ်မှု မရှိပါ ဘုရား"လို့ လျှောက်ထားတယ်။

ရှင်သာရိပုတ္တရာဟာ သာမဏေငယ်ရဲ့ သတိပေးချက်ကိုကြားတော့ သူ့ကိုယ်သူ ပြန်ကြည့်ပြီး ကျေးဇူးတင်စွာနဲ့ ချက်ချင်းပဲ သင်္ကန်းကို ပြင်ဆင်ပြီး ဝတ်ရုံတယ်။

ပြီးတော့ "နောင်ကိုလဲ အခုလို ချွတ်ယွင်းချက်များ တွေ့ယင် သတိပေး ပြောကြားပါ"လို့ ဆရာတင်ပြီး ဖိတ်ကြားခဲ့ဘူးတယ်။

ဒီသာဓကကို ကြည့်ခြင်းအားဖြင့် အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကြီးလို အဂ္ဂသာဝကကြီး တပါးက သာမဏေငယ်လေးရဲ့ အဆုံးအမကို အလွယ် တကူနဲ့ လိုက်နာတာကြောင့် သောဝစဿတာ မင်္ဂလာနဲ့ပြည့်စုံကြောင်း တွေ့နိုင်ပါတယ်။



သက်န်းဝတ်ရုံရာတွင် ညီညွတ်ခြင်းမရှိသော ရှင်သာရိပုတ္တရာအား
သာမဏေငယ်ကလေးက သတိပေးနေပုံ

ဒါကြောင့် လူငယ် လူရွယ်တိုင်းဟာ လူကြီး မိဘ များရဲ့ ကောင်းတဲ့အဆုံးအမကို အလွယ်တကူ လိုက်နာကြပါလို့ တိုက်တွန်းလိုက်ရပါတယ်။

## (၂၉) ရဟန်းသံဃာတော်များကို ဖူးမြော်ရခြင်း

(သမဏာနဉ္စ ဒဿနံ)

ရဟန်းသံဃာတော်များကို ဖူးမြော်ရတာ မင်္ဂလာတပါးပါ။ ရဟန်းသံဃာဆိုတာ အရိယာ ပုဂ္ဂိုလ်များကျတော့ လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိစတဲ့ ကိလေသာတွေ ကင်းစင်ပြီး ကြည်လင်တဲ့ ဣန္ဒြေရှိတယ်။ သမုတိ သံဃာတော်များကျတော့ တရားကျင့်ကြံ အားထုတ်နေဆဲ ပုဂ္ဂိုလ်ဖြစ်လို့ ကိလေသာတွေ လုံးဝမကင်းစင်သေးပေမယ့် နည်းပါးသွားပြီ။

အဲဒီလို ပုဂ္ဂိုလ်တွေကို ဖူးတွေ့ရတဲ့အခါ အကျင့်သိက္ခာနဲ့ ပြည့်စုံတဲ့ ရဟန်းသံဃာတော်တွေရဲ့ အသွင်သဏ္ဌာန်ကို ကြည့်ပြီး ကြည်ညိုမှုတွေ ပွားများလာရတယ်။ ကြည်နူးချမ်းမြေ့မှု ဖြစ်လာရတယ်။ မိမိရဲ့ သန္တာန်မှာလဲ ထိုပုဂ္ဂိုလ်တွေလို ကိလေသာ ငြိမ်းချမ်းပြီး စိတ်ရှင်လန်းချမ်းမြေ့တဲ့ မင်္ဂလာကို ရရှိလာစေနိုင်ပါတယ်။

ထို့ထက်ပိုပြီး ရဟန်းသံဃာတွေရဲ့ ဝိနည်းတရား၊ ကမ္မဋ္ဌာန်းတရားတွေကို နာကြားရမယ်ဆိုယင် ပိုမိုစိတ်ရှင်လန်း အေးချမ်းစေနိုင်ပါတယ်။

ဒါကြောင့် မိမိတို့ရဲ့စိတ်ထဲမှာ စိတ်ညစ် စိတ်ဆိုးတွေ ဝင်သာမယ်။ စိတ်မကြည်လင်ပဲ ထုံထိုင်း မှုံမှိုင်း နေမယ်ဆိုယင် ရဟန်းသံဃာတော်တွေကို သွားရောက် ဖူးမြော်ကြည်ညိုကြပါ။ ခံစားနေရတဲ့ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန-စတဲ့ စိတ်ညစ်စိတ်ဆိုးတွေ လျော့ပါးပြီး ကြည်လင်ချမ်းမြေ့ လာပါလိမ့်မယ်။ သောကကင်းဝေး၍ ငြိမ်းအေးမှုကို ရပါလိမ့်မယ် ဆိုတာ မှာကြားပါရစေ။

## သာမဏေဝတ္ထု

အသောကမင်းတရားကြီးဟာ ဗုဒ္ဓဘာသာဝင် မဖြစ်မီက ရှစ်သောင်းသော အာဇီဝကတက္ကတွန်းတွေကို ကိုးကွယ်ဆည်းကပ်နေတယ်။

တနေ့တော့ နန်းတော်ထက်က လေသာပြတင်းကို ဖွင့်ကြည့်တဲ့အခါ နန်းရင်ပြင်မှာ ရှေ့သို့တက်ခြင်း၊ နောက်သို့ဆုတ်ခြင်း၊ တူရူကြည့်ခြင်း၊ တစောင်းကြည့်ခြင်းတို့၌ ညင်သာသိမ်မွေ့ပြီး ငြိမ်သက်တဲ့ ဣန္ဒြေနဲ့ ဖြတ်သန်း ကြွတော်မူနေတဲ့ နိဂြောဓ သာမဏေကို တွေ့တယ်။

အဲဒီအခါမှာ မင်းတရားကြီးက ‘‘အခု ကြွသွားတော်မူတဲ့ သာမဏေငယ်ဟာ ညင်သာသိမ်မွေ့ပြီး ဣန္ဒြေလဲရှိတယ်။ ငါ ကိုးကွယ်တဲ့ အာဇီဝက ဆရာများနဲ့တော့ တခြားစီပဲ။ ဒီ သာမဏေငယ်ရဲ့ သန္တာန်မှာ မှန်ကန်တဲ့တရားများရှိတန်ရဲ့’’...လို့ တွေးတောမိပြီး နိဂြောဓသာမဏေငယ်ကို ပင့်စေတယ်။



နန်းရင်ပြင်ရှေ့တွင် ညင်သာသိမ်မွေ့သော ဣန္ဒြေဖြင့် ဖြတ်သန်းကြွသွားသော
နိဂြောဓ သာမဏေအား အသောကမင်းတရားကြီးက လေသာပြတင်းမှ
လှမ်းမျှော်ကြည့်ရှုနေပုံ

နန်းတော်ရောက်တဲ့အခါ မင်းကြီးက "ချမ်းသာ ထိုက်တန်ရာတွင် နေတော်မူပါဘုရား"လို့ ဆိုတော့ နိဂြောဓသာမဏေဟာ ဟိုဟိုဒီဒီ လှည့်ပတ်ကြည့်ရှုပြီး မိမိထက် ရိုသေထိုက်သော ရဟန်းများကို မတွေ့တော့မှ ရာဇပလ္လင်ပေါ် တက်ပြီး သီတင်းသုံးတယ်။

ထို့နောက် မင်းကြီးက လျှောက်တာနဲ့ "ငါဟာ ဗုဒ္ဓဘုရားရှင်ရဲ့ အဆုံးအမကို ခံယူတဲ့ တပည့်သား ဖြစ်တယ်..."လို့ ပြောဆိုပြီး တရားစကား အနည်းငယ် ဟောကြားတော်မူတယ်။

အသောကမင်းကြီးဟာ နိဂြောဓသာမဏေကို ဖူးမြင်ရခြင်းတည်းဟူသော "သမဏာနဉ္စ ဒဿန မင်္ဂလာ" နဲ့ ညီညွတ်တာကြောင့် နောင်တွင် ထင်ရှားကျော်ကြားတဲ့ သာသနာ့ဒါယကာမင်းတပါး ဖြစ်လာခဲ့တဲ့အပြင်၊ လောကမှာရော တမလွန်မှာပါ များစွာ အကျိုးစီးပွား ဖြစ်ထွန်းခဲ့ပါတယ်။

ဒါကြောင့် ရဟန်းသံဃာတော်တွေကို တွေ့ဖူးမြင်ရခြင်းဟာ အလွန်အရေးကြီးတဲ့၊ မိမိဘဝ လမ်းကြောင်းကို အဆိုးမှ အကောင်း၊ အမှားက အမှန်သို့ ပြောင်းလဲပေးနိုင်တဲ့ အချက်တရပ် ဖြစ်တယ်ဆိုတာ သိထားဖို့ အထူးလိုအပ်ပါတယ်။

## (၃၀) သင့်တင့်သောအခါ တရားဆွေးနွေး မေးမြန်းရခြင်း

## (ကာလေန ဓမ္မသာကစ္ဆာ)

အခွင့်အခါသင့်တဲ့ အချိန်မှာ ရဟန်းသံဃာတော်တွေကို သဒ္ဓါကြည်နူးစွာ ဖူးမြော်ရတာဟာ စိတ်ကြည်နူးရွှင်လန်း

ပြီး အေးချမ်းသာယာမှု ရရှိစေနိုင်တဲ့ မင်္ဂလာနဲ့ ပြည့်စုံတယ် ဆိုတာ ပြောပြပြီးပါပြီ။ ဒါ့ထက်တိုးပြီး ရဟန်းသံဃာတော်တွေကို ဖူးမြော်ရုံသာမက မိမိတို့ မသိသေးတဲ့ တရားဒေသနာတွေကို နာကြားခြင်း၊ ဆွေးနွေးမေးမြန်းခြင်းများလဲ ပြုလုပ်သင့်ပါတယ်။

ဒီလို တရားဆွေးနွေးခြင်းအားဖြင့် မိမိ မသိသေးတာတွေ သိလာမယ်။ သိပြီးသားတွေ ပိုမိုသဘောပေါက်လာမယ်။ ပိုမို မှတ်သားမိလာမယ်။ အဲဒီလိုသိတဲ့၊ သဘောပေါက်တဲ့ တရားတွေကို လက်တွေ့ကျင့်သုံး လိုက်နာမယ် ဆိုယင် လူတော် လူကောင်းတယောက် မလွဲကေန် ဖြစ်လာပါလိမ့်မယ်။

ဒါကြောင့် ရဟန်းသံဃာတော်တွေကို အခါအခွင့်သင့်တိုင်း ဖူးမြော်ပါ၊ တရားနာပါ၊ တရားဆွေးနွေးမေးမြန်းပါ။ ဒီလို တရားနာခြင်း၊ ဆွေးနွေးမေးမြန်းခြင်းအားဖြင့် တွေ့သိလာတဲ့ အချက်တွေကို လက်တွေ့လိုက်နာ ကျင့်သုံးကြပါလို့ မှာကြား လိုပါတယ်။

## သာကေဝတ္ထု

အဇာတသတ်မင်းဟာ ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို လုပ်ကြံမိတဲ့အချိန်က စပြီး မစားနိုင်၊ မသောက်နိုင်၊ မအိပ်နိုင်နဲ့ စိတ်တွေ ဂယောင်ချောက်ချား ဖြစ်နေတယ်။ သောကပရိဒေဝ မီးတွေ တောက်လောင်နေတယ်။

ဒါကြောင့် စိတ်ရဲ့ငြိမ်းချမ်းမှုရအောင် မဟာလိင်္ဂေါ်သာလ၊ ပူရာဏကဿပ အစရှိတဲ့ တိတ္ထိတက္ကတွန်း ဆရာကြီးတွေဆီကို သွားရောက်ဖူးမြော်ပြီး ပြဿနာတွေ မေးမြန်းတယ်။

ဒါပေမဲ့ သူသိလိုတဲ့အချက်နဲ့ တိတ္ထိဆရာကြီးတွေ ဖြေတာဟာ တလွဲစီတွေ ဖြစ်နေတော့ သိပ်စိတ်ပျက်သွားဘာပေါ့။ သူခံစားနေရတဲ့ အပူမီးကလဲ လျော့ပါးမသွားဘူး။

နောက်ဆုံးမှာတော့ ဆရာဇီဝကကို မေတ္တာရပ်ခံတာနဲ့ သူ့ဆရာဖြစ်တဲ့ မြတ်စွာဘုရားထံမှောက်ကို ခေါ်သွားခဲ့တယ်။ အဇာတသတ်မင်းဟာ တန်ဆောင်မုန်းလပြည့် ညချမ်းအချိန်မှာ စစ်သည်ဗိုလ်ပါ အပေါင်းနဲ့တကွ မြတ်စွာဘုရား သီတင်းသုံးတော်မူရာ ဆရာဇီဝကရဲ့ ဥယျာဉ်ကို ကြွချီခဲ့တယ်။

မြတ်စွာဘုရားထံ သွားရောက်ဖူးမြော်တဲ့ အခါ ရဟန်းပြုရခြင်းရဲ့ လက်တွေ့ခံစားရတဲ့ အကျိုးကျေးဇူးတွေ ရှိပါသလား။ အဲဒါတွေဟာ ဘာတွေပါလဲဘုရားလို့ မေးမြန်းလျှောက်ထားတယ်။ ဒီအခါ မြတ်စွာဘုရား သခင်က ရဟန်းပြုရခြင်းရဲ့ မျက်မှောက်အကျိုးကျေးဇူး "သာမညဖလသုတ်" ကို ဟောကြားတော်မူခဲ့ပါတယ်။

မြတ်စွာဘုရားကို ဖူးမြင်ရပြီး တရားဆွေးနွေး မေးမြန်းရတဲ့အတွက် အဇာတသတ်မင်းဟာ သောတာပန် တည်နိုင်ပေမယ့် အဖကိုသတ်တဲ့ အနန္တရိယကံထိုက်ခြင်း ခံရတဲ့အတွက် ရဘနာ သုံးပါးကို ဆည်းကပ်တဲ့ ဥပသကာတဦးသာ ဖြစ်သွားတယ်။ သူခံစားနေရတဲ့ သောကပရိဒေဝမီးတွေဟာလဲ ငြိမ်းသွားပြီး စိတ်အေးချမ်းမှု၊ စိတ်တည်ငြိမ်မှုကိုလဲ ရရှိသွားပါတယ်။



အဇာတသတ်မင်းသည် စစ်သည်ဗိုလ်ပါအပေါင်းခြံရံကာ
မြတ်စွာဘုရားသီတင်းသုံးရာအရပ်သို့ ကြွချီတော်မူပုံ

ဒါကြောင့် ရဟန်းသံဃာတော်တွေကို ဖူးတွေ့ပြီး တရားဒေသနာတွေ ဆွေးနွေးမေးမြန်းမယ်ဆိုယင် လောက်ရှိအခြေအနေထက် လောကီ လောကုတ္တရာ နှစ်ဘက်လုံးမှာ ပိုမို အဆင့်မြင့်တက်လာမှာမို့ ယုံယုံကြည်ကြည်နဲ့ လိုက်နာကျင့်သုံးကြစေလိုပါတယ်။

## အဋ္ဌမဒေသနာတော် မင်္ဂလာ (၄) ပါး၏ နိဂုံးချုပ်မှတ်ဖွယ်

သိမ်မွေ့ရည်မွန်၊ လူရည်ချွန် ဖြစ်လိုလျှင်
အရာရာတွင် သည်းခံစိတ်ထား၍၊
လူကြီးမိဘတို့၏ ဆုံးမစကားကို နာယူပြီးလျှင်၊
ရဟန်းသံဃာတော်များအား ဖူးမြော်ကန်တော့၊
ဆွေးနွေး မေးမြန်းခြင်းများ ပြုပါလေ။

# နဝမ ဒေသနာတော်

# မင်္ဂလာ (၄) ပါး

## ပါဠိတော်

တပေါ စ ဗြဟ္မစရိယဉ္စ၊ အရိယသစ္စာန ဒဿနံ။
နိဗ္ဗာနသစ္ဆိကိရိယာ စ၊ ဧတံ မင်္ဂလ မုတ္တမံ။

## အနက်

ဒေဝပုတ္တ၊ နတ်သား။ တပေါ စ၊ ခြိုးခြံစွာ ကျင့်ရခြင်း သည်လည်းကောင်း။ ဗြဟ္မစရိယဉ္စ၊ မြတ်သောအကျင့်ကို ကျင့်ရ ခြင်းသည်လည်းကောင်း။ အရိယသစ္စာနံ၊ အရိယသစ္စာတို့ကို ဒဿနဉ္စ၊ သိမြင်ရခြင်းသည်လည်းကောင်း။နိဗ္ဗာနသစ္ဆိကိရိယာစ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း သည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤလေးပါး သည်လျှင်။ ဥတ္တမံ၊ မြတ်သော။ မင်္ဂလံ၊ မင်္ဂလာမည်ဟူ၍။ တွံ၊သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

## အစိပ္ပါယ်

(၃၁) ခြိုးခြံစွာ ကျင့်ရခြင်း၊
(၃၂) မြတ်သောအကျင့်ကို ကျင့်ရခြင်း၊
(၃၃) အရိယသစ္စာတို့ကို သိမြင်ရခြင်း၊
(၃၄) အရဟတ္တဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း၊

## မင်္ဂလာကဗျာ

လောကီအာရုံ ဇိမ်ယစ်မူးလို့၊
အပျော်မကြူးနဲ့ ခြိုးခြံလေ။
မေတ္တာဗြဟ္မစိုရ် လက်ကိုင်သုံးလို့၊
သူမြတ်ကျင့်ထုံး ယှဉ်းမသွေ။
လေးပါးသစ္စာ ဉာဏ်မြင်ကြည့်လို့၊
မှန်သိအောင် ကြိုးစားလေ။
ဒုက္ခလူတ်ကင်း....နိဗ္ဗာန်ချဉ်း....
အလင်း ပေါက်နိုင်စေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့ မင်္ဂလာတွေ။

## (၃၁) ခြိုးခြံစွာ ကျင့်ရခြင်း

## ( တပေါ စ )

မြတ်စွာဘုရားရှင်က "ခြိုးခြံစွာ ကျင့်ရခြင်းဟာ မင်္ဂလာတပါးပဲ"လို့ ဟောတော်မူပါတယ်။ မှန်ပါတယ်။ ခြိုးခြံစွာကျင့်ရတာဟာ လောကီမှာရော လောကုတ္တရာမှာပါ များစွာအကျိုးရှိတဲ့ အလုပ်ဖြစ်ပါတယ်။

လောကီဘက်မှာ အပျော် အပါး၊ လောင်းကစား၊ အသောက်အစားတွေ လုပ်နေမယ်ဆိုယင် ဘယ်လောက်ပဲရှာရှာ၊ ပြသမှုငွေကြေးဟာ အမြဲဘမ်း မလုံမလောက် ဖြစ်နေမှာပဲ။ ကြွေးတင်ကျွန်ဖြစ်ဆိုသလို လောကအလယ်မှာ လူလုံးမလှ ဖြစ်ကြရပါလိမ့်မယ်။ ဒါကြောင့် အသုံးနဲ့ အဖြုန်းကို ဝေဖန်ပိုင်းခြားပြီး ခြိုးခြံချွေတာတဲ့ အကျင့်ကို ကျင့်သင့်ပါ

တယ်။ ဒီလိုကျင့်မှလဲ လောကအလယ်မှာ ပျော်ပျော်ပါးပါး မော်မော်ကြွားကြွား နေနိုင်ပါလိမ့်မယ်။

နိုင်ငံတော် အစိုးရကလဲ ချွေတာစုဆောင်းရေး ဘဏ်တွေ၊ ငွေစုလက်မှတ်တွေထုတ်ပြီး လူတိုင်း ခြိုးခြံချွေတာတဲ့ အကျင့် ရလာအောင် စီစဉ် ဆောင်ရွက် ပေးနေပါတယ်။ ဒီတော့ ရသမျှ ဝင်ငွေလေးနဲ့ မျှတအောင် နေထိုင်စားသောက်တတ်ဖို့ အထူးလိုအပ်ပါတယ်။

ဒီအချက်ဟာ လူငယ်တွေ အတွက် အထူး အရေးကြီးပါ တယ်။ ခြိုးခြံတဲ့ အကျင့်ကို အလေ့အကျင့် ကရပ်လုပ်ပြီး ကျင့်ယူ ရပါတယ်။ အချိန်ကြာလာတာနဲ့ အမျှ လေ့ကျင့်မှု အသားကျ လာပြီး စိစိစစ်စစ်နဲ့ ချင့်ချင့်ချိန်ချိန် သုံးစွဲတတ် လာပါလိမ့် မယ်။ အဲဒီအတိုင်း စနစ်တကျ ခြိုးခြံချွေတာ သုံးစွဲသွားမယ် ဆိုယင် မကြာခင် တိုးတက်ကြီးပွားမှာ သေချာပါတယ်။

လောကုတ္တရာဘက်က ကြည့်မယ်ဆိုယင်လဲ ခြိုးခြံတဲ့ အလုပ် ဟာ အရေးအကြီးဆုံးပါ။ အဝတ်မှာ ခြိုးခြံရမယ်၊ အစားမှာ ခြိုးခြံရမယ်၊ နေထိုင်သွားလာတဲ့ နေရာမှာ ခြိုးခြံရမယ်။ နောက် ဆုံး အဲဒါတွေ နိုင်နင်းသွားပြီဆိုတော့ မိမိခန္ဓာကိုယ်မှာ ရှိတဲ့ ဣန္ဒြေခြောက်ပါးကို ခြိုးခြံတဲ့အကျင့် ကျင့်ရမယ်။

အဲဒီ ဣန္ဒြေခြောက်ပါးကို စောင့်စည်းနိုင်သာယင် မျက်စိ ကလဲ စည်းမရှိ ကမ်းမရှိမကြည့်တော့ဘူး၊ နားကလဲ ကြွေကရာ နားမထောင်တော့ဘူး၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်တွေ ကလဲ ဒီနည်းအတိုင်းပဲ၊ အသီးသီး စောင့်စည်းလာတယ်။ ဣန္ဒြေ

တွေဟာ တည်ငြိမ်လာတယ်။ ဒီပုဂ္ဂိုလ်ရဲ့ ပြင်ပ (ဗဟိဒ္ဓ)သဏ္ဍာန်မှာ သိမ်မွေ့နူးညံ့လာသလို၊ အတွင်းစိတ် (အဇ္ဈတ္တ) သန္တာန်မှာလဲ ငြိမ်းအေးချမ်းမြေ့မှု ရလာတယ်။ တဖြည်းဖြည်းနဲ့ ဣန္ဒြေခြောက်ပါးကို လုံးဝ ထိန်းချုပ်နိုင်ပြီဆိုယင် အရိယာပုဂ္ဂိုလ်အဆင့်ထိ ရောက်ရှိသွားနိုင်ပါတယ်။ နောက်ဆုံး ရဟန္တာအထိ ဖြစ်နိုင်တယ်။

ဒါကြောင့် ခြိုးခြံစွာ ကျင့်ရခြင်းဆိုတဲ့"တပေါ စ မင်္ဂလာ" ဟာ လူတိုင်းအတွက် အရေးကြီးတယ်။ လူ့လောကအလယ်မှာ အိမ်ထောင်သားမွေး ပြုသူများ အတွက်ရော၊ လူ့ဘောင်ကို ငြီးငွေ့လို့ တောရပ်ကို မှီးကြတဲ့ တရားရှင်များအတွက်ပါ အရေးကြီးပါတယ်။ မျက်မှောက်လောက ကြီးပွားချမ်းသာရေးနဲ့ တမလွန်လောက ကြီးပွားချမ်းသာရေးအတွက်ပါ အရေးကြီးတယ်ဆိုတာ သိထားသင့်ပါတယ်။

## ဣန္ဒြေခြောက်ပါး

(က) စက္ခုန္ဒြေ = မျက်စိကို ထိန်းသိမ်းစောင့်စည်းခြင်း

(ခ) သောတိန္ဒြေ= နားကို ထိန်းသိမ်းစောင့်စည်းခြင်း

(ဂ) ဃာနိန္ဒြေ = နှာခေါင်းကို ထိန်း သိမ်း စောင့်စည်းခြင်း

(ဃ) ဇိဝှိန္ဒြေ = လျှာကို ထိန်းသိမ်းစောင့်စည်းခြင်း

(င) ကာယိန္ဒြေ = ကိုယ်ကို ထိန်းသိမ်းစောင့်စည်းခြင်း

(စ) မနိန္ဒြေ = စိတ်ကို ထိန်းသိမ်းစောင့်စည်းခြင်း။

## သာဓကဝတ္ထု

ဗာရာဏသီပြည်မှာ ဂန္ဓအမည်ရှိတဲ့ သဌေးတယောက်ဟာ (၇)ရက်တကြိမ် ထမင်းစားပွဲသဘင်ကြီး ပြုလုပ်ပြီး ပြည်သူပြည်သားတွေကို ကြည့်စေတယ်။ သူ့ထမင်းစားပွဲကြီးက မြို့လယ်မှာ ခမ်းခမ်းနားနား မွမ်းမံပြင်ဆင်ပြီး ရွှေအုပ်၊ ရွှေခွက်၊ ရွှေဖလားတွေနဲ့ အလွန်အရသာရှိတဲ့ ခဲဖွယ်ဟင်းလျာတွေကို စီမံထားတယ်။ ထမင်း စတင်စားတဲ့ အချိန်ကနေ ပြီးတဲ့အချိန်အထိ အတီးအမှုတ်၊ အဆိုအကတွေနဲ့ ဖျော်ဖြေနေတယ်။

တနေ့တော့ တောတွင်းသားတယောက်က ထမင်းစားပွဲသဘင်ကို လာကြည့်ပြီး ရသတဏှာ တပ်မက်လေတော့ မစားရမနေနိုင်အောင် ဖြစ်လာတယ်။ ဒါကြောင့် သဌေးကို ပြောတော့ သူ့အိမ်မှာ သုံးနှစ်ကျွန်ခံယင် ထမင်းတနပ်ကျွေးမယ်လို့ ပြောတယ်။ တောတွင်းသားဟာ ထမင်းတပွဲစားရဖို့အရေး သဌေးကြီးအိမ်မှာ သုံးနှစ်တိုင်တိုင် ဆင်းဆင်းရဲရဲ ကျွန်ခံပြီး မညည်းမညူ အလုပ် လုပ်တယ်။

သုံးနှစ်ပြည့်လို့ တောတွင်းသားဟာ ကျွန်ခံလို့ရတဲ့ လုပ်အားနဲ့ တသိန်းတန် ထမင်းစားတော့မယ်ဆိုတာ ကြေငြာလိုက်တော့ မြို့သူမြို့သားတွေဟာ ထမင်းဖိုး ကျွန်ခံပြီးပေးတဲ့ တောတွင်းသား ဘယ်လိုစားမလဲဆိုတာ သိချင်ကြလို့ သူ့ထက်ငါ အလုအယက် တိုးဝှေ့ကြည့်ရှုကြတာပေါ့။

ဒီအချိန်မှာ သုမနအမည်ရှိတဲ့ ပစ္စေကဗုဒ္ဓါတပါးဟာ သမာပတ် ဝင်စားရာက ထလာတော့ ဘယ်သူ့ကို ချီးမြှောက်ရပါ့

မလဲလို့ ကြည့်လိုက်တဲ့အခါ တသိန်းတန်ထမင်းစားမယ့် တောတွင်းသားကို မြင်တယ်။ ဒါကြောင့် စားပွဲသဘင်ကို ကြွလာပြီး တောတွင်းသားရဲ့ ရှေ့မှာ အလျှုရပ်တယ်။ တောတွင်းသားက ငါဟာ ရှေးဘဝက ဒါနကုသိုလ်နည်းခဲ့လို့ အခုဘဝမှာ ဆင်းရဲပင်ပန်းစွာ အသက်မွေးနေရတာပဲ။ အခု ငါစားတော့မယ့် တသိန်းတန် စားပွဲကြီးဟာ ဆင်းဆင်းရဲရဲ သုံးနှစ်ကျွန်ခံပြီး ရထားတာ ဖြစ်တယ်။ ဒါကို စားလိုက်မယ်ဆိုယင် တထိုင်ထဲနဲ့ ကုန်သွားမှာပဲ။ ဒီတော့ ရသတဏှာကို ခြိုးခြံပြီး လှူလိုက်တာဟာ ငါ့အတွက် အကျိုးများမှာပဲ-လို့ စဉ်းစားတွေးတောမိပြီး မစားတော့ပဲ ရှင်ပစ္စေကဗုဒ္ဓါကို လှူလိုက်တယ်။

ဒီအခြင်းအရာတွေ အားလုံးကို သဌေးကြီးက မြင်ရတော့ သိပ်ပြီးအံ့သြ တုန်လှုပ်သွားတယ်။ တောတွင်းသားရဲ့ ခြိုးခြံမှုနဲ့ သဒ္ဓါတရားကိုလဲ သိပ်အားကျသွားတယ်။ ဒါကြောင့် ဒီအလှူရဲ့ အဖို့ဘာဂကို သူ့အား အမျှပေးဝေပါဆိုပြီး စည်းစိမ်တဝက်ခွဲပေးကာ သာဓုအနုမောဒနာ ခေါ်လိုက်တယ်။ ဒီအကြောင်းတွေကို ပြဟ္မဒတ်မင်းကြီးကြားတော့ သူကလဲများစွာ ဝမ်းမြောက်ပြီး အလှူအဖို့ကို အမျှခံယူကာ မြို့ရွာကျေးကျွန်တွေကို ထပ်မံပေးသနားလိုက်တယ်။

ဒီသာဓက ဝတ္ထုကို ကြည့်ခြင်းအားဖြင့် စားလိုတဲ့ ရသတဏှာကို ခြိုးခြံစွာ ကျင့်ပြီး လျှာရဲ့ အရသာ (ဇိဝှိန္ဒြေ) ကို ထိန်းသိမ်း စောင့်စည်းလိုက်ရုံမျှနဲ့ တောတွင်းသားဟာ ချက်ချင်း လက်ငင်း သဌေးကြီးဖြစ်သွားတာ တွေ့ရပါလိမ့်မယ်။



တသိန်းတန်ထမင်းစားပွဲသဘင်ကို သုံးနှစ်ကျွန်ခံ၍ စားမည့်
တောတွင်းသားထံမှောက်သို့ သုမနရှင်ပစ္စေကဗုဒ္ဓါ ကြွရောက်အလှူခံတော်မူပုံ

ဒါကြောင့် လောကီ၊ လောကုတ္တရာ နှစ်ဖြာသော တိုးတက်ကြီးပွားချမ်းသာ အစားစားကို ရရှိခံစားရေးအတွက် ခြိုးခြံတဲ့ အကျင့်ကို ကျင့်ကြပါလို့ တိုက်တွန်း အပ်ပါတယ်။ ဒီလို ခြိုးခြံလို့ အနည်းဆုံး အိမ်တိုင်းမှာ မီးဖိုချောင် လုံသွားပြီဆိုယင် စိတ်ချမ်းသာမှု ကောင်းစွာရရှိပြီး သီရိဂေဟာ ဖြစ်မှာသေချာပါတယ်။ မီးဖိုချောင် မနိုင်သေးသရွေ့တော့ တလုံးလုံးတလယ်လယ်နဲ့ ဒုက္ခတွေ့ကြုံ ယ်နေကြရဦးမှာ သေချာပါတယ်။

## (၃၂) မြတ်သော အကျင့်ကို ကျင့်ရခြင်း
## ( ဗြဟ္မစရိယဥ္စ )

ဗြဟ္မစရိယ - မြတ်သော အကျင့် ဆိုတာ ဗြဟ္မာမင်းကဲ့သို့ လူ့ဘောင်မှာ အိမ်ရာ တည်ထောင် အသက်မွေးမှု မပြုခြင်း၊ ကာမဂုဏ်အာရုံနဲ့ မစပ်အင်တဲ့ ရသေ့ရဟန်း သူတော်မြတ်တို့လို ကျင့်ခြင်း။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မစိုရ် တရားလေးပါးကို ကျင့်ခြင်းတို့ဟာ ဗြဟ္မစရိယ - မြတ်သော အကျင့်ပင် ဖြစ်တယ်။

### ဗြဟ္မစိုရ်တရားလေးပါး

(က) မေတ္တာ — သတ္တဝါများအား ချစ်ခင်ခြင်း

(ခ) ကရုဏာ — ဆင်းရဲသော သတ္တဝါများအား သနားခြင်း

(ဂ) မုဒိတာ — ချမ်းသာသော သတ္တဝါများအား ဝမ်းမြောက်ခြင်း

(ဃ) ဥပေက္ခာ — သတ္တဝါများအား မမုန်း မချစ် လျစ်လျူရှုခြင်း

"မေတ္တာ" ဆိုတာကတော့ "သတ္တဝါအများဘေးရန်ကင်းကြပါစေ၊ စိုးရိမ်ခြင်း ကင်းကြပါစေ၊ မိမိကိုယ်ကို ချမ်းသာအောင် ရွက်ဆောင်နိုင်ပါစေ" စသည်ဖြင့် အယုတ် အလတ် အမြတ်မရွေးပဲ ၃၁-ဘုံမှာ ကျင်လည်ကြတဲ့ ဝေနေယျသုခိတ၊ ဒုက္ခိတ သတ္တဝါတွေ အားလုံးကို မိမိစိတ်နဲ့ တန်းတူထားပြီး မေတ္တာပို့ရမှာ ဖြစ်ပါတယ်။ အဲဒီမေတ္တာပြဟ္မစိုရ်တရား ပွားများခြင်းအားဖြင့် မေတ္တာအကျိုး (၁၁) မျိုးကို ရရှိခံစားကြရမှာ ဖြစ်ပါတယ်။

### မေတ္တာအကျိုး (၁၁) မျိုး

(၁) ချမ်းသာစွာအိပ်ရခြင်း

(၂) ချမ်းသာစွာနိုးရခြင်း

(၃) အိပ်မက်ဆိုးများ မမြင်မက်ခြင်း

(၄) လူအများချစ်ခင်ခြင်း

(၅) နတ်အများ ချစ်ခင်ခြင်း

(၆) နတ်အများ စောင့်ရှောက်ခြင်း

(၇) မီးလောင်ကျွမ်းမှု၊ အဆိပ်တက်မှု၊ လက်နက်ဖြင့် ထိခိုက်မှု မရှိခြင်း

(၈) မျက်နှာကြည်လင်ခြင်း

(၉) စိတ်ဘည်ကြည်ခြင်း

(၁၀) မတွေမဝေ သေရခြင်း

(၁၁) သေပြီးနောက် ဗြဟ္မာ့ပြည်သို့ လားရခြင်း

## သာဓကဝတ္ထု

ရာဇဂြိုဟ်ပြည်၊ ကပိလပုဏ္ဏားမှာ “ပိပ္ပလိ” ဆိုတဲ့ သားတယောက်ရှိတယ်။ သာဂလမြို့မှာလည်း ကောလိယနွယ် ဘဒ္ဒါကာပိလာနီ မည်တဲ့ အပျိုစင်တဦးရှိတယ်။ နှစ်ဘက် မိဘတို့ သဘောတူညီချက်အရ သူတို့နှစ်ဦးကို ထိမ်းမြားလက်ထပ်ပေးလိုက်တယ်။

ဒါပေမဲ့ သူတို့နှစ်ဦးလုံးဟာ အဗြဟ္မစရိယ (ယုတ်ညံ့သောအကျင့်)ကို စက်ဆုတ်ကြတဲ့အတွက် ကုဘင်တခုထဲမှာ ပန်းကုံးနှစ်ခုခြား၍ အိပ်ကြပြီး မောင်နှမလိုပဲ နေခဲ့ကြတယ်။

မိဘတွေ ကွယ်လွန်တဲ့အခါ ဘုရားရှင်ထံ ရဟန်းပြုရန်အတွက် တလမ်းစီခွဲပြီး ထွက်ခဲ့ကြတယ်။ သူတို့နှစ်ဦးဟာ မေထုန်မှုမှ ရှောင်ကြဉ်ခြင်းတည်းဟူသော ဗြဟ္မစရိယ (မြတ်သောအကျင့်)ကို ကျင့်သူများ ဖြစ်ကြတဲ့အတွက် မြတ်စွာဘုရားထံမှောက် ရောက်တဲ့အခါ၊ မကြာမီမှာပဲ ရဟန္တာ အဖြစ်ကို ရောက်သွားကြတယ်။



ပိပ္ပလိလုင်နှင့် ဘဒ္ဒါကာပိလာနီအပျိုစင်တို့
တကုတင်ထဲတွင် ပန်းကုံးနှစ်ခုခြား၍ အိပ်စက်ကြပုံ

# (၃၃) အရိယသစ္စာကို သိမြင်ရခြင်း
## (အရိယသစ္စာန ဒဿနံ)

ဒီ မင်္ဂလာကစပြီး နောက်ပိုင်း မင်္ဂလာတွေဟာ အရိယာပုဂ္ဂိုလ်တွေနဲ့ သက်ဆိုင်တဲ့၊ ဝိပဿနာအလုပ်တရားကို ပွားများအားထုတ်နေကြတဲ့ ကျင့်ဆဲ ပုဂ္ဂိုလ်တွေနဲ့ သက်ဆိုင်တဲ့ မင်္ဂလာတွေက များပါတယ်။ လူငယ် လူရွယ်တွေ ကျင့်ကြံနိုင်တဲ့ အဆင့်ကို မရောက်သေးပါဘူး။ သိသင့် သိထိုက်သလောက်ကို သာ အကျဉ်းချုံးပြီး သ ဘော လောက် ပဲ တင်ပြ ပါမယ်။ အသေးစိတ် သိချင်၊ လေ့လာချင်တယ်ဆိုယင်တော့ စာရေးသူ ထက် အသိတရားမှာရော၊ အကျင့်တရားမှာပါ တတ်သိလိမ္မာ ကျွမ်းကျင်တဲ့ ဆရာတော်ကြီးတွေ၊ ပုဂ္ဂိုလ်ကြီးတွေ ရေးသား ထုတ်ဝေထားတဲ့ စာအုပ်စာတမ်းတွေ အများအပြား ရှိပါတယ်။ အဲဒီ စာအုပ်စာတမ်းတွေမှာ လေ့လာနိုင်ပါတယ်။ ဒါမှမဟုတ်ယင်လဲ ဝိပဿနာတရား ပွားများအားထုတ်နေကြတဲ့ ကမ္မဋ္ဌာန်းရိပ်သာတွေမှာ သွားရောက်ပြီး လက်တွေ့ကျင့်ကြံ အားထုတ်နိုင်ပါတယ်ဆိုတာ အကြံပြုလိုက်ပါတယ်။

မြတ်စွာဘုရား ဟောကြားတော်မူခဲ့တဲ့ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင်ရှိတဲ့ အထဲမှာ အဓိကသော့ချက်ကတော့ သစ္စာလေးပါးကို သိမြင်ဖို့ပါပဲ။ သစ္စာလေးပါးကို သိတဲ့ ပုဂ္ဂိုလ်ဟာ အရိယာဖြစ်မယ်။ အရိယာဆိုတာကတော့ အပါယ် လေးဘုံကို ပြန်မလည်တဲ့ အနိမ့်ဆုံး သောတာပန်အဆင့်ကစပြီး ရဟန္တာဖြစ်တဲ့အထိ ပုဂ္ဂိုလ်တွေကို ခေါ်တာပါပဲ။

## သစ္စာလေးပါး

(က) ဒုက္ခသစ္စာ = ဆင်းရဲခြင်း တရားအမှန်

(ခ) သမုဒယသစ္စာ = ဆင်းရဲခြင်း အကြောင်းဖြစ်သော နှစ်သက်စွဲလမ်း တွယ်တာမှု အမှန်

(ဂ) နိရောဓသစ္စာ = ဆင်းရဲတွယ်တာမှုမှ ကင်းပြတ် ချုပ်ငြိမ်းရာ နိဗ္ဗာန်

(ဃ) မဂ္ဂသစ္စာ = နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော မဂ္ဂင်ရှစ်ပါးတရားအမှန်။

## မဂ္ဂင်ရှစ်ပါး

၁။ သမ္မာဒိဋ္ဌိ = မှန်ကန်သော အယူအမြင်ရှိခြင်း
၂။ သမ္မာသင်္ကပ္ပ = မှန်ကန်သောအကြံအစည်ကြံခြင်း
၃။ သမ္မာဝါစာ = မှန်ကန်သော စကားပြောဆိုခြင်း
၄။ သမ္မာကမ္မန္တ = မှန်ကန်သော လုပ်ငန်း လုပ်ခြင်း
၅။ သမ္မာအာဇီဝ = မှန်ကန်သော အသက်မွေးမှုပြုခြင်း
၆။ သမ္မာဝါယာမ = မှန်ကန်သော လုံ့လစိုက်ထုတ်ခြင်း
၇။ သမ္မာသတိ = မှန်ကန်သော မမေ့လျော့မှု သတိရှိခြင်း
၈။ သမ္မာသမာဓိ = မှန်ကန်သော တည်ကြည်မှုရှိခြင်း

ဒုက္ခသစ္စာကိုသိ၍ သမုဒယသစ္စာကိုပယ်ပြီး အထက်ပါ မဂ္ဂင်

ရှင်ပါး အကျင့်တရားမြတ်ဖြင့် ကျင့်ကြံပွားများ အားထုတ်ပါက နိရောဓသစ္စာသို့ ဆိုက်ရောက်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး အရိယာပုဂ္ဂိုလ်ဖြစ်လာပါလိမ့်မယ်။

အဲဒီလို အရိယာတို့ သိအပ်တဲ့တရား၊ အရိယာဖြစ်အောင် ပြုတတ်တဲ့ တရားမို့ အရိယသစ္စာလို့ ဆိုပါတယ်။ အဲဒီ အရိယသစ္စာတရား ၄-ပါးကတော့—

(က) ဒုက္ခအရိယသစ္စာ

(ခ) သမုဒယ အရိယသစ္စာ

(ဂ) နိရောဓ အရိယသစ္စာ

(ဃ) မဂ္ဂအရိယသစ္စာ—

တို့ ဖြစ်ကြပါတယ်။

## သစ္စာလေးချက် တပြိုင်နက်

ဗုဒ္ဓက သစ္စာလေးပါးကို တပါးစီ တပါးစီ ခွဲခြားဟော ကြားထားပေမယ့် တကယ်တမ်း ရှုမှတ်ပွားများ အားထုတ်တဲ့ အခါမှာတော့ ဒုက္ခသစ္စာကိုပဲ ပွားများ အားထုတ်ရပါတယ်။ ဒုက္ခသစ္စာကို အနှန်အတိုင်း သိတာနဲ့ တပြိုင်နက် ကျန်သစ္စာ သုံးပါးကိုလဲ အလိုအလျောက်သိပြီး ကျင့်ပြီး ပါဝင်သွားပြီး ဖြစ်ပါတယ်။

ဒုက္ခသစ္စာကို ပိုင်းခြားသိလိုက်တာနဲ့ တပြိုင်နက် သမုဒယ သစ္စာကို ပယ်ခြင်း၊ မဂ္ဂသစ္စာကို ပွားများခြင်း၊ နိရောဓသစ္စာသို့ ဆိုက်ရောက်ခြင်းဆိုတဲ့ ကိစ္စ ၄-ခုလုံး တပြိုင်နက်တဲ ပြီးစီး

သွားတယ်လို့ ဆိုလိုပါတယ်။ ဒါကြောင့် ပညာရှိ သူတော်ကောင်းများက "သစ္စာလေးချက်၊ တပ္ပိုင်နက်၊ မင်္ဂါကိစ္စသာ" လို့ မိန့်ဆိုတော်မူကြပါတယ်။

နည်းနည်းလေး ထပ်ရှင်းပြပါရစေ။ ဆင်းရဲအမှန် ရှင်နာမ် သည် ဒုက္ခသစ္စာမည်၏။ ဆင်းရဲဖြစ်ကြောင်း အမှန်တဏှာသည် သမုဒယ သစ္စာမည်၏။ ဒုက္ခကို ဒုက္ခမှန်းသိတဲ့ဉာဏ်က မဂ္ဂသစ္စာ။ အဲဒီ ဒုက္ခတွေ ငြိမ်းသွားတာက နိရောဓသစ္စာ ဖြစ်ပါတယ်။

ဥပမာအားဖြင့် ဆီမီးထွန်းညှိလိုက်တာနဲ့တပြိုင်နက် အလင်းရောင် ရောက်လာတာရယ်၊ အမှောင် ပျောက်သွားတာရယ်၊ မီးစာမီးလောင်တာရယ်၊ ဆီကို အလိုအလျောက် ကုန်ခန်းသွားစေတာရယ်ဆိုတဲ့ အလုပ် လေးခုလုံးဟာတပြိုင်နက်ဖြစ်လာသလိုပါပဲ။ အလုပ်တခုကို လုပ်ရုံနဲ့ လေးခုလုံး တပြိုင်နက်ထဲ ပြီးစီးတယ်ဆိုတာ ဒီချွန်ပဲ သဘောပေါက်လောက်ပြီလို့ ယူဆပါတယ်။

## (၃၄) နိဗ္ဗာန်ကို မျက်မှောက်ပြုရခြင်း

### ( နိဗ္ဗာနသစ္ဆိကိရိယာ စ )

နိဗ္ဗာန်ကို မျက်မှောက်ပြုတာဟာ မင်္ဂလာတပါးရယ်လို့ မြတ်စွာဘုရား ဟောကြားတော်မူသွားပါတယ်။ နိဗ္ဗာန်ကို မျက်မှောက်ပြုတယ် ဆိုတာ အရိယာပုဂ္ဂိုလ်တွေ ဆိုက်ရောက်နိုင်တဲ့ မင်္ဂလေးပါး၊ ဖိုလ်လေးပါးမှာ ထိပ်ဆုံးနဲ့ နောက်ဆုံး ဖြစ်တဲ့ အရဟတ္တဖိုလ်ကို ဆိုက်ရောက်ခြင်းပါပဲ။

| မဂ်လေးပါး | ဖိုလ်လေးပါး |
|---|---|
| (၁) သောတာပတ္တိမဂ် | (၁) သောတာပတ္တိဖိုလ် |
| (၂) သကဒါဂါမိမဂ် | (၂) သကဒါဂါမိဖိုလ် |
| (၃) အနာဂါမိမဂ် | (၃) အနာဂါမိဖိုလ် |
| (၄) အရဟတ္တမဂ် | (၄) အရဟတ္တဖိုလ် |

နိဗ္ဗာန်ကို မျက်မှောက် ပြုရတယ် ဆိုယင် တဏှာ လောဘ ဒေါသတို့ရဲ့ ချုပ်ငြိမ်းရာ၊ ကိလေသာတို့ရဲ့ ချုပ်ငြိမ်းရာမီး(၁၁) ပါးတို့ ငြိမ်းသတ်ရာ၊ မအိုရာ၊ မသေရာ၊ မနာရာကိုရောက်ခြင်း ပါပဲ။ သံသရာမှလူးလာခေါက်တုံ စုန်ဆန်နေရတဲ့ ခန္ဓာငါးပါး တို့ အကြွင်းအကျန်မရှိတာ ဘဝသစ်တဖန် ပြန်မဖြစ်တော့တာကို ခေါ်တာပါပဲ။

## မီး (၁၁) ပါး

၁။ ရာဂမီး (လောဘ) = အလိုရမ္မက်ကြီးခြင်း
၂။ ဒေါသမီး = ပြစ်မှားပုတ်ခတ်ခြင်း
၃။ မောဟမီး = အမှန်မသိခြင်း
၄။ ဇာတိမီး = ပဋိသန္ဓေနေခြင်း
၅။ ဇရာမီး = အိုခြင်း
၆။ မရဏမီး = သေခြင်း
၇။ သောကမီး = စိုးရိမ်ပူဆွေးခြင်း
၈။ ပရိဒေဝမီး = ငိုကြွေးရှိုက်ငင်ခြင်း

| | | |
|---|---|---|
| ၉။ ဒုက္ခမီး | = | ကိုယ်ဆင်းရဲခြင်း |
| ၁၀။ ဒေါမနဿမီး | = | စိတ်ဆင်းရဲခြင်း |
| ၁၁။ ဥပါယာသမီး | = | ပြင်းပြစွာ စိတ်နှလုံး ပူလောင်ခြင်း။ |

## နိဗ္ဗာန် (၂) မျိုး

| | | |
|---|---|---|
| (က) သဥပါဒိသေသနိဗ္ဗာန် | = | ခန္ဓာငါးပါး အကြွင်းအကျန်ရှိ၍ ကိလေသာငြိမ်းသော နိဗ္ဗာန် |
| (ခ) အနုပါဒိသေသနိဗ္ဗာန် | = | ခန္ဓာငါးပါး အကြွင်းအကျန်မရှိ၍ကိလေသာငြိမ်းသော နိဗ္ဗာန်။ |

ပထမနိဗ္ဗာန်ကို ပစ္စုပ္ပန်ကာလ ယခုဘဝမှာပင် မျက်မှောက်ပြုနိုင်တယ်။ ဒုတိယ နိဗ္ဗာန်ကိုတော့ ယခုဘဝခန္ဓာ ချုပ်ငြိမ်းပြီးတဲ့နောက်မှ မျက်မှောက်ပြုရပါတယ်။ နိဗ္ဗာန်ကို ရောက်တယ်ဆိုတာ ဒီရုပ်, ဒီနာမ်တွေနဲ့ မရောက်နိုင်ပါဘူး။ ဉာဏ်မြင့်သာ ရောက်နိုင်တယ်ဆိုတာ မှတ်သားထားဖို့ လိုပါတယ်။

## နဝမဒေသနာတော် မင်္ဂလာ (၄) ပါး
## နိဂုံးချုပ် မှတ်ဖွယ်

မြတ်သော အကျင့်ကို ခြိုးခြံစွာ ကျင့်၍
အရိယသစ္စာကို သိမြင်သော ပုဂ္ဂိုလ်သည်
နိဗ္ဗာန်ကို မျက်မှောက်ပြုရပေလိမ့်မည်။

# ဒသမ ဒေသနာတော်

# မင်္ဂလာ (၄) ပါး

## ပါဠိတော်

ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလ မုတ္တမံ။

## အနက်

ဒေဝပုတ္တ၊ နတ်သား။ ယဿ၊ အကြင် ရဟန္တာသည်။ လောကဓမ္မေဟိ၊ လောကဓံ တရားရှစ်ပါးတို့နှင့်။ ဖုဋ္ဌဿ၊ တွေ့သည်။ အဿ ဟောတိ၊ ဖြစ်၏။ အဿ၊ ထိုရဟန္တာ၏။ စိတ္တံ၊ စိတ်သည်။ န ကမ္ပတိ၊ မတုန်မလှုပ်။ အသောကံ၊ စိုးရိမ်ခြင်းလည်းမရှိ။ ဝိရဇံ၊ ရန်မက်ဟူသော မြူလည်း ကင်း၏။ ခေမံ၊ ဘေးလည်းမရှိ။ ဧတံ၊ ဤလေးပါး သည့်လျှင်။ ဥတ္တမံ၊ မြတ်သော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ တွံ၊ သင်နတ်သား သည်။ ဂဏှာဟိ၊ မှတ်လေလော့။

## အဓိပ္ပါယ်

(၃၅) လောကဓံရှစ်ပါးနှင့် တွေ့ကြုံငြားသော်လည်း တုန် လှုပ်ကြောက်ရွံ့မှု မရှိခြင်း
(၃၆) စိုးရိမ်ပူဆွေး ကြောင့်ကြမှု မရှိခြင်း
(၃၇) ရမ္မက်ဟူသော မြူကင်းစင်ခြင်း
(၃၈) ဘေးရန် မရှိခြင်း

## မင်္ဂလာ ကဗျာ

ဆင်းရဲချမ်းသာ သဘာဝကို၊
တွေ့ကြုံနေကြ လူတိုင်းပေ။
ကောင်းဆိုးနှင်တန် အစုံတွဲလို၊
တလဲစီလဲ အမြဲနေ။
လောကဓံကြုံ မဖြုံတမ်းပေါ့၊
မတုန်စမ်းနဲ့ စိတ်ခိုင်စေ။
သောကကိုထိန်း ရမှက်သိမ်း၊
အေးငြိမ်းချမ်းသာနေ။
အဲဒါမှ "ဗုဒ္ဓဝါဒ" ကမ္ဘာ့မင်္ဂလာတွေ။ ။

## (၃၅) လောကဓံ ရှစ်ပါးနှင့် တွေ့ကြုံငြားသော်လည်း တုန်လှုပ်ကြောက်ရွံ့မှု မရှိခြင်း

(ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ)

လူရယ်လို့ ဖြစ်လာယင် အကောင်း ၄-မျိုး၊ အဆိုး ၄-မျိုး ပါဝင်တဲ့ လောကဓံတရားရှစ်ပါးနဲ့ ရင်ဆိုင်ကြရမှာ ဓမ္မတာပါပဲ။ ဒီလိုဆို ရင်ဆိုင်ရတဲ့အခါ မတုန်လှုပ်ဖို့ အရေးကြီးပါတယ်။ ဥပမာအားဖြင့် သိပ်ဆင်းရဲလွန်းတဲ့ အခါကျတော့ တုန်လှုပ်ချောက်ချားတတ်လာကြတယ်။ တချို့များ အဆင်းရဲဒဏ်ကို မခံနိုင်လို့ ကိုယ့်ကိုယ်ကို သတ်သေကြတဲ့ သူတွေတောင်ရှိသေးတယ်။ ချမ်းသာလွန်းတော့လဲ တုန်လှုပ်ကြတာပဲ။ ဝမ်းသာလုံးဆို့ပြီး ကိုယ့်စိတ်ကိုယ် မထိန်းနိုင်တော့ဘူး။ ကိုယ့်ဘာဝကိုယ်မေ့ပြီး ဘဝင်မြင့်လာတယ်။ လူလူချင်း မတူဘူး၊ မတန်

ဘူးလို့ ထင်လာတယ်။ တချို့များ ရူးတောင် သွားကြသေးတယ်။

ဘုရား၊ ရဟန္တာအစရှိတဲ့ အရဟတ္တဖိုလ်ကို ဆိုက်ရောက်ပြီးတဲ့ ပုဂ္ဂိုလ်ကြီးများ ကျတော့ လောဘ၊ ဒေါသ၊ မောဟစတဲ့ ကိလေသာမီးတွေကို အကြွင်းမဲ့ ပယ်သတ်ငြိမ်းအေးပြီး ဖြစ်လို့မို့ မတုန်လှုပ်တော့ဘူး။ ပုထုဇဉ်တွေနဲ့ သေက္ခပုဂ္ဂိုလ်ခတွေကတော့ လောဘ၊ ဒေါသ၊ မောဟတရားတွေ မကင်းသေးလို့မို့ တုန်လှုပ်ကြပါတယ်။ သေက္ခပုဂ္ဂိုလ်ဆိုတာက မဂ်ပုဂ္ဂိုလ် ၄-ယောက်နဲ့ ဖိုလ်ပုဂ္ဂိုလ် ၃-ယောက် (အရဟတ္တဖိုလ်မှ အပ) စုစုပေါင်း (၇) ယောက်ကို ခေါ်တာပါပဲ။

အဲဒါကြောင့် ပုထုဇဉ်လူသားတွေ အနေနဲ့ကျတော့ မတုန်လှုပ်ရဘူးလို့ မဆိုလိုပါဘူး။ ဒါပေမဲ့ မိမိတို့ စိတ်ကို သတိ-သမ္ပဇဉ်နဲ့ ဉာဏ်ယှဉ်ပြီး တတ်နိုင်သချှ ကြံ့ကြံ့ခိုင်နိုင်အောင် ကြိုးစားကြရပါတယ်။

**လောကဓံရှစ်ပါး**

၁။ လာဘော =လာဘ်ရခြင်း (ဝမ်းမသာရ)
၂။ အလာဘော =လာဘ်မရခြင်း (ဝမ်းမနည်းရ)
၃။ ယသော =အခြွေအရံပေါခြင်း (မပျော်ရ)
၄။ အယသော =အခြွေအရံနည်းခြင်း (မပျင်းရ)
၅။ နိန္ဒာ =ကဲ့ရဲ့ခံရခြင်း (စိတ်မဆိုးရ)
၆။ ပသံသာ =ချီးမွမ်းခံရခြင်း (မနှစ်သက်ရ)
၇။ သုခံ =ချမ်းသာခြင်း (ဘဝင်မမြင့်ရ)
၈။ ဒုက္ခံ =ဆင်းရဲခြင်း (အားမငယ်ရ)

## (၃၆) စိုးရိမ်ပူဆွေးကြောင့်ကြမှု မရှိခြင်း (အသောကံ)

လောကဓံရှစ်ပါးနဲ့ ရင်ဆိုင်ရတဲ့အခါ တုန်လှုပ်ကြောက်ရွံ့သလို စိုးရိမ် ပူဆွေး ကြောင့်ကြမှုတွေလဲ ဖြစ်တတ်ပါတယ်။ မိမိအတွက်ဖြစ်စေ၊ သားမယား၊ ဆွေမျိုးဉာတိအတွက် ဖြစ်စေ၊ ရန်သူ နှောင့်ယှက်မလား၊ ရောဂါဘယ များ ဖြစ်မလား၊ အရောင်းအဝယ် အလုပ်အကိုင်များ ပျက်စီးမလား၊ ပညာသင်ကြားရေးပဲ ဆုတ်ယုတ်မလား၊ အထက်လူကြီးတွေကပဲ ဆူပူကြိမ်းမောင်းတာ ခံရမလားစတဲ့ တွေးတောပူပန်မှုတွေ ဖြစ်တတ်တယ်။

ဒါကြောင့် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက "မရှိတောင့်တ-ရှိကြောင့်ကြ" လို့ မိန့်တော်မူခဲ့တာပဲ။ ဆင်းရဲလို့ မရှိတဲ့ အခါကျတော့ စားဝတ်နေရေး ပြည့်စုံဖို့ တောင့်တ လာတယ်။ ပြည့်ပြည့်စုံစုံနဲ့ ပေါပေါများများ ဖြစ်လာတဲ့ အခါကျတော့ ငါ့ပစ္စည်းတွေ သူခိုးပဲခိုးမှာလား ဒမြပဲ တိုက်ခံရမှာလား ဆိုပြီး ကြောင့်ကြ လာကြတာ ဓမ္မတာပါပဲ။

အဲဒါ ကြောင့်ကြမှုတွေဟာရဟန္တာပုဂ္ဂိုလ်တွေမှာ မရှိတော့ဘူး၊အစဉ်ငြိမ်းအေးချမ်းသာစွာနေရတယ်။ပုထုဇဉ်တွေနဲ့ကျန်တဲ့ သေက္ခပုဂ္ဂိုလ်တွေကတော့စိုးရိမ်ကြောင့်ကြမှု သောက ဗျာပါဒတွေ ရှိကြပါသေးတယ်။ အထက်က မင်္ဂလာလိုပါပဲ။ တတ်နိုင်သမျှသောကကင်းဝေးကြောင့်ကြမှုအေးရအောင် မမေ့မလျော့သော သတိတရားနဲ့အစဉ်ထိန်းချုပ်နိုင်ဖို့ ကြိုးစားကြရပါမယ်။

## သာဓကဝတ္ထု

ဘုရားအလောင်းပုဏ္ဏားဟာ သားနဲ့အတူ လယ်ထွန်နေတုန်း မြွေကိုက်ခံရလို့ သားသေသွားတယ်။ ဒါကြောင့် ကနေ့ အဖို့ တယောက်စာ ထမင်းသာယူလာပါလို့ မှာလိုက်တယ်။အဲဒီအခါ မှာ ဘာဖြစ်လို့ တယောက်စာသာ မှာရသလဲဆိုတာ သူ့အိမ် သားတွေက သိသွားကြပြီ။ ထမင်းပို့ချိန်တန်တော့ မိခင်ရယ် ဇနီးရယ်၊ နှမရယ်၊ တပည့်ရယ်ဟာ ခါတိုင်းလိုပဲ ဝတ်စားဆင် ယင်ပြီး လယ်ထဲကို ဆင်းလိုက်လာတယ်။

သူတို့ဟာငိုကြွေးခြင်းမရှိပဲသောကကင်းဝေးစွာနဲ့အလောင်း ကိုမြှုပ်နှံကြတယ်။ ဒါကို သိကြားမင်းက သိတဲ့အခါကြတော့ လူ့ပြည် ဆင်းလာပြီး အကြောင်းစုံကို မေးတယ်။ အဲဒီ အခါမှာ—

**ဖခင်က** — မြွေသည် အရေဟောင်း စွန့်ပစ်သကဲ့သို့ သား သည်လည်း ဘဝဟောင်း စွန့်ပစ် သွားခြင်း ဖြစ်၍ မစိုးရိမ်ပါ.. လို့ ဆိုတယ်။

**မိခင်က** — သားသည် ကျွန်ုပ်မခေါ်ပဲလာ၍ မနှင်ပဲ သွား ခြင်း ကြောင့် စိုးရိမ်ခြင်း မရှိပါ....လို့ ပြော တယ်။

**ဇနီးက** — လမင်းကို လိုချင်တောင့်တဘိသကဲ့သို့ သေလွန် ပြီးသော လင်ကို တောင့်တ၍ ရမည်မဟုတ် သဖြင့် ပူဆွေးစိုးရိမ်ခြင်းမဖြစ်ပါလို့ပြောတယ်။



ဖခင်နှင့်အတူ လယ်ထွန်ရာမှ မြွေကိုက်သေဆုံးသွားသော သားရှိရာသို့
မိခင်၊ ဇနီး၊ နှမနှင့် တပည့်ဖြစ်သူတို့ သောကကင်းဝေးစွာ လိုက်လာကြပုံ

နှမက = မောင်သေလို့ ငိုကြွေးပူဆွေးစိုးရိမ်နေယင် ကြုံ လို့ဖျော့တော့ မေ့မြောသွားခြင်းဖြင့် အဆွေ ခင်ပွန်းတို့ ဆင်းရဲခြင်းသာ ဖြစ်မယ်။ ကံထိုက် ရာ သွားသဖြင့် မစိုးရိမ် မပူဆွေးပါ .... လို့ ဆိုတယ်။

တသည့်က— သေသူကို တောင့်တပူဆွေးခြင်းဟာ အိုးကွဲကို ဆက်စပ်သည်ထက် ခက်သဖြင့် ထိုက်ရာ ဘဝ လားသော ကျွန်ုပ်၏ ဆရာအတွက် စိုးရိမ် ပူ ပင်ခြင်း မရှိပါ.... လို့ ဖြေတယ်။

ဒီအဖြေစကားတွေ ကြားရတဲ့အခါ သိကြားမင်းဟာ ဝမ်း မြောက် ဝမ်းသာ ဖြစ်သွားတယ်။ ဒါကြောင့် တရားနဲ့ ပြည့်စုံ တဲ့အတွက် သောကကင်းဝေး စိတ်ချမ်းအေးတဲ့ မိသားစုကို ရတနာတွေပေးပြီး ဒါန-သီလ-ဘာဝနာ တွေကို ကြိုးစားအား ထုတ်ကြပါလို့ ဆုံးမ၍နတ်ပြည်ကို ပြန်သွားတယ်။

## (၃၇) ရမ္မက်ဟူသော "မြူ" ကင်းစင်ခြင်း

## (ဝိရဇံ)

ရမ္မက်ဆိုတာ လိုချင်တောင့်တ စွဲလမ်းနေတဲ့ လောဘတဏှာ ပါပဲ။ ချစ်တယ်ကြိုက်တယ်၊ လိုချင်တပ်မက်တယ် ဆိုတာလဲ ရမ္မက်ပါပဲ။ အဲဒီရမ္မက်ခေါ်တဲ့ ကိလေသာမြူမှုန် အညစ် အကြေးတွေက လွတ်ကင်းစင်ကြယ်ခြင်းဟာလဲ မင်္ဂလာတပါး လို့ ဆိုလိုပါတယ်။

ဒီမှာလဲ ရဟန္တာပုဂ္ဂိုလ်မှသာ ကိလေသာ တည်းဟူသော "မြူ"တွေထဲက ကင်းလွတ်ပါတယ်။ ကျန်တဲ့ပုဂ္ဂိုလ်တွေကတော့ ပိတ်ဆို့ကာဆီးနေတဲ့ အညစ်အကြေးမြူထု ပါးသွားအောင် တတ်နိုင်သမျှ သတိနဲ့ အစဉ်ထိန်းသိမ်းနိုင်ရေးကို ကြိုးစားကြဖို့ လိုပါတယ်။

သတိနဲ့ မထိန်းချုပ်နိုင်လို့ စိတ်စေစားရာကို လွှတ်ပေးလိုက်မယ်ဆိုယင် "ရမ္မက်ရဲ့ကျွန်" ဖြစ်သွားပါလိမ့်မယ်။ "စေသည့်ကျွန်-ထွန်သည့်နွား" ဆိုတဲ့ စကားပုံလို ရမ္မက်က ခိုင်းတိုင်းအားလုံးလိုက်လုပ်နေရပါလိမ့်မယ်။ နောက်ဆုံးလူသတ်ရဲတဲ့အထိ မိုက်မှားမိတတ်လို့ အထူးသတိချုပ်စေလိုပါတယ်။

## သာဓကဝတ္ထု

တခါက ယောက်ျားတယောက်ဟာ အကို့မယားနဲ့ မှားယွင်းဖေါက်ပြန်ကြတယ်။ မိန်းမကလဲ လင်အရင်းထက် မတ်တော်မောင်ကို ပိုချစ်နေတယ်။ ကြာလာတော့ ရမ္မက်ပြင်းလာတာမို့ တိတ်တိတ်ပုန်း ချစ်နေရတာ အားမရနိုင်တော့ဘူး။ ဒါကြောင့် လင်ငယ်အား သူ့ယောက်ျားလင်ကြီးဖြစ်တဲ့ အကိုဖြစ်သူကို သတ်ခိုင်းတယ်။

အကိုက သေသွားတော့ မယားကို ချစ်တဲ့ရမ္မက်ဇောအားကြီးတာကြောင့် ကျိုင်းကောင်ဖြစ်ပြီး မယားဟောင်းရဲ့ ရင်ခွင်ထဲ ခဏခဏ ကျလာတယ်။ မယားက လင်ကြီးမှန်းသိတော့ သတ်ပစ်လိုက်တယ်။ နောက်တခါ ဒီအိမ်မှာပဲ မြွေဖြစ်လာတယ်။ မြွေဖြစ်တော့လဲ ရမ္မက်မပြေ အခက်ခဲတာကြောင့် မယား



လင်ကြီးဖြစ်သူအား သတ်ဖြတ်ရန် ဇနီးက ညီဖြစ်သူလုလင်ငယ်အား
ဖြားယောင်းသွေးဆောင်နေပုံ

ဟောင်း သွားလေရာ တကောက်ကောက် လိုက်ပြန်တယ်။ ဒါကြောင့် ခွေးကိုလဲ သတ်လိုက်ပြန်ရော။

နောက်တကြိမ် ဒီအိမ်မှာ နွားဖြစ်လာပြန်တယ်။ နွားကို သတ်လိုက်ပြန်တော့ မိန်းမကို စွဲလမ်းတဲ့ ရမ္မက်ကို မစွန့်နိုင်သေးတာကြောင့် အဲဒီ မိန်းမရဲ့ ဝမ်းထဲမှာ ပဋိသန္ဓေတည်လာတယ်။

ဒါပေမဲ့ ဒီတခါတော့ ဇာတိဿရဉာဏ် ( အတိတ်ဘဝကို ပြန်၍ သိမြင်သောဉာဏ်)ရလာတာမို့ အယင်ကဖြစ်ခဲ့တာတွေကို တွေ့မြင်ပြီး သိပ်ကြောက်လန့်တုန်လှုပ်သွားတယ်။ ဒါကြောင့် ဒီမိန်းမလက်နဲ့ ထိတာတောင်မခံဘူး။ ထိတာနဲ့ ငိုတော့တာပဲ။ ဒါနဲ့ အဖိုး အဖွား တွေက ယူပြီး ကျွေးမွေးထားရတယ်။ ကြီးပြင်းလာတဲ့ အခါကျတော့ အဖိုးဖြစ်သူကို အကြောင်းစုံ ပြောပြတယ်။ မြေးအဖိုး နှစ်ယောက်လဲ သံဝေဂ ပြင်းစွာရပြီး ရဟန်းပြုသွားကြတယ်။

ဒါကြောင့် စွဲလမ်းတပ်မက်တဲ့ ရမ္မက်ဇောဟာ အလွန် ကြောက်စရာ ကောင်းပါတယ်။ သတိတရားထားပြီး ထိန်းသိမ်းကြပါလို့ မှာကြားလိုက်ပါတယ်။

## (၃၈) ဘေးရန်မရှိခြင်း (ခေမံ)

ဘေးရန်မရှိခြင်းဆိုတာ ကြောက်လန့်ဖွယ်၊ ထိတ်လန့်တုန်လှုပ်ဖွယ်တွေ ကင်းဝေးတာကို ဆိုလိုပါတယ်။ ဘေးနဲ့တွေ့သူဟာ ဘေးရဲ့ နှိပ်စက်ညှဉ်းပန်းမှုကို ခံရဘတ်တဲ့အတွက် ကြောက်လန့်ဖွယ်လို့လဲ ဆိုပါတယ်။

ရေဘေး၊ မီးဘေး၊ ခိုးသူဘေး၊ အဒမွခံဆိုးဘေး၊ မချစ်မနှစ်သက်သူဘေးစတဲ့ ဘေးရန်အမျိုးမျိုးရှိတဲ့ အနက်က အခုဒီမင်္ဂလာမှာတော့ ယောဂဆိုတဲ့ ဘေး ၄-ပါးတို့ မရှိခြင်းကို သာ ဆိုလိုပါတယ်။

**ယောဂလေးပါး**

(က) ကာမယောဂ =ကာမဂုဏ်၌ ယှဉ်တွဲကပ်ငြိခြင်း

(ခ) ဘဝယောဂ =ဘဝ၌ ယှဉ်တွဲကပ်ငြိခြင်း

(ဂ) ဒိဋ္ဌိယောဂ =မှောက်မှားသော အယူ၌ ယှဉ်တွဲကပ်ငြိခြင်း

(ဃ) အဝိဇ္ဇာယောဂ =မသိနားမလည်ခြင်း၌ ယှဉ်တွဲကပ်ငြိခြင်း

အဲဒီဆိုခဲ့ပြီးတဲ့ ယောဂလေးဖြာ ဘေးရန်တွေကို ရဟန္တာပုဂ္ဂိုလ်တွေသာ ကင်းလွတ်တော်မူတဲ့အတွက် ''ခေမ'' မင်္ဂလာကြီးကို ရတော်မူကြပါတယ်။ ဘာဖြစ်လို့ ကင်းလွတ်တော်မူကြသလဲဆိုယင် ရဟန္တာပုဂ္ဂိုလ်တွေဟာ—

(က) တုန်လှုပ်သော စိတ်နှလုံးမရှိခြင်း

(ခ) စိုးရိမ်ပူပန် ကြောင့်ကြမှုမရှိခြင်း

(ဂ) ကိလေသာ အညစ်အကြေးတို့မှ ကင်းစင်ခြင်း

တို့ကြောင့် ဖြစ်ပါတယ်။



ရဟန္တာအရှင် ကုမာရကဿပမထေရ်မြတ်က
ပါယာသိမြို့စားကြီးအား သမ္မာဒိဋ္ဌိအယူ၌ တည်စေပုံ

## သာကေဝတ္ထု

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံဝင်တော်မူပြီးနောက် ရဟန္တာ အရှင် ကုမာရ ကဿပမထေရ်မြတ်ဟာ နောက်ပါ သံဃာ ငါးရာနဲ့အတူ သေတဗျမြို့အနီး ယင်းတိုက်တောမှာ သီတင်းသုံး နေတော်မူပါတယ်။

အဲဒီအခါမှာ ပါယာသိမြို့စားကြီးဟာ ကုမာရကဿပ အရှင်မြတ်ထံ ဆည်းကပ်ပြီး ပဋိသန္ဓာရစကား ပြောကြား ဘယ်။ ဆက်လက်ပြီးတော့ " တမလွန်လောက ဟူသည်မရှိ " ဆိုတဲ့ စကားနဲ့ မှားယွင်းတဲ့ မိစ္ဆာဒိဋ္ဌိ အယူကို ပြတော့ဘယ်။

ဒါကြောင့် အရှင်မြတ်က ပါယာသိရာဇညသုတ်ကို ဟော တော်မူပြီး မြို့စားကြီးကို **ဒိဋ္ဌိယောဂ** ဆိုတဲ့ မှားယွင်း ဖောက် ပြန်သောအယူမှ ကင်းဝေးစေလျက် ကောင်းမြတ် မှန်ကန်တဲ့ သမ္မာဒိဋ္ဌိအယူ၌ တည်စေခဲ့တယ်။

အဲဒီလို ဟောကြားတော်မူတဲ့အတွက် ပါယာသိမြို့စားကြီး သေတဲ့အခါ အယူလွဲမှားခြင်းဘေးက ကင်းဝေးပြီး နတ်သား ဖြစ်သွားရတယ်။

### ဒသမဒေသနာတော် မင်္ဂလာ (၄) ပါး၏

### နိဂုံးချုပ်မှတ်ဖွယ်

လောကဓံရှစ်ပါးနဲ့ တွေ့ကြုံတဲ့အခါ၊
ကြောက်ရွံ့မှုရှင်း၊ စိုးရိမ်ကင်း၍၊
ရမ္မက်မြူလွှာ၊ ကိလေသာစင်ပါလျှင်၊
ဘေးရန်မရှိ၊ ချမ်းသာခြင်းအတိ ဖြစ်ပါလိမ့်မည်။

# နိဂုံး

## ပါဠိတော်

ဧတာဒိသာနိ ကတွာန၊ သဗ္ဗတ္ထ မပရာဇိတာ။
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလ မုတ္တမံ။

## အနက်

ဒေဝပုတ္တ၊ နတ်သား။ ဧတာဒိသာနိ၊ ဤသို့သဘောရှိသော သုံးဆယ့်ရှစ်ပါးသော မင်္ဂလာတို့ကို။ ကတွာန၊ ပြုသည်ရှိသော်။ သဗ္ဗတ္ထ၊ မစ္စုမာရ်သည် ကြဉ်အပ်သော အလုံးစုံသော မာရ်လေးပါးတို့တွင်။ ဧကေနာပိ၊ တပါးပါးသော မာရ်သည်မျှလည်း။ အပရာဇိတာ၊ မအောင်အပ်ကုန်သည်ဖြစ်၍။ သဗ္ဗတ္ထ၊ အလုံးစုံသော ပစ္စုပ္ပန်တမလွန်တို့၌။ သောတ္ထိံ၊ ဘေးရန် မရှိ ချမ်းသာခြင်းသို့။ ဂစ္ဆန္တိ၊ ရောက်ကုန်၏။ တံ၊ ထိုသုံးဆယ့်ရှစ်ပါးသော တရားတော်သည်။ တေသံ၊ ထို နတ်လူတို့အား။ ဥတ္တမံ၊ မြတ်စွာသော။ မင်္ဂလံ၊ မင်္ဂလာမည်၏ဟူ၍။ ဣတိ၊ ဤသို့။ တွံ၊ သင်နတ်သားသည်။ ဂဏှာဟိ၊ မှတ်လေလော့။

## အဓိပ္ပာယ်

ဤ(၃၈)ဖြာ မင်္ဂလာကို လိုက်နာကျင့်သုံးလျှင်၊
အလုံးစုံသော ရန်သူအပေါင်းတို့က မအောင်နိုင်ကြပဲ၊
ပစ္စုပ္ပန် တမလွန်အားလုံး၌ ကြီးပွား ချမ်းသာခြင်းသို့
ရောက်၏။

ထို ( ၃၈ ) ဖြာ မင်္ဂလာသည်၊ နတ်လူတို့၏ ကြီးပွား ချမ်းသာကြောင်း၊
ကောင်းမြတ်သော မင်္ဂလာ မည်ပေသည်။

မင်္ဂလာကဗျာ

သုံးဆယ့်ရှစ်ဖြာ မင်္ဂလာကုံးကို၊
လိုက်နာကျင့်သုံး ပန်သူတွေ။
စီးပွားချမ်းသာ ကျက်သရေတိုးလို့၊
ကောင်းကျိုးစည်ပွင့် တဝေဝေ။
ဘေးရန်ကင်းကွာ ချစ်သူပေါ်လို့၊
စိတ်ရော ကိုယ်ရော ချမ်းသာမလေ။
ပြောဆိုကြံဆ....ဆောင်သမျှ....
အောင်ရမည် ကိန်းသေ။
အဲဒါကြောင့် ပန်ကြဆင်ကြ "မင်္ဂလာ့·ပန်းခိုင်တွေ"

# မှာကြားချက်

ဒီ (၃၈) ဖြာ မင်္ဂလာဟာ နတ်လူတို့ရဲ့ ကြီးပွားချမ်းသာခြင်းကို ဆောင်ပါတယ်။ ဒါကြောင့် မိမိတို့ လိုက်နာကျင့်သုံးနိုင်တဲ့ အတိုင်းအတာအထိ လိုက်နာကျင့်သုံးမယ်ဆိုယင် ကြီးပွားတိုးတက်မှာ ဧကန်ပါပဲ။

မင်္ဂလာ တရားတော်တွေဟာ လောကီ - လောကုတ္တရာ၊ ပစ္စုပ္ပန်-သံသရာ နှစ်တန်နှစ်ဝ ဘယ်ဘက်ကမှ မလွတ်စေရပါဘူး။ အဘက်ဘက်က အကျိုးပြုနေပါတယ်။

ဘယ်လို လုပ်ငန်းရပ်တွေအတွက် ကျင့်သုံး လိုက်နာချင်ပါသလဲ—

(၁) လောကီမင်္ဂလာ
(၂) လောကုတ္တရာမင်္ဂလာ
(၃) အရိယာပုဂ္ဂိုလ်များနှင့်တကွ ရဟန်းသံဃာတွေနဲ့ ဆိုင်တဲ့မင်္ဂလာ
(၄) ပုထုဇဉ်လူဝတ်ကြောင်တွေနဲ့ ဆိုင်တဲ့မင်္ဂလာ
(၅) ဒါနနဲ့ ဆိုင်တဲ့မင်္ဂလာ
(၆) သီလနဲ့ ဆိုင်တဲ့မင်္ဂလာ
(၇) ဘာဝနာနဲ့ ဆိုင်တဲ့မင်္ဂလာ
(၈) ပညာရေးနဲ့ ဆိုင်တဲ့မင်္ဂလာ
(၉) စီးပွားရေးနဲ့ ဆိုင်တဲ့မင်္ဂလာ
(၁၀) ပေါင်းသင်းဆက်ဆံရေးနဲ့ ဆိုင်တဲ့မင်္ဂလာ

(၁၁) အများအကျိုးပြုမင်္ဂလာ
(၁၂) နေထိုင်ရေးမင်္ဂလာ
(၁၃) ဆွေမျိုးရေးမင်္ဂလာ
(၁၄) သားသမီးရေးမင်္ဂလာ
(၁၅) မိဘနဲ့ဆိုင်တဲ့ မင်္ဂလာ
(၁၆) ပြုစုလုပ်ကျွေးရေးမင်္ဂလာ
(၁၇) ကာယဗလဆိုင်ရာမင်္ဂလာ
(၁၈) ဉာဏဗလဆိုင်ရာမင်္ဂလာ
(၁၉) ဘောဂဗလဆိုင်ရာမင်္ဂလာ
(၂၀) စာရိတ္တဗလဆိုင်ရာမင်္ဂလာ
(၂၁) မိတ္တဗလဆိုင်ရာမင်္ဂလာ

မိမိတို့ အလိုရှိရာ၊ နှစ်သက်ရာ မင်္ဂလာတွေကို ရှာဖွေပြီး လိုက်နာ ကျင့်သုံးနိုင်ပါတယ်။ လိုက်နာ ကျင့်သုံးနိုင်ကြပါစေ လို့လဲ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

ဒီ (၃၈) ဖြာ မင်္ဂလာကို သေသေချာချာ မင်္ဂလာတခုချင်း နားလည်သဘောပေါက်လာအောင် လေ့လာရမယ်။ ပြီးတော့ မင်္ဂလာတခုချင်းရဲ့ ပါဠိနဲ့ အဓိပ္ပါယ်ကို အလွတ်ရထားဖို့ လိုပါတယ်။ တစုံတခု အမှုကိစ္စပြုလုပ်တဲ့အခါမှာ "ငါလုပ်တဲ့အလုပ်ဟာ မင်္ဂလာဖြစ်ရဲ့လား" ဆိုတာ ပထမဆုံး ဝေဖန်ဆန်းစစ်ရမယ်။ အမင်္ဂလာဖြစ်နေယင် ချက်ချင်းရပ်ပစ်ပါ။ ဆက်လက်ကြိုးပမ်း အားထုတ်ခြင်း မပြုပါနဲ့။ မင်္ဂလာဖြစ်နေမယ်ဆိုယင် အဲဒီ မင်္ဂလာဟာ ဘယ်လိုမင်္ဂလာမျိုးလဲ၊ ဘယ်မင်္ဂလာ အမျိုးအစားမှာ အကျုံးဝင်သလဲဆိုတာ စိစစ်လေ့လာပြီး ပိုမို တိုးတက်အောင် ပွားများ အားထုတ်ပါ။

ဒါကြောင့် အထက်က ဖေါ်ပြခဲ့တဲ့ အမှုကိစ္စတခု ပြုလုပ်တဲ့ အခါမျိုးမှာ မင်္ဂလာဖြစ် ၊ မဖြစ် စိစစ်လေ့လာနိုင်အောင်လို့ ဘုရားဖူးသွားသူ တယောက်ရဲ့ သန္တာန်မှာ မင်္ဂလာ ဖြစ်လာပုံကို ဥပမာတင်ပြပါမယ်။ အဲဒီ ဥပမာအတိုင်း ကျန်တဲ့လုပ်ငန်းတွေ မှာလဲ ဆန်းစစ် သုံးသပ် လေ့လာကြပါလို့ တိုက်တွန်းလိုက်ရ ပါတယ်။

## ဘုရားဖူးသွားသူတယောက်၏ သန္တာန်၌ မင်္ဂလာဖြစ်ပုံ

ဘုရားဖူးသွားမယ်လို့ ကြံစည်ကထဲက ကုသိုလ်တရားတို့မှာ သတိရှိလာတဲ့အတွက် ( အပ္ပမာဒဓမ္မ ) မင်္ဂလာ ဖြစ်ပါတယ်။ ဘုရားရောက်တဲ့အခါ ပန်း၊ ဆီမီး စသည်တို့နဲ့ ရတနာသုံးပါးရဲ့ ဂုဏ်တော်ကို အာရုံပြုပူဇော်တဲ့အခါ (ပူဇာ စ ပူဇနေယျာနံ) မင်္ဂလာ ဖြစ်ပြန်တယ်။ ဘုရားသွားစဉ်မှာရော၊ ဘုရားကိုရောက်တဲ့ အခါမှာပါ ဘုရားသွားခြင်းနဲ့ ဆိုင်တဲ့စကားတွေကိုသာ ပြော ဆိုကြတဲ့အတွက် (သုဘာသိတာ)မင်္ဂလာလည်း ဖြစ်လာပါတယ်။

ဘုရားသွားဆဲ အချိန်မှာ မတော်တာ စိတ်မရောက်အောင်၊ သွားလိုတဲ့စိတ်တွေ မပျောက်အောင် ဆောက်တည်ရည်ရွယ်တဲ့ အခါ (အတ္တသမ္မာပဏိဓိ) မင်္ဂလာဖြစ်တယ်။ ပန်း ဆီမီး အစ ရှိတဲ့ အလှူဝတ္ထုတွေနဲ့ လှူဒါန်းပူဇော်တဲ့အတွက် (ဒါန) မင်္ဂလာဖြစ်ပေါ်လာတယ်။ ဘုရားရင်ပြင်တော်ပေါ် ရောက်ပြန် တော့လည်း တံမြက်စည်းလှည်းခြင်း၊ ရေအိုး ရေဖြည့်ခြင်းစတဲ့ သူတော်စင်များ၊ ဘုရားဖူးများအတွက် ဆောင်ရွက်တဲ့အခါမှာ (အနဝဇ္ဇာနိ ကမ္မာနိ) မင်္ဂလာ ဖြစ်ပါတယ်။

ဘုရားအစရှိတဲ့ အရိယာများကိုလည်းကောင်း၊ မိမိတို့ ဘုရားဖူးအချင်းချင်းကိုလည်းကောင်း၊ ရဟန်းသံဃာသီလ ရှိသူများကိုလည်းကောင်း၊ အသက်အရွယ်ကြီးသော ပုဂ္ဂိုလ်များကိုလည်းကောင်း ရိုသေလေးစားမှုပြုတဲ့အတွက် (သန္တုဋ္ဌိ)မင်္ဂလာ၊ စိတ်ပျက် စိတ်ဆိုး စိတ်တိုစရာ၊ ဒေါသထွက်စရာ အကြောင်းတွေနဲ့ တွေ့ပေမယ့်လည်း ဘုရားအရိပ်ကို ခိုလှုံနေဆဲအခါဖြစ်လို့ မိမိစိတ်ကို သည်းခံချုပ်တီးထားတဲ့အတွက်(ခန္တီ)မင်္ဂလာ စသည်တို့နဲ့လဲ ပြည့်စုံပါတယ်။

တဦးနဲ့တဦး ပြောကြ ဆိုကြရာမှာလည်း ကလန်ကဆန်နဲ့ ခိုက်ရန်ဖြစ်ဖွယ်ရာ မပြောပဲ သဘောကောင်းကောင်းနဲ့ နာခံကြတဲ့အခါ (သောဝစဿတာ) မင်္ဂလာ ဖြစ်ပါတယ်။

ဘုရားရောက်တယ်ဆိုယင် ကျောင်း, ကန်, ဇရပ်တွေမှာရှိတဲ့ ရဟန်းသံဃာတွေကို တွေ့ရစမြဲပါ။ အဲဒီ ရဟန်းသံဃာတော်တွေကို ဖူးတွေ့ရခြင်းဖြင့် (သမဏာနဉ္စ ဒဿန) မင်္ဂလာ ဖြစ်ပါတယ်။ ရဟန်း သံဃာတော်တွေနဲ့ တွေ့ဆုံ ဖူးမြော်ရတဲ့ အခါ မိမိသိလိုတဲ့ သံသရာမှ လွတ်မြောက်ကြောင်းနဲ့ ပတ်သက်သော တရားစကားတွေကိုလဲ ဆွေးနွေးမေးမြန်း မှတ်သားရတဲ့အတွက် (ဓမ္မသာကစ္ဆာ) မင်္ဂလာဖြစ်ကြောင်း တွေ့နိုင်ပါတယ်။ ဘုရားရောက်တဲ့အခါ ရဟန်းသံဃာတွေကို ဖူးမြော်ပြီး သီလဆောက်တည်ပြီးယင်လဲ ဘုရားပေါ်မှာ ရှိတဲ့ ခုနစ်ရက် သားသမီးတွေ၊ ကမ္ဘာသူ ကမ္ဘာသားတွေ ၃၁-ဘုံမှာ ကျင်လည်နေကြတဲ့ ဝေနေယျ သုခိတ ဒုက္ခိတ သတ္တဝါတွေ အပေါ်မှာ မေတ္တာစိတ်ထားပြီး မေတ္တာဗြဟ္မာစိုရ်တရား ပွားများပြန်ယင်လည်း (ဗြဟ္မစရိယ) မင်္ဂလာနဲ့ ပြည့်စုံပြန်ပါတယ်။

ဒါကြောင့် အထက်ပါ ဘုရားဖူးသွားတဲ့အခါ မင်္ဂလာများ ဖြစ်ပုံကို နည်းယူပြီး အခြား ကိစ္စရပ်တွေမှာလဲ ဘယ်အလုပ်မှာ ဘယ်မင်္ဂလာမျိုး ဖြစ်တယ်ဆိုတာ စိစစ် သုံးသပ် လေ့ကျင့်မှုများ ပြုလုပ်ကြပါလို့ မှာကြားလိုပါတယ်။

နောက်ဆုံးအနေနဲ့ မင်္ဂလာတွေကို ထုတ်နုတ်ဖော်ပြထားတဲ့ မင်္ဂလာတွေကို သေသေချာချာ စိစစ်လေ့လာပြီး မိမိတို့ သွားလာ၊ လုပ်ကိုင်၊ နေထိုင်၊ စားသောက်တဲ့ နေရာတွေမှာလဲ ဘယ်မင်္ဂလာတွေ ဖြစ်တယ် ဆိုတာကို အထက်က ဖော်ပြခဲ့တဲ့ ဘုရားဖူး ဥပမာလိုပဲ စိစစ်လေ့လာဖို့ လိုပါတယ်။

မင်္ဂလာတွေ ဖြစ်တယ်ဆိုယင် ဖြစ်လာတဲ့ မင်္ဂလာတွေကို ခွဲခြားဝေဖန်ပြီး ဘယ်လို တိုးတက် ပွားများအောင် လုပ်မယ် ဆိုတာ ဆုံးဖြတ် ဆောင်ရွက်ရမယ်။

အမင်္ဂလာတွေ ဖြစ်လာတယ်ဆိုယင် မဖြစ်ပွားအောင် ဘယ်လို ရှောင်ကြဉ်ရမယ်ဆိုတာ ဆင်ခြင်သုံးသပ် ပြုပြင်နိုင်ကြပါစေလို့ နိဂုံးချုပ်အမှာစကား ပါးလိုက်ရပါတယ်။

## ကျွန်မ ခုဇ္ဇုတ္တရာ

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိစဉ်က ကောသမ္ဗီပြည်မှာ ဥတေနမင်းကြီး စိုးစံတယ်။ မိဖုရားကြီးကတော့သာမာဝတီလို့ အမည်ရတယ်။ ရွှေအဆင်းလို ဝါဝင်းတဲ့ အသားအရေ ရှိပြီး လှပပြေပြစ် ချစ်ခင်ဖွယ် အသွင်အပြင်ရှိတယ် (ပုဗ္ဗေ စကတပုညတာ)။

ကောသမ္ဗီပြည်မှာ မြတ်စွာဘုရား တခါတရံ သီတင်းသုံးတော်မူတဲ့ ဃောသိတာရုံကျောင်းတော်ကြီးရှိတယ်။ ဒီတိုင်းပြည်

ဟာ ရတနာသုံးပါး ထင်ရှားရှိတဲ့အတွက် ကောင်းကျိုး တရား ထွန်းကားသော ဒေသဖြစ်တယ် (ပတိရူပ)။

သာမာဝတီ မိဖုရားကြီးမှာ အခြေအရံ ငါးရာရှိတယ်။ အဲဒီအထဲမှာ မယ်ခုဇ္ဇာခေါ်တဲ့ ခါးကုန်းမကြီးတဦးလည်း ပါ တယ်။ အခိုင်းအစေ အခြေအရံဆိုပေမယ့် မယ်ခုဇ္ဇာဟာအရာရာ မှာ မေးမြန်းစုံစမ်းဆင်ခြင်တဲ့ အလေ့အထရှိတယ်။ ( ဗာဟုသစ္စ မင်္ဂလာ)။ အလုပ်သမား ကျင့်ဝတ်နဲ့အညီ အလုပ် လုပ်တယ်။ ( ဝိနယောစ သုသိက္ခိတ )။ အရှင်သခင်ရဲ့ ကျေးဇူးကို ရှိသေ တယ် (ဂါရဝ)။

သာမာဝတီ မိဖုရားကြီးနဲ့ တကွ နန်းတွင်းသူ ငါးရာတို့ဟာ ဗုဒ္ဓအမှူးပြုတဲ့သံဃာတော်များကို ဆည်းကပ်ကိုးကွယ်ကြတယ်။ (ပူဇာစ)။ ဆွမ်းကွမ်းစသည် လှူဒါန်းကြတယ်။ မကြာမကြာ ဘုရားရှင်ကျောင်းတော်ကို သွားပြီး တရားနာကြတယ်။ (ကာ လေန ဓမ္မသဝန)။ ကျောင်းတော်ကိုတခါတရံမှသာ သွားခွင့် ရတဲ့အတွက် မယ်ခုဇ္ဇာကို ပန်း ဆီမီးတို့နဲ့ ပူဇော်ရန် နေ့တိုင်း စေလွှတ်တယ် (ပူဇာစ)။

မယ်ခုဇ္ဇာဟာ နန်းတွင်းသူဖြစ်ပေမယ့် အပျော်အပါးတွေနဲ့ အချိန်မဖြုန်းဘူး (တပေါ စ)၊ ကိုယ့်စိတ်ကို ထိန်းသိမ်းတယ် (အတ္တသမ္မာပဏိဓိ)။ ဗုဒ္ဓကျောင်းတော်ကို တရားနာသွားတဲ့ အခါမှာလဲ၊ တရားနာရုံသာမက မသိတာတွေကို တခြားသံဃာ တော်တွေထံမှာ ဆွေး နွေး မေး မြန်း တယ် (ဓမ္မသာကစ္ဆာ)။ ပြီးတော့ သိရသမျှကို လေ့လာမှတ်သားတယ် ( ဗာဟုသစ္စ )။ နန်းတော်ရောက်တော့ သိလာ မှတ်သားလာတဲ့ တရားထူး၊ စကားထူးတွေကို နန်းတွင်းသူတို့အား ပြန်ပြောပြတယ်(သုဘာ-

သိတ)။ ဒါကြောင့် မယ်ခုဇ္ဇာကို ကျေးကျွန်မကြီးလို့ သဘော မထားကြပဲ မိခင်ကြီးလို သဘောထားပြီး ခုဇ္ဇုတ္တရာ (အမေ ကုန်း)လို့ ရိုသေစွာခေါ်ကြတယ်။

သာမာဝတီနဲ့တကွ နန်းတွင်းသူတွေဟာ မယ်ခုဇ္ဇာကို တရားဟောပလ္လင်အမြင့်မှာ ထားပြီး မြတ်စွာဘုရားဟောကြား တဲ့ တရားတွေကို ပြန်ပြီးဟောကြားစေတယ်။ သူတို့က တရား တော်ကို ရိုသေစွာ နာကြားကြတယ် (ဂါရဝ–ဓမ္မသဝန)။ ငါဟာ မိဖုရားခေါင်ကြီးပဲ၊ မယ်ခုဇ္ဇာကတော့ ကျွန်မကြီး တယောက်ရယ်လို့ မာနမထားဘူး (နိဝါတ)။ အဆင့်အတန်း ခြင်း ကွာခြားပေမယ့် ပညာဂုဏ်မှာတော့ ဗဟုသုတနဲ့ ပြည့်ဝ တဲ့အတွက် အမြတ်ထားကာ လေးစားကြတယ် (ဂါရဝ)။ ခုဇ္ဇုတ္တရာကလည်း နန်းတွင်းသူတွေကို သားသမီးပမာ ကြီးပွား စေလိုတဲ့ စေတနာထားတယ် (ဓမ္မစရိယ)။

ခုဇ္ဇုတ္တရာဟာ မြတ်စွာဘုရား ဟောကြားတဲ့ တရားတွေကို နာကြားရပြီး တနေ့မှာ သောတာပန်အရိယာအဖြစ်ကို ရောက် သွားတယ် ( အရိယသစ္စာန ဒဿန )။ အဲဒီ အချိန်က စပြီး ခုဇ္ဇုတ္တရာကို အလေးအမြတ်ထားပြီး ချီးမြှင့် မြှောက်စားကြ တယ်။ မြတ်စွာဘုရားရဲ့ တရားတော်တွေကို တဆင့် ပြန်လည် ဟောကြားပေးတယ်ဆိုပြီး ကျေးဇူးဆပ်ကြတယ်(ကတညုတာ)။ ဤသို့ ကျေးဇူးကို သိခြင်းကြောင့် သာမာဝတီနဲ့တကွ နန်း တွင်းသူတွေဟာ သောတာပန် ဖြစ်ကုန်ကြတယ် (အရိယသစ္စာန ဒဿန)။

ခုဇ္ဇုတ္တရာဟာ ရှေးဘဝက ရဟန္တာမ တဦးအား ခိုင်းစေခဲ့ ဘူးတဲ့ အကျင့်ဆိုးကို ကျင့်ခဲ့တဲ့အတွက် ( ဓမ္မစရိယ မင်္ဂလာ



သာမာဝတီမိဖုရားကြီးနှင့် နန်းတွင်းသူများအား
တရားဟောပလ္လင်ထက်မှ ခုဇ္ဇုတ္တရာက မြတ်စွာဘုရား၏
တရားတော်များကို ပြန်လည်ဟောကြားနေပုံ

ပျက်) ယခုဘဝမှာ သူတပါးရဲ့ အခိုင်းအစေ ဖြစ်ရတယ်။ ပညာကြီးပြီး ဗဟုသုတများရတာကတော့ ဟိုရှေးဘဝတုန်းက ရဟန္တာ အရှင်မြတ်တို့နဲ့ မကြာခဏ တရားနာခြင်း(ဓမ္မသဝန)။ တရားဆွေးနွေးခြင်း (ဓမ္မသာကစ္ဆာ) ကြောင့်ဖြစ်တယ်။ မှတ်ဉာဏ်လည်း အလွန်ကောင်းပြီး တခါတရားနာရယင် ဘယ်ခါမှ မမေ့မလျော့တော့ဘူး (အပ္ပမာဒ)။ ဒီလိုဖြစ်ရတာ ရှေးဘဝက သပိတ်ခြေ လှူခဲ့ဘူးတဲ့အတွက်(ပုဗ္ဗေစ ကတပုညတာ)ဖြစ်တယ်။

ယခုဘဝမှာ ဗုဒ္ဓအမျိုးပြုတဲ့ သံဃာတော်များအား ဆည်းကပ်ဖူးမြင်ခြင်း (သာမနာနဉ္စ ဒဿန)။ ပညာရှိများအား မှီဝဲခြင်း (ပဏ္ဍိတာနဉ္စ သေဝနာ) ကြောင့်လည်းကောင်း၊ နေရာကောင်း ဌာနကောင်း (ပတိရူပ ဒေသဝါသ) ၌ နေရသောကြောင့်လည်းကောင်း၊ မိမိကိုယ်ကို ကောင်းမွန်စွာ စောင့်ရှောက်သောကြောင့် (အတ္တသမ္မာပဏိဓိ) လည်းကောင်း၊ ခိုးခြံသောအကျင့်ကို ကျင့်သောကြောင့် (တပေါစ)လည်းကောင်း၊ ရောင့်ရဲလွယ်သောကြောင့် (သန္တုဋ္ဌိ စ) လည်းကောင်း၊ ရှေးက ပြုခဲ့တဲ့ ကုသိုလ်ထူး (ပုဗ္ဗေ စ ကတပုညတာ) ပါရှိသောကြောင့်လည်းကောင်း၊အစေခံအလုပ်သမကြီးဘဝမှ တရားရှင်အမေကြီးဘဝ၊ အပူဇော်ခံထိုက်သော အရိယာအဖြစ် ( အရိယသစ္စာန ဒဿန) ရောက်ကာ၊ ကြီးပွားချမ်းသာခြင်း (မင်္ဂလာ) ဖြစ်ရပါတော့တယ်။

## တိဿမထေရ်ကြီး

မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူစဉ် ကောသမ္ဗီပြည်မှာ တိဿမထေရ်ကြီးဟာ အလုပ်အကျွေး



အိပ်ရာမှထလာသော တိဿမထေရ်ကြီးက ယပ်ရိုးဖြင့် ထိုးလိုက်သဖြင့်
သာမဏေငယ်၏ မျက်စေ့တဘက် ပျက်စီးသွားပုံ

တပည့် သာမဏေငယ်နဲ့ အတူ မြတ်စွာဘုရားကို ဖူးမြော်ရန် ကြွလာတယ်။ သာမဏေငယ်က ရဟန္တာဖြစ်ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုသူဖြစ်တယ် (နိဗ္ဗာနသစ္ဆိကိရိယာ)။ လမ်းခရီးမှာ တခုသောကျောင်း၌ တည်းခိုကြတယ်။ တပည့် သာမဏေငယ် ဟာ ဆရာ မထေရ်ကြီးအတွက်ရှိသေလေးစားစွာ နေရာထိုင်ခင်း ပြင်ဆင်ပေးတယ် (ဂါရဝ)။ ဒါပေမဲ့ အချိန်မရှိတော့မှ ပြီးတဲ့ အတွက် သူအိပ်ဖို့နေရာ မစီမံနိုင်တော့ဘူး။ ဝိနည်းတော်အရ ရဟန်းနဲ့ သာမဏေ အတူအိပ်ယင် ရဟန်းမှာ အပြစ်ဖြစ်တယ်။ သာမဏေငယ်ဟာ သူ့ဆရာ အပြစ် ( အာပတ် ) သင့်မှာစိုးလို့ တညလုံး မအိပ်ပဲ ထိုင်နေတယ်။ ဆင်းရဲပူပန်ခြင်း၊ ငြိုငြင်ခြင်း မဖြစ်ဘူး (အသောကံ)။

အရုဏ်တက်ခါနီးတော့ ဆရာမထေရ်ကြီးက တပည့်သာမဏေ ကို အိပ်ချင်မူးတူးနဲ့ ယပ်ရိုးနဲ့ ကြမ်းကိုဆောင့်ထိုးပြီး နှိုးလိုက် တာ ကြမ်းကိုမထိုးမိပဲ သာမဏေရဲ့ မျက်စိကို ဆောင့်ထိုးမိတာ မျက်စိတဘက် ပျက်သွားပါလေရော။ ဒါပေမဲ့ သာမဏေလေး က အော်ဟစ်ညည်းညူခြင်းလည်း မရှိဘူး (နကမ္ပတိ)။ ဆရာ သမားအပေါ်မှာ ငြိုငြင်မှု စိတ်ဆိုးမှုလည်း မရှိဘူး(ခန္တိ)။

သာမဏေလေးဟာ ပြုနေကျဝတ္တရားအတိုင်း ကံပူ မျက်နှာ သစ်ရေတို့ကို ကပ်တယ်(ဝိနယော စ သုသိက္ခိတော)။ ဒါပေမဲ့ လက်တဘက်က ဒဏ်ရာရထားတဲ့ မျက်စိကို ပိတ်ထားရလို့ လက်တဘက်နဲ့သာ ကပ်ရတယ်။ ဆရာဖြစ်သူက "သာမဏေ ငယ် မိုက်စွတကား၊ လက်နှစ်ဘက်ဖြင့်သာ ရိုသေစွာကပ်လေ"

လို့ ဆိုတဲ့ အခါမှာ လက်တဘက် မအားတဲ့ အကြောင်းကို ရှိသေစွာ လျှောက်ထားတယ် (ဂါရဝ၊ သုဘာသိတ)။

မထေရ်ကြီးလည်း ငါဟာ သူ့တော်ကောင်း သာမဏေကို ဝန်လေးတဲ့အမှုကြီး ပြုမိချေပြီလို့ သတိသံဝေဂရကာ သာမဏေယ်ကို သူ့အပြစ်သည်းခံဖို့ ဝန် ချကန် တော့ ခြင်း ပြု တယ် (အပ္ပမာဒ)။

ဘုရားထံမှောက် ရောက်တဲ့အခါ ဒီအကြောင်းတွေကို လျှောက်ထားတော့ မြတ်စွာဘုရားက တရားဟောထော်မူတယ်။ တရားနာကြားရတဲ့ တိဿမထေရ်ကြီးဟာ(ဓမ္မဿဝန)ရဟန္တာ ဖြစ်သွားတော့တယ် ( နိဗ္ဗာနသစ္ဆိကိရိယာ )။ တစုံတခုသော နှစ်သက်တွယ်တာမှုလည်း မရှိတော့ဘူး (ဝိရဇံ)။ အလုံးစုံသော ဆင်းရဲအပေါင်းမှလဲ ကင်းလွတ်ချမ်းသာသော (ခေမံ) အမြတ်ဆုံး အကျိုးထူးကြီးကို ရရှိလေတော့တယ်။

မင်းစန္ဒ

# ကိုးကားကျမ်းများ

၁။ ပထမဆင့်ကျောင်းသုံးမင်္ဂလာနှင့် မင်္ဂလာစာမေးပွဲများ အတွက် အဖြေပေါင်းချုပ် (ပထမအုပ်) ဦးလှဖေဝင်း ပြုစုသည်။

၂။ အခြေပြု မင်္ဂလာ လက်စွဲကျော် — ဦးဇောတိက— ဆရာကျော်။

၃။ မင်္ဂလသုတ် မြန်မာဋီကာ — ဦးထွန်းသိန်း (သာသန ဓဇ သိရီပဝရ ဓမ္မာစရိယ) ၁၃၁၂-ခုနှစ်။

၄။ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာ ပေါင်းချုပ် (ဒုတိယတွဲ) ဦးသိန်းမောင် ၁၉၅၃-ခုနှစ်။

၅။ ၃၈-ဖြာမင်္ဂလာဝတ္ထုတော်ကြီး — ပြည်တော်သာ— ဦးထွန်းရီ ၁၃၁၈-ခုနှစ်။

၆။ လက်စွဲ ဗုဒ္ဓဘာသာ သင်္ခန်းစာ နှင့် လက်စွဲ မင်္ဂလာ သင်္ခန်းစာ — ဆရာဦးအုန်းမြင့် ၁၉၅၇-ခုနှစ်။

၇။ အခြေပြုမင်္ဂလသုတ် — အရှင်ဇနကာဘိဝံသထေရ် ၁၉၆၂-ခုနှစ်။

၈။ ဗုဒ္ဓဘာသာအခြေပြု — အဂ္ဂမဟာပဏ္ဍိတ မေဓိနီ- ဆရာတော် ၁၉၆၄-ခုနှစ်။

# ကိုးကားကျမ်းများ

၉။ မင်္ဂလာအမြုတေ — ဦးစန္ဒာဇောတိ (ကဝိသိရေ မဏိဓမ္မာစရိယ ဝိသုဒ္ဓါရုံကာဗျဝိဒူ) ၁၉၇၇-ခုနှစ်။

၁၀။ တရားဦးဓမ္မစကြာနှင့် မင်္ဂလာဂတ်ရွတ်စဉ် — ဦးခင်မောင်ဝင်း ပြုစု၍ ကျောက်ကုန်းတောရ မေဒိနီ နာယကအဖွဲ့ဝင်၊ သာသနဓဇ သိရီပဝရဓမ္မာစရိယ၊ အင်္ဂုတ္တရနိကာယပါဠိပါရဂူ၊ ဗုဒ္ဓသာသနဝိသိဋ္ဌ ဒီဃဘာဏက ဒီဃနိကာယကောဝိဒ အရှင်ဉာဏဝံသ တည်းဖြတ် သုတ်သင်သည်။ ၁၉၇၈-ခုနှစ်။


စင်းဝန္ဒ